www.burmeseclassic.com

ရွှေပဒေသာစာပေ

# ခေတ်ပျိုဖြ

အသည်းစားနက္ခတ်

(အပြင်းစား၊ အချစ်လုံးချင်းဝတ္ထု၊ ၃၁၆)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊<br>၂၀၁၅ မတ်လ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း။<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် ၃၃၊ ကျိုတော်လမ်း။<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - ၁၂၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅ ၈၃

ခေတ်ပိုဖြူ

အသည်းစားနက္ခတ်/ ခေတ်ပိုဖြူ - ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၄ ။

၂၄၇ - စာ ၊ ၁၂·၃ × ၁၈ စင်တီ။

(၁) အသည်းစားနက္ခတ်


# ခေတ်ပိုဖြူ

# အသည်းစားနက္ခတ်

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ထက်မြက်က စေတနာနဲ့ပြောတာကို သားဘက်က အကောင်းမမြင်နိုင်တာ မှားတယ်ကွ၊ အရွဲ့တိုက်တာ ကောင်းတဲ့အမူအကျင့် မဟုတ်ဘူး။ ကိုယ့်အတွက် ဘာအကျိုးမှမရှိစေတဲ့အလုပ်ကို သားလုပ်လိုက်တာပဲ"

ထုံးစံအတိုင်း လေးနှိုင်းရဲ့ဆုံးမစကားတွေကို နားထောင်နေပြန်သည်။

လေးနှိုင်းရဲ့အသံဟာ လေးနှိုင်းရဲ့စိတ်နှလုံးသားအတိုင်း နူးညံ့ညင်သာပေမယ့် ထက်မြက်နှင့်ပတ်သက်လာရင် သူ့အပေါ်မှာပဲ အပြစ်မြင်တတ်တယ်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ့အမှားလား။ အဲဒါကြောင့်လည်း တခြားကိစ္စတွေမှာ သူ့ဘက်က တမင်ပဲ အရွဲ့တိုက်ကာ ဆန့်ကျင်တုံ့ပြန်မိခဲ့သည်။

"နှစ်ယောက်တည်းရှိတာကို သင့်သင့်မြတ်မြတ်နေတာပဲ လေးနိုင်မြင်ချင်တယ်ကွာ၊ သားထက် ထက်မြက်က အသက်ကြီးတယ်၊ အဲဒီတော့ အကြီးပြောစကားကို အငယ်က နားထောင်ရမှာပဲလေ"

"ထက်မြက်နဲ့သားက တစ်လအတိပဲကွာတာပါ လေးနိုင်ရာ"

ဘာမဟုတ်တဲ့အသက် ကွာခြားမှုလေးကိုပဲ လေးနိုင်က အမြဲပြောနေတော့ သူ မခံမရပ်နိုင်ဘဲ ပြန်ပြောလိုက်သည်။

လေးနိုင်ရဲ့ မျက်ခုံးထူထူထဲထဲတွေ တွန့်ကုပ်သွားရင်း –

"ကိုယ့်ထက် တစ်ရက်, တစ်မနက်, တစ်နာရီကြီးတဲ့သူကို ရိုသေလေးစားရမယ် သား။ ထက်မြက်က သားရဲ့အစ်ကိုတစ်ယောက်လို့ စိတ်က သတ်မှတ်ထားရမယ်"

လေးနိုင်ရဲ့ဆုံးမစကားတွေကို ပြန်ချေပနေရင် ဆုံးနိုင်တော့မှာ မဟုတ်တာမို့ သူ ငြိမ်သက်နေလိုက်သည်။

ထက်မြက်နှင့် သူ့ကို လေးနိုင်က သားအရင်းတွေလို ချစ်တာကိုတော့ သူသိပါတယ်၊

ဒါပေမဲ့ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ နေနေပေမယ့်





ထက်မြက်သုနှင့် မင်းဂုဏ်ရှိန်ဆိုတဲ့ တူနှစ်ယောက်ကို လေးနိုင်က စောင့်ရှောက်မွေးစားခဲ့သည်လေ။

သူနဲ့ထက်မြက်ဟာ ညီအစ်ကိုဝမ်းကွဲတွေ တော်စပ်တယ် ဆိုပေမယ့် ဇာကယ်ဆို သွေးဝေးကြတာကို သူသိထားပါသည်။

သူနှင့်လေးနိုင်ကမှ တကယ့်သွေးသားရင်းချာတွေ။

ထက်မြက်က လေးနိုင်ရဲ့မွေးစားညီက မွေးတဲ့သားဆိုတော့ သွေးဝေးတယ်လေ။

ဒါပေမဲ့ လေးနိုင်က ထက်မြက်ကို သိပ်အခရေးပေးလွန်းတော့ သူ မကျေနပ်တာတော့အမှန်။

"မင်းဂုဏ်ရှိန်"

လေးနိုင် အသံခပ်မာမာခေါ်သံကြောင့် သူ့အတွေးတွေ လွင့်ထွက်သွားရကာ –

"လေးနိုင် ဘာပြောချင်လို့လဲ"

လေးနိုင်က ခေါင်းကိုခါယမ်းကာ ပင့်သက်ရှိုက်ရင်း သူ့ကို စိတ်ပျက်သလို မျက်ဝန်းတွေနဲ့ ကြည့်လာသည်။

"လေးနိုင်ကတော့ အာပေါက်အောင် ဆုံးမနေတယ်၊ ဒါပေမဲ့ မင်းနားထဲမရောက်ဘူး"

"လေးနိုင်ကလည်းဗျာ ... သား နားထောင်နေတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နားကသာ နားထောင်နေတာလေ၊ ဦးနှောက်ထဲကိုမှ မရောက်တာ"

"အာ ရောက်ပါတယ်ဗျ၊ လေးကလည်း"

"ဒါ ... ဒါဆို ခု လေး မင်းကိုဘာမေးတာလဲ"

"အဲ ... အာ ဘာမေးလိုက်တာလဲ လေး။ ဟဲ ဟဲ ... သား အတွေးလွန်သွားလို့ပါ"

သူ တဟဲဟဲနှင့်ရယ်ရင်း မေးလိုက်သည်။

လေးနိုင်ကတော့ သူ့ကိုကြည့်ရင်း စိတ်ပျက်နေပုံရသည်။

အင်းလေ ... သူကလည်းသူပါပဲ၊

လေးနိုင် ဆုံးမနေတာကို အလေးမထားသလို ဖြစ်သွားတာကိုး။

"ကဲ ... သွား။ အဝတ်အစားလဲပြီး ရေချိုးတော့၊ ပြီးရင် ထမင်းစားမယ်"

"ဟုတ်ကဲ့"

ခေါင်းညိတ်ကာ စားပွဲပေါ်တင်ထားသော I-Phone 5 လေးနှင့် ကားသော့ကိုယူကာ အပေါ်ထပ်သို့ တက်ခဲ့သည်။

လေးနိုင်တစ်ယောက်တော့ သူ့ကိုကြည့်ရင်း သက်ပြင်းချနေမည် ထင်သည်။





ဟူး ...

လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

သံယောဇဉ်မထားချင်တာမို့ တစ်ယောက်တည်း နေဖြစ်ခဲ့ပေမယ့် မိဘမဲ့တူလေးတွေနှင့် ပတ်သက်လာတော့ သူ့ဆန္ဒတွေ ပျက်ရပြန်သည်။

သူ့အစ်ကိုဝမ်းကွဲ မင်းဂုဏ်ရှိန်ရဲ့အဖေ ဆုံးပါးသွားတော့ ဂုဏ်လေးခမျာ တွယ်ရာမဲ့ဘဝ ရောက်ခဲ့သည်။ အမေက ငယ်ငယ်ကတည်းက ဆုံးသွားရှာသူမို့ ဂုဏ်လေးကို စာနာသနားမိကာ သူ မွေးစားခဲ့တော့ ငါးနှစ်သားအရွယ်သာ ရှိသေးသည်။

ဂုဏ်လေးကို သူ့သားအရင်းတစ်ယောက်လို ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ငါးနှစ်သားအရွယ်ကတည်းက အတူနေလာတာမို့ သံယောဇဉ်လည်း တွယ်မိပြီ။

ဒါပေမဲ့ နောက်ထပ် သံယောဇဉ်တစ်ခုက သူ့ကို လာနှယ်ပြန်သည်။

သူကတော့ ထက်မြက်သူ။

ထက်မြက်ရဲ့မျက်နှာကို မြင်လိုက်ကတည်းက သူ သတိရလိုက်မိတာ ထင်ရှားရဲ့မျက်နှာ။

အဖေတူသားထက်မြက်ကတော့ ဂုဏ်လေးထက်ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှာပါသေးသည်။

ထက်မြက်က မိဘနှစ်ပါးနှင့် ကိုးတန်းကျောင်းသားအရွယ် အထိ နေထိုင်ခဲ့ရသေးသည်။ ထက်မြက်ကိုးတန်းစာမေးပွဲဖြေပြီးစမှာပဲ ထင်ရှားတို့လင်မယား ကား Accident နှင့် ကွယ်လွန်သွားခဲ့သည်။

တစ်ယောက်တည်းသော ဆွေမျိုးရင်းချာလို့ သတ်မှတ်လို့ ရသော သူ့ဆီကိုပဲ တာဝန်တွေက ကျလာသည်။

ထက်မြက်ကို သူကပဲ တာဝန်ယူစောင့်ရှောက်ပေးဖို့ ရှေ့နေကြီးက မေတ္တာရပ်ခံလာသည်။

"သူ့မိဘတွေဆုံးပါးသွားပြီဆိုတော့ ထက်မြက်သုကို စောင့်ရှောက်ပေးဖို့ ကြားက ကျွန်တော်ကပဲမေတ္တာရပ်ခံပါတယ် ဦးနိုင်မင်းခန့်ရယ်၊ ထက်မြက်ရဲ့မိဘတွေက သူ့အတွက် အမွေတွေကို အသက်နှစ်ဆယ့်သုံးနှစ်ပြည့်မှ လွှဲပေးဖို့ စီစဉ်ထားခဲ့တယ်လေ၊ အဲဒီကာလ မရောက်ခင်အထိတော့ စောင့်ရှောက်ပေးပါဗျာ"

ဘာပဲဖြစ်ဖြစ် ထင်ရှားရဲ့သွေးသားဆိုတဲ့ အသိတစ်ခုတည်းနှင့် သူ လက်ခံပေးခဲ့သည်။

ထက်မြက်က လိမ္မာပြီး နာမည်နှင့်လိုက်အောင် ထက်ထက်မြက်မြက်ရှိသည်။ နည်းပညာတက္ကသိုလ်မှ ဘွဲ့ရပြီး သင်တန်းတွေ တက်ကာ လက်မှတ်တွေစုနေသည်။





အချိန်တန်လို့ မိဘအမွေကို သူ့အတွေ့အကြုံနှင့် ပေါင်းစပ်ကာ လုပ်ငန်းကြီးတစ်ခုလုပ်မည်ဆိုတာ ထက်မြက်၏ရည်ရွယ်ချက်ပင် ဖြစ်သည်။

ခက်နေတာက မင်းဂုဏ်ရှိန်ပဲဖြစ်သည်။ ပညာရေးမှာလည်း ရိုးရိုးဘွဲ့တစ်ခုသာ ပိုင်ဆိုင်ပြီး ထက်မြက်တက်သမျှ သင်တန်းတွေကို လိုက်တက်ကာ ဘယ်တော့မှလည်း ပြီးဆုံးအောင်မတက်ပေ။

ယောကျ်ားလေးတန်မဲ့ အလှအပအလွန်ကြိုက်တာ အခုလည်း Model သင်တန်းတက်နေပြန်သည်။

ဂုဏ်လေးက မိန်းမချော ချောတာမို့ သူငယ်ချင်းမက ရည်းစားမကျဆိုသည့် ကောင်မလေးတွေလည်း ဒုနဲ့ဒေး။

စာရိတ္တမကောင်းသော ကောင်မလေးတစ်ယောက်ယောက်နှင့် ငြိသွားမှာကိုလည်း သူ့မှာ စိုးရိမ်နေရသည်။

"လေးနိုင် . . . ထမင်းစားရအောင်လေ၊ ကြီးခင် ထမင်းပွဲပြင်ထားပြီ"

သူ့အနားရောက်လာကာ ပြောသော ထက်မြက်၏အသံကြောင့် သူ့အတွေးစတွေ ပြတ်တောက်သွားရသည်။

"ဩော် အေး . . . စားမယ်လေ၊ ဂုဏ်လေးရော [illegible]ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ခရေချိုးခန်းထဲက ထွက်လာတာတော့ တွေ့တယ် လေးနိုင်"

"အေး . . . ဒါဆို လေးနိုင်သွားခေါ်ပြီး လာခဲ့မယ်"

"ဟုတ်ကဲ့ လေးနိုင်"

ခေါင်းညိတ်ကာ ထွက်သွားသော ထက်မြက်၏ကျောပြင်ကို ငေးနေမိသည်။

ရုပ်လက်တိုတွေနှင့် ပုဆိုးသာဝတ်တတ်သော ထက်မြက်၏ အသွင်က အေးချမ်းလှသည်။

ဂုဏ်လေးသာ ထက်မြက်လောက်လိမ္မာရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

❊ ❊ ❊



## အခန်း (၂)

♬ xxx မင်းရှိသည်ဖြစ်စေ xxx မင်းမရှိသည်ဖြစ်စေ xxx ဒါဟာ ငါ့ရဲ့ သစ္စာတရား xxx ♬

ရေချိုးခန်းထဲမှာ ဂျာနယ်ကိုယ်စီဖတ်နေကြစဉ် သူ့ဖုန်းလေးက မြည်လာသည်။ သူ့ဖုန်းက ထက်မြက်ထိုင်နေသောနေရာနှင့် နီးနေတာမို့ သူ တမင်မကိုင်ဘဲ ဂျာနယ်ကို ဆက်ဖတ်နေလိုက်သည်။

ဖုန်း Tone က အဆက်မပြတ်မြည်နေတာမို့ ထက်မြက်က သူ့ကိုကြည့်ကာ –

"ဂုဏ် . . . မင်း မကိုင်ချင်ရင် ပိတ်လိုက်လေ"

"မင်းနဲ့ နီးနေတာပဲ၊ မင်းကိုင်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်က ခေါင်းညိတ်ရင်း –

"OK . . . ငါ ကိုင်လိုက်မယ်"

ပြောပြီး ထက်မြက်က ဖုန်းကိုဖွင့်လိုက်သည်။

"ဟယ်လို"

"– – –"

"မဟုတ်ဘူးဗျ၊ ကျွန်တော်က သူ့အစ်ကိုပါ"

ဟွန်း . . . တစ်လလောက်ကြီးတာကိုများ အစ်ကိုဖြစ်ချင်နေသေး တယ်။

"– – – –"

"ခဏနေဦး"

"ရော့ . . . မင်းနဲ့ပြောချင်တာတဲ့"

ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ နဒီဆီက။

"အေး . . . ပြော နဒီ"

"– – – –"

"ငါ မအားဘူးကွ၊ တကယ်"

"– – – –"

"Show လျှောက်ရမှာလေ၊ ဟုတ်တယ် Sunday"

"– – – –"



"ကြည့်ချင်ရင် လာကြည့်ပေါ့ကွာ"

"– – – –"

"အိုကေ အိုကေ"

ဖုန်းကိုပိတ်လိုက်ပြီး ဂျာနယ်ကိုယူကာ သူ့အခန်းထဲသို့ သွား ရန် ထအရပ် –

"ဂုဏ် . . . စောစောကဖုန်းဆက်တာ ယွန်းနဒီချိုဆိုတဲ့ တစ်ယောက်လား"

"အင်း . . . ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"အဲဒီကောင်မလေးနဲ့ မင်း ဆက်တွဲနေတုန်းလား"

အဲဒီလိုလေသံတွေကိုပဲ သူ သဘောမကျတာ။ တကယ်ဆို အသက်ချင်းက ဘာမှကွာတာမဟုတ်ဘဲ သူ့ကိုယ်သူ အစ်ကိုကြီးစတိုင် နဲ့ ဝင်ဝင်ပြောတတ်တာ။

"ဘာလို့မေးတာလဲ၊ အဲဒါ ငါ့ Personal လေ"

သူ့လေသံမာဆတ်ဆတ်ကြောင့် ထက်မြက် မျက်နှာပျက် သွားတာကို ချက်ချင်းမြင်ပြင်က –

"ငါက ယောကျ်ားတန်မဲ့ ဝင်စပ်စုတာ မဟုတ်ဘူး ဂုဏ်၊ အဲဒီကောင်မလေးက လေညှင်းမလေး။ စရိုက်က ကောင်းတာမဟုတ် ဘူး။ ငါက မင်းအတွက် စိုးရိမ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် မင်းက စိုးရိမ်တယ် ... ဟုတ်လား"

ဖုန်းတွန်ကာပြောသော သူ့အသွင်က မထီတရီနှင့် လှောင်ပြောင်လိုသော အမူအရာနှင့်ဖြစ်သည်။

ထက်မြက်က သူ့ကိုကြည့်ရင်း ခေါင်းကို ခါယမ်းနေတာမို့ သူ စုတ်တစ်ချက်သတ်ကာ –

"ထက်မြက် ... မင်းနဲ့ငါက အသက်ကွာတာမဟုတ်ဘူးနော်၊ နေရာတကာ ဆရာကြီးအထာ လာမသွင်းနဲ့"

"ဒီသဘော မဟုတ်ပါဘူးကွာ၊ မင်းနဲ့ငါက ညီအစ်ကိုတွေလေ၊ အကျင့်ပျက် မိန်းမတစ်ယောက်ကြောင့် မင်း နစ်နာမှာစိုးလို့ပါကွာ"

လာပြန်ပြီ ဒီစကား။

ကိုယ့်ကို အရိပ်လိုကြည့်ပြီး လိုက်ပြောနေတာကိုပဲ ဒေါသဖြစ်နေတာလေ။

ထက်မြက်က ဆရာကြီးအထာနှင့်ပြောတော့ လေးနိုင်ကပါ ထက်မြက်ဘက်က ဝင်ပြောတတ်ပြန်သည်။

အားလုံးရဲ့အမြင်မှာ သူကပဲ ဆိုးသွမ်းမိုက်မဲနေတဲ့လူကြီးကို ဖြစ်လို့။ သူ့မှာ အသိတရားရှိတယ်ဆိုတာကိုတောင် သိကြရဲ့လား မသိ။





မျက်စိဒေါက်ထောက်ပြီးကြည့်နေရင်တော့ အပြစ်ပဲမြင်နေတော့မှာပေါ့၊

"အခု မင်းတွဲနေတဲ့ ယွန်းနဒီချိုဆိုတဲ့ ကောင်မလေးက ပွေလေးနော်၊ ငါတို့သင်တန်းက ဘဲတစ်ပွေနဲ့လည်း တွဲနေသေးတယ်"

ဒုတိယအကြိမ်မြောက် ကျွတ်ခနဲ စုတ်တစ်ချက်သပ်ရင်း ထက်မြက်ကို ပြန်စိုက်ကြည့်လိုက်ကာ –

"နေစမ်းပါဦး ... မင်းက ဘာလို့ အဲဒါတွေ ငါ့လာပြောနေရတာလဲ၊ ငါ့ဘက်က မင်းပြောတဲ့ကိစ္စတွေ လုံးဝ စိတ်မဝင်စားဘူး၊ ငါက ယောကျ်ားလေး၊ ဘာပဲဖြစ်ဖြစ် နစ်နာစရာအကြောင်းမရှိဘူး၊ အခု နဒီနဲ့ကလည်း အပျော်သဘောလောက်ပါပဲ"

"အပျော်လို့မှ တွေးထားရင်လည်း မတွဲတာ အကောင်းဆုံးပေါ့ကွာ၊ ယောကျ်ားလေးမို့ နစ်နာစရာမရှိဘူးဆိုပေမယ့် ယောကျ်ားလေးမှာလည်း သူ့သိက္ခာနဲ့သူတော့ ရှိတာပဲ"

"ဟွန်း ... အဲဒီသိက္ခာမျိုး ငါ့မှာ ပါမလာဘူးလို့ပဲ သဘောထားလိုက်ပေါ့ကွာ"

ယတိပြတ်ပြောပြီး သူ့လှည့်ထွက်ခဲ့လိုက်သည်။

ဒေါသနှင့်ပေါင်းစပ်ပြီး အလိုမကျမှုတွေ ရင်ထဲတွင်ပြည့်ကျပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာတော့ အမှန်ပဲ ဖြစ်သည်။

ဒါတွေအားလုံးရဲ့ အဓိက တရားခံဟာ ထက်မြက်ပဲ။

ရင်ထဲမှာ အမြဲတမ်း ထက်မြက်နှင့်ပတ်သက်ပြီး အလိုမကျ စိတ်တွေ ဝင်နေမိတာကပဲ သူ့ရဲ့အမှား ဖြစ်နေပြီလားမသိ။

လေးနိုင်ကတော့ ထက်မြက်ကို သူ့ထက်အထင်ကြီးအားကိုး နေတာကိုတော့ သူမကျေနပ်ပါ။

ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ထက်မြက်နှင့်ပဲ နှိုင်းယှဉ် နေတာက ခံရခက်စရာကြီးဖြစ်နေသည်။

ဒါကြောင့်လည်း သူက လေးနိုင်နှင့်ထက်မြက်တို့ မကြိုက် မနှစ်သက်တာတွေကို တစ်ခုပြီးတစ်ခု တမင်လုပ်ပြနေမိတာပဲ ဖြစ် သည်။

ခပ်ကဲကဲကောင်မလေးတွေနှင့် တွဲတာကို လေးနိုင်မကြိုက် မှန်းသိတာမို့ တမင်တွဲပြမိသည်။ ထက်မြက်က တားမြစ်ဆုံးမတော့ ပိုအရွဲ့တိုက်မိသည်။

အခုလည်း နဒီနှင့်ကိစ္စမှာ ထက်မြက်က အကဲပိုစွာ တားမြစ် နေတော့ သူ့ဘက်က ဂရုမစိုက်သလိုအထာနှင့် ဆက်ပြီးတွဲပြဖို့ပဲ ရှိတော့သည်။

ယွန်းနဒီချို့ဆိုတာ ဘယ်လိုကောင်မလေးမျိုးလဲဆိုတာ သူ





သိပါသည်။

ရုပ်ရည်လေး ချောမောတာကလွဲလို့ ဘာအရည်အချင်းမှ မရှိသော ကောင်မလေး။

ယောကျ်ားလေးတွေဆီက သူမ လိုချင်တာ ရမည်ဆိုလျှင် သူမဘက်က ဘယ်အရာမဆို ပြန်ပေးဆပ်ဖို့ ဝန်မလေးသော စာရိတ္တ ပျက် ကောင်မလေးတစ်ယောက်ကို သူ့လိုလူမျိုးက တန်ဖိုးထား တိုးစားမည်တဲ့လား။

လေးနိုင်နှင့်ထက်မြက်တို့ မကြိုက်မှန်းသိလို့ တမင်ပတ်သက် ပြနေတာပဲ ဖြစ်သည်။ ဒီထက်ပိုတဲ့ရည်ရွယ်ချက် ဘာတစ်ခုမှမရှိတာ ကိုယ်တိုင်ပဲသိသည်။

သူ့ဘေးနားမှာ အရိပ်လိုကိုရှိနေတတ်တဲ့ ကောင်မလေးတွေထဲ က ယွန်းနဒီချို့ဆိုတာ သဲပွင့်လေးတစ်ပွင့်သာသာပါပဲ။

အလိုမရှိတဲ့အခါ ခါထုတ်ပစ်လိုက်ရုံပဲလေ။

အခုချိန်မှာတော့ ဒီသဲပွင့်လေးတစ်ပွင့်က ထက်မြက်တို့၊ လေးနိုင်တို့ အမြင်အာရုံထဲမှာ ရှိနေဖို့တော့ လိုအပ်သေးသည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟောကောင် . . . ဒါက ဘယ်လဲ၊ တစ်နေကုန်တစ်နေခန်း
လျှောက်သွားနေပြီး အိမ်ကိုကပ်တယ် မရှိဘူး"

အိမ်ထဲမှအထွက် ခြံထဲတွင် လမ်းလျှောက်နေသော လေးနိုင်
နှင့် ထိပ်တိုက်တွေ့တာမို့ လေးနိုင်က သူ့ကို မျက်မှောင်ကုတ်ကြည့်ရင်း
မေးလာသည်။

"လမ်းထိပ်မှာ စာအုပ်ငှားမလို့"

"မနေ့ကပဲ ထက်မြက်ငှားထားတဲ့စာအုပ်တွေ အများကြီး
ရှိတယ်မဟုတ်လား"

"အာ . . . လေးနိုင်ကလည်း ထက်မြက်ငှားလာတဲ့စာအုပ်





တွေက စီးပွားရေးလမ်းညွှန်, အောင်မြင်မှုလမ်းညွှန် အဲဒီစာအုပ်တွေ
ချည်းပဲ၊ သားက အဲဒီစာအုပ်တွေမှ မကြိုက်တာ၊ သားက အချစ်
ဆည်းပါ, ဗဟုသုတလည်းရတဲ့ ဇာတ်လမ်းခပ်မိုက်မိုက်တွေ ရေးတတ်
တဲ့ မင်းတခေတ်တို့, သိုးဆောင်းတို့ရဲ့စာအုပ်တွေကိုပဲ ကြိုက်တာ"

"မကြာနဲ့ဦး။ ထမင်းအတူစားမယ်၊ လက်ဖက်ရည်ဆိုင်ကို
လည်း ရောက်မသွားနဲ့ဦးနော်"

"ဟုတ်ကဲ့ပါ လေးနိုင်ရ"

ခေါင်းညိတ်ပြုံးပြပြီး စက်ဘီးစီးကာထွက်လာသော သူ့ကို
လေးနိုင် ငေးကြည့်နေမည်ဆိုတာကို သူသိပါသည်။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်ရှေ့သို့ရောက်တော့ နဒီ
တစ်ယောက်တည်း ထိုင်နေတာကို တွေ့လိုက်ရသည်။

သူက စက်ဘီးရပ်ပြီး နဒီရှေ့ကခုံတွင် ဝင်ထိုင်လိုက်ကာ—

"ဘယ်သူ့ကိုစောင့်နေတာလဲ နဒီ"

ဟုမေးရင်း လက်ဖက်ရည်ကျဆိမ့်တစ်ခွက် မှာလိုက်သည်။

"နင်က ဒီအချိန် ဒီဆိုင်မှာစောင့်နေလို့ တစ်နေ့ကပဲပြောထား
တယ်လေ"

"Sorry ပဲ နဒီရာ . . . ငါ တကယ်မေ့သွားတယ်၊ အိမ်မှာ
လေးနိုင်နဲ့ထက်မြက်က ငါ့ကို အချိန်ပြည့်ရစ်နေတာကွ၊ စောင့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီလား။ ခဏနော် . . . ငါ ဟိုဘက်ဆိုင်က စာအုပ်ငှားလိုက်ဦးမယ်”

လက်ဖက်ရည်ဆိုင်နှင့်တွဲလျက်ဖွင့်ထားသော စာအုပ်ဆိုင်မှ မင်းတခေတ်၏စာအုပ်အသစ်ကို ငှားကာ နဒီထံ ပြန်လျှောက်လာခဲ့လိုက်သည်။

နဒီက အလိုမကျသောမျက်နှာလေးနှင့် သူ့ကို ခပ်ငေးငေးလေး စိုက်ကြည့်ရင်း –

“ငါနဲ့ စကားပြောဖို့ နင့်မှာ အချိန်ရောရရဲ့လား”

“အကြာကြီးတော့ မရဘူးကွ၊ လေးနိုင်က ထမင်းစားစောင့်နေမှာ”

“အာကွာ . . . ငါ့မှာတော့ နင့်ကိုတွေ့ရဖို့ အကြာကြီးပဲ စောင့်နေလိုက်ရတာ၊ နင် အရမ်းရက်စက်တာပဲ”

“တောင်းပန်တယ်ကွာ နော်၊ ငါ စာအုပ်ငှားဖို့ဆိုပြီး ထွက်ခဲ့တာမို့ ပြန်မှဖြစ်မယ်ကွ”

“နင် Show လျှောက်တဲ့နေ့က ငါ သူငယ်ချင်းတွေနဲ့ လာအားပေးတယ်လေ၊ နင်က ဘာလို့ ငါ့ကို လာမနှုတ်ဆက်ရတာလဲ”

“သြော် . . . ဒါက ဒီအလုပ်ကို အဖွဲ့အစည်းနဲ့လုပ်တာလေ အပြင်ကို လုံးဝထွက်မရလို့ပါကွာ”

“ဟိုရက်တွေကလည်း နင့်ဆီကို ဖုန်းဆက်တာ ဖုန်း





ပိတ်ထားရတာနဲ့ မအားရတာနဲ့၊ အိမ်ကို ဆက်တော့လည်း နင့်အစ်ကိုနဲ့ တိုးတယ်”

“ထက်မြက်ကို ပြောတာလား။ အဲဒါ ငါ့အစ်ကိုမဟုတ်ဘူး။ လေးနိုင်ရဲ့ မွေးစားတူတစ်ယောက်ပါ”

“ဟုတ်လား . . . လေသံကတော့ မိုးပေါ်ကပဲနော်၊ မာထန်နေတာပဲ၊ ငါ့ကိုမကြည်တဲ့အသံနဲ့”

သူက ဟက်ခနဲ ရယ်လိုက်ကာ –

“သူကတော့ အဲလိုပဲလေ၊ ငါလည်း အဲဒီရက်တွေက မအားဘူးကွ၊ အလုပ်ရှုပ်နေတာ”

“ဘာပဲဖြစ်ဖြစ် ငါ့ဆီကိုတော့ ဖုန်းမဆက်ရင်တောင် Message လေးတော့ ပို့သင့်တာပေါ့”

နဒီက မကျေမနပ်ပုံစံလေးနှင့် ပြောသည်။

“ဂုဏ်”

“ဟင် . . . ဘာလဲ”

“ငါ့အတွက် နင် တစ်ခုခုတော့ ပြန်လျော်ကြေးပေးရမယ်နော်”

သူ့မျက်နှာကို ရူးစူးနစ်နစ်လေး စိုက်ကြည့်လာကာ နဒီက ဆိုလာတော့ သူက ပခုံးလေးတွန့်ကာ ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင့်ကို လျှော်ကြေးပေးရမယ် ... ဟုတ်လား။ ဘာပေးရမလဲ"

"အင်း ... နင်နဲ့အတူ Shopping ထွက်ချင်တယ်၊ ငါဝယ်သမျှကို ရှင်းပေးရမယ်"

ဒါပဲလေ။ နဒီဆိုတဲ့ ကောင်မလေးရဲ့အကျင့်က ရသမျှ အပိုင်ချွင်ဖို့ ကြိုးစားတတ်တာ သူမအကျင့်ပဲ။

မျက်နှာနနုဖပ်ဖပ်လေးနှင့် ယောကျ်ားအများစုကို ဆွဲဆောင်ပြီး လိုချင်တာရအောင် ဖြားယောင်းတတ်တာ။

"ဂုဏ်"

"ဟင်"

ခေါ်သံနှင့်အတူ သူတို့စားပွဲနား လာရပ်သော ထက်မြက်ကို သူ မော့ကြည့်မိသလို နဒီကလည်း စူးစိုက်ကြည့်နေသည်။

"လေးနိုင်က မင်းကိုခေါ်ခိုင်းလိုက်တယ်"

"အေး ... ငါ ခဏနေရင် လာခဲ့မယ်၊ ဒီမှာ စကားမပြတ်သေးလို့"

ထက်မြက်၏မျက်ဝန်းတွေက နဒီ့ကို အကဲခတ်နေသည်။ နဒီ့ရှေ့ လာပြီး ဆရာကြီးအထာ လာလုပ်နေတာမျိုးတော့ သူလက်မခံနိုင်တာအမှန်။





"သွားတော့လေ၊ ငါ လာခဲ့မယ်"

ထက်မြက်က ဘာမှထပ်မပြောတော့ဘဲ ရပ်နေဆဲပေမယ့် သူကတော့ တမင်ထိုင်ဖို့ မခေါ်ဘဲနေလိုက်သည်။ နဒီကတော့ တိတ်ဆိတ်စွာပဲ ဟိုကြည့် ဒီကြည့်ရင်း အကဲခတ်လို့နေသည်။

"ဪ နဒီ ... နင် မနက်ဖြန်အားရဲ့လား"

"အားတယ်လေ၊ ဘာလို့လဲ"

"နင် Shopping ထွက်ချင်တယ်ဆို၊ မနက်ဖြန်သွားရအောင်လေ"

ထက်မြက်ရှေ့မှောက်မှာမို့ သူ စိတ်ထဲရောက်လာသော အစီအစဉ်ကို ရေးဆွဲလိုက်မိသည်။ နဒီ့မျက်နှာ ချက်ချင်းဝင်းပသွားကာ–

"တကယ်ပြောတာလား ဂုဏ်၊ နင်က အရမ်းချစ်စရာကောင်းတာပဲ၊ ငါ ဘယ်ကစောင့်နေရမလဲ၊ ဘယ်အချိန်လဲ"

ငမ်းငမ်းတက်အမူအရာတွေနှင့် သရုပ်ပျက်နေသော နဒီကို စိတ်ထဲမှာ အထင်သေးနေပေမယ့် မျက်နှာပေါ်မှာတော့ အချိုဆုံးအပြုံးကို တပ်ဆင်ထားရင်း –

"ဒီကပဲ စောင့်လေ၊ ငါ ဝင်ခေါ်မယ်"

သူတို့ပြောနေကြတာကို ကြည့်ရင်း မတ်တတ်ရပ်နေသည့် ထက်မြက်ကိုတော့ သူရော နဒီပါ ဥပေက္ခာပြုထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ် ငါပြန်တော့မယ်"

"အေး . . . ပြန်လေ၊ ဒီမှာ ငါတို့စကားပြောလို့ မဝသေးလို့"

သူ အရွဲ့တိုက်ပြောလိုက်တာမှန်း ထက်မြက်ကတော့ သိနိုင်ပေမယ့် နဒီကတော့ ကျေနပ်ပီတိအပြုံးတွေဝေလျက် သူ့ကိုငေးမော ကြည့်နေခဲ့သည်။

ထက်မြက် ကျောခိုင်းလှည့်ထွက်သွားတာကို သူ ခပ်မဲ့မဲ့ ပြုံးရင်း ကြည့်နေစဉ် –

"ဂုဏ် မနက်ဖြန် အသေအချာနော်၊ ငါ တကယ် စောင့်နေမှာ"

"အရေးထဲ သူကတစ်မျိုး"

သူက ပြီးပြီးရော ခေါင်းညိတ်ပြရင်း ထိုင်ခုံမှ ထရပ်လိုက်သည်။

"ဟယ် . . . ပြန်တော့မှာလား ဂုဏ်၊ စကားပြောလို့ မဝသေးဘူးဆို"

နဒီနဲ့တော့ ခက်ပြီ။

အထူအပါး အရိပ်အကဲလည်း နားမလည်ပါလား။

"ဘာမှပြောစရာမှ မရှိတော့တာပဲကွာ၊ ပြန်မှဖြစ်မယ်၊ ထက်မြက်က အိမ်ရောက်ရင် လေးနိုင်ကိုမွှတော့မှာ သေချာတယ်၊ ပြန်မှကို





ဖြစ်တော့မှာ"

"အင်း . . . ဒါဆို မနက်ဖြန် ငါ စောင့်နေမယ်လေ"

သူ ပြီးပြီးရော ခေါင်းညိတ်ပြပြီး ထွက်လာခဲ့လိုက်သည်။ အိမ်မှာတော့ လေးနိုင်ကို ထက်မြက် ဘာတွေ ပြန်ပြီးတိုင်ကြားနေသည်မသိ။

သူ အိမ်ပြန်ရောက်တော့ လေးနိုင် ရှိမနေပါ။ အိမ်အကူကြီးခင်ကိုမေးကြည့်တော့ အလုပ်ကိစ္စကြောင့် အပြင်ထွက်သွားသည်ဟု ပြောသည်။

ထက်မြက်ကတော့ ညှို့ခန်းထဲတွင် စာအုပ်ဖတ်နေသည်။ သူက ထမင်းအရင်စားကာ ပြီးမှ ငှားလာသောစာအုပ်ကို ယူပြီး အခန်းထဲသို့ ဝင်ခဲ့သည်။

ဘယ်အချိန်ကြည့်ကြည့် စာအုပ်နှင့်မျက်နှာ မခွာတတ်သော ထက်မြက်ကို လေးနိုင်ကတော့ အထင်ကြီး သဘောကျနေမှာ သေချာသည်။

သူကတော့ ဘယ်တော့မှ အထင်ကြီးလာလိမ့်မည်မဟုတ်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရေစင်"

"ဟင်"

"ဘယ်လိုသဘောရလဲ"

သက်ထားဆွေ မေးလာတော့ သူမ မျက်နှာရှုံ့ကာ ခေါင်းခါလိုက်သည်။ မျက်နှာချင်းဆိုင်ထိုင်ခုံမှာထိုင်နေသော ချာတိတ်မက သူမနှင့် အသက်အရွယ်က ဘာမှကွာတာမဟုတ်။

အသက်ကို သူမ ရှာနိုင်းတာက ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက်ကို ဖြစ်သည်။ ဒါမှ သူမ စေခိုင်းရမှာ အားနာစရာမလိုဘဲ အဆင်ပြေနိုင်မည်။





သေသေချာချာ အကဲခတ်ကြည့်တော့ ကောင်မလေး၏ ရုပ်ရည်နှင့် အမူအရာက ပိုလို့ လက်ခံနိုင်ဖို့ခက်ခဲစေသည်။ သူမထံမှာ အိမ်မှုကိစ္စ လိုအပ်တာလုပ်ကိုင်ပေးမယ့်သူကိုလည်း ကြည့်ဦးလေ။

အသားအရေက ဝင်းပကြည်လင်နေသည်။ မျက်ဝန်းနက်ကလေးတွေ ကော့ပြီး ထူထဲသောမျက်တောင်၊ ဖြောင့်စင်းသောနှာတံ၊ နှုတ်ခမ်းထူအိအိလေးတွေနှင့် ချောမောလွန်းသော ကောင်မလေး။

ဝတ်ထားတဲ့အဝတ်အစားကလည်း နွမ်းဖပ်နေတာမဟုတ်ဘဲ Smart ကျပြီး သူမလေးနှင့် Perfect ဖြစ်လွန်းသည်။

ဒီလိုကောင်မလေးက သူမအိမ်မှာ အလုပ်လာလုပ်မည် ဆိုတော့ ယုံရခက်ခက်တောင်ဖြစ်နေမိသည်။

အိမ်ကပြေးလာတဲ့ အိမ်ပြေးလေးများလား။

"ရေစင် . . . ဘာတွေ တွေးနေတာလဲ"

အသက်က သူမပခုံးကို ခပ်ဖွဖွပုတ်ရင်း ထပ်မေးသည်။ ဒီတော့ သူမစိတ်ထဲမှာ ဘဝင်မကျနိုင်သောအချက်ကိုပဲ ပြောမိသည်။

"ကျွန်မက အသက်ငယ်ငယ် ကလေးမတစ်ယောက်ကိုပဲ လိုချင်တာလို့ ရှင့်ကို ပြောထားသားပဲ အသက်ရယ်"

"ဟယ် . . . ရှင်ကလည်း၊ သိပ်ငယ်လွန်းရင် ရှင့်အတွက် အဖော်ရမှာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



အသက်ကတော့ သူခေါ်လာသောသူကို သူမအတွက် အဆင်ပြေမည်ဟုပဲ ယုံကြည်ထားပုံနှင့် တိုက်တွန်းစကားတွေ ဆိုနေတာမို့ –

"သူက ဘာတွေလုပ်တတ်လို့လဲ"

"လုပ်တတ်တယ်၊ ထမင်းဟင်းလည်း ချက်တတ်တယ်၊ အိမ်မှုကိစ္စတွေလည်း ကျွမ်းကျင်တယ်ကွယ်၊ ရှင့်အတွက်လိုအပ်တာ အဲဒီလိုလူမျိုးပဲ မဟုတ်လား"

"တကယ် မထင်ရဘူးနော်"

မလိုလားမှုတွေ ပြေလျော့သွားခဲ့ကာ သူမ ကောင်မလေးကို ပြုံးပြီးကြည့်မိသည်။ သူမအပြုံးနှင့် သူမ၏အကြည့်ကြောင့် ကောင်မလေးက မျက်ခုံးလေးတွန့်သွားကာ –

"မရေစင်က ကျွန်မကို မယုံကြည်ဘူးထင်တယ်"

ကောင်မလေး၏စကားကြောင့် သူမအပြုံးတွေကို ချက်ချင်းရုပ်သိမ်းပြီး လက်ကာလိုက်ရင်း –

"နိုး နိုး ... မဟုတ်ပါဘူးဟယ်၊ တို့က မင်း ချက်တတ်ပြုတ်တတ်တယ်ဆိုတာကို အံ့ဩမိလို့ပါ၊ အခုခေတ်မှာ ဘယ်မိန်းကလေး ငယ်ငယ်လေးတွေမှ အိမ်မှုကိစ္စ မနိုင်နင်းကြတော့ဘူးလေ။ မင်းလို အမိုက်စားလေးတွေဆိုရင် ပိုဆိုးတာပေါ့"





"အမိုက်စားလေးတွေမို့ အိမ်မှုကိစ္စမနိုင်နင်းဘူးလို့ ပြောလို့မရတော့ပါဘူး။ အဓိကကတော့ စိတ်ဓာတ်ပါပဲ၊ မိန်းကလေးမှန်ရင် အိမ်ထောင်မှုတော့ ထိန်းသိမ်းတတ်ရမှာပေါ့"

ဒီကလေးမ စကားသိပ်ကြွယ်ပါလား။

ဒါပေမဲ့ နည်းနည်းတော့ ဂျစ်ကန်ကန်နိုင်သည်ဟု သူမ ထင်မိသည်။

"ဒါနဲ့ မင်းနာမည်က"

"နန်းစံထိပ်ထားပါ"

အသက်က ကြားက ဝင်ပြီးဖြေတော့ သူမ မျက်လုံးလေး ပြူးသွားရသည်။

နာမည်ကလည်း အမိုက်စားပါပဲလား။

"ကဲ ... ဘယ်လိုလဲ ရေစင်။ ရှင့်ရဲ့ Interview ပြီးရင် နန်းစံကို လက်ခံ,မခံ ကျွန်မသိချင်တယ်"

အသက်ကတော့ စိတ်မရှည်စွာ ပြောလာခဲ့သလို သူမရှေ့မှ နန်းစံထိပ်ထားဆိုသည့် မင်းသမီးလေးကလည်း သူမ မျက်ဝန်းတွေထဲ စိုက်ကြည့်ကာ အဖြေကို စောင့်မျှော်နေခဲ့သည်။

ကောင်မလေးပုံစံက ဂျစ်ကန်ကန်ပုံစံလေးဆိုပေမယ့် သူမအတွက် စားသောက်မှုကအစ အဆင်ပြေအောင် ကူညီပေးနိုင်မယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့လည်း ငြင်းစရာမရှိတာတော့ အမှန်ပင်။

"အင်းလေ ... စိတ်တော့မဆိုးနဲ့ကွယ်၊ ကျွန်မ တစ်လလောက်တော့ အစမ်းခန့်ကြည့်မယ်၊ အဆင်ပြေတယ်ဆိုရင် ပြီးပြီပဲ"

သူမစကားကြောင့် အသက်က ကောင်မလေးကို လှမ်းကြည့်သည်။ ကောင်မလေးကလည်း ချက်ချင်းခေါင်းညိတ်ကာ –

"ဖြစ်ပါတယ်၊ မရေစင်မကြိုက်ရင် ဖြုတ်နိုင်ပါတယ်၊ ကျွန်မဘက်က လိုအပ်တာ တာဝန်ကျေစေရမယ်"

ရဲရဲတွံ့တွံ့ ကတိပေးတော့ သူမ ကျေနပ်သွားရသည်။ အသက်ကလည်း ခေါင်းညိတ်ထောက်ခံရင်း –

"ဒါဆို ပြီးပြီပေါ့၊ နန်းစံက ဘယ်တော့ ရေစင်ဆီ စလာမလဲ"

"ကျွန်မဘက်ကတော့အသင့်ပဲ မမသက်၊ ဒီနေ့ဆိုရင်လည်း ဒီနေ့ဖြစ်တယ်"

"အိုကေ၊ ရေစင်ဘက်က ဖြစ်ချင်တာက"

အသက်က သူမဘက်လှည့်ပြီးမေးတော့ သူမက ခေါင်းညိတ်ပြရင်း –

"အိုကေလေ၊ အဆင်ပြေတယ်ဆိုရင် ဒီနေ့ပဲလာခဲ့ပေါ့။ ဒီအိမ်မှာက တို့တစ်ယောက်တည်းနေတာ၊ မင်းအတွက် နေဖို့ထိုင်ဖို့





ပြဿနာမရှိဘူး။ ကြိုက်တဲ့အခန်းမှာ နေနိုင်တယ်"

"ကျေးဇူးတင်ပါတယ် မရေစင်"

"နန်းစံ ... တို့ မင်းကို နန်းစံလို့ခေါ်မယ်၊ မင်းကလည်း တို့ကို စင်စင်လို့ပဲခေါ်ပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ စင်စင်၊ ဒါဆို ကျွန်မကို ပြန်ခွင့်ပြုပါဦး။ ဟိုတယ်က ကျွန်မပစ္စည်းတွေသိမ်းပြီး သုံးနာရီအတွင်း ပြန်လာခဲ့ပါ့မယ်"

နန်းစံထိပ်ထားက သူမကို နှုတ်ဆက်သလို အသက်ကိုလည်း နှုတ်ဆက်ကာ ဧည့်ခန်းထဲက ထွက်သွားသည်။ ဒီတော့မှပဲ သူမက အသက်ကို ပွင့်ပွင့်လင်းလင်း မေးရတော့သည်။

"အသက် ရှင့်ကောင်မလေးက ဘယ်ကလဲ၊ အိမ်က ဆင်းလာတဲ့ အိမ်ပြေးလေးလား"

"အဲဒီလိုပဲ ပြောရတော့မှာပေါ့ဟယ်၊ သူ့အဖေနဲ့ ပြဿနာဖြစ်ပြီး အိမ်ပေါ်ကဆင်းလာတာ၊ အခု ဟိုတယ်နေနေတာတဲ့၊ မမျှော်လင့်ဘဲ ကျွန်မနဲ့ဆုံပြီး ရှင်ကလည်း ရှင့်အိမ်အတွက် ကောင်မလေးတစ်ယောက် ရှာနိုင်းနေတော့ စကားစပ်မိပြီး အဆင်ပြေသွားတာ"

"ဟဲ့ ... ကြည့်လည်းလုပ်ဦးနော်၊ ပြဿနာတွေပါလာရင် ခက်မယ်"

"အဲဒါတော့ စိတ်ချပါဟယ်၊ နန်းစံနဲ့ငါက သိနေတာကြာလှ



www.burmeseclassic.com

www.burmeseclassic.com



ပြီ LCCI တက်တုန်းကလေ၊ တကယ်ကို ဖြူစင်ပြီး လူ့အရိပ်အကဲကို နားလည်တဲ့ ကောင်မလေးပါ''

''ပုံစံလေးကတော့ ဂျစ်ကန်ကန်လေးပဲ၊ ဒါနဲ့ သူ့အိမ်နဲ့ ဘာပြဿနာဖြစ်ကြလို့လဲ''

''ဒါတော့ ကျွန်မလည်း မမေးမိဘူး၊ မမေးသင့်ဘူးလို့လည်း ထင်တယ်လေ၊ သေချာတာကတော့ နန်းစံရဲ့ ရိုးသားမှုနဲ့ စာရိတ္တကို ကျွန်မဘက်က အပြည့်အဝ အာမခံပါတယ်ဟယ်၊ ရှင့်အနေနဲ့ ကူညီပေးလိုက်ပါ၊ နန်းစံအတွက် အလုပ်လေးရော ဝင်ငွေရော နေစရာလေးပါရတော့ အဆင်ပြေတာပေါ့''

''အေးလေ . . . ကျွန်မကလည်း ကျွန်မအိမ်မှာမရှိတဲ့အချိန် အိမ်ကိုစောင့်ရှောက်ဖို့နဲ့ လက်တိုလက်တောင်းခိုင်းဖို့ပဲ လိုတာပါ၊ ရှင့်ကောင်မလေးက ချက်တတ်ပြုတ်တတ်တယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့''

''အေး . . . ရှင်တို့ချင်း အဆင်ပြေမှာပါ၊ ကဲ . . . ကျွန်မပြန်မယ် ရေစင်၊ ရှင် ကိစ္စရှိရင် Contant လုပ်လိုက်ပေါ့''

''အိုကေ''

အသက်က နှုတ်ဆက်ကာပြန်သွားတော့ သူမတစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ခဲ့ရသည်။





နန်းစံကတော့ သုံးနာရီအတွင်း ပြန်လာမယ်တဲ့။

ဘာပဲဖြစ်ဖြစ် ညနေ မိုးခန့်ဆီကို သူမ သွားရဦးမည်။

ထိုအချိန် အမိပြန်ရောက်လာရင် ပြီးတာပါပဲ။

အတွေးတွေ မဆုံးခင်မှာဘဲ စားပွဲပေါ်မှ သူမဖုန်းလေးက မြည်လာတာမို့ သူမ ကောက်ယူနားထောင်လိုက်မိသည်။

''ရေစင် . . . ကိုယ်ပါ''

''အင်း . . . စွမ်း ပြောလေ''

''မနက်ဖြန် ရေစင်အားရဲ့လား၊ အားရင် ရုပ်ရှင်ကြည့်ရအောင်လေ''

စွမ်း၏အမေးကို ချက်ချင်းအဖြေမပေးနိုင်ဘဲ မနက်ဖြန်အတွက် Time Table ကို ကသောကမျော ပြန်စဉ်းစားကြည့်ရသေးသည်။

မနက်ပိုင်းက ဝသုန်နှင့် Breakfast စားရန် ချိန်းထားသည်၊ နေ့လယ်ပိုင်းက အားပေမယ့် မွန်းနှင့် Dinner စားရန် ချိန်းထားမိပြန်သည်။

''ရေစင်''

''Sorry ပဲ စွမ်းရယ်၊ ရေစင် မနက်ဖြန် မော်ဘီက အဒေါ်တစ်ယောက်ဆီကို သွားရမှာ၊ မအားဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ရေစင်ကတော့ လုပ်ပြီကွာ"

"အားတဲ့နေ့ ဖုန်းဆက်လိုက်မယ်လေ ... နော် စွမ်း"

"ကောင်းပါပြီဗျာ၊ ကိုယ် စောင့်နေမယ်နော်"

"အိုကေပါ စွမ်း"

ချစ်ရေစင်ဆိုတဲ့သူမမှာ ချစ်ရေစင်တွေ ဖျန်းပက်ထားသည့် ချစ်သူတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။

သူမကလည်း လူတွေ ဝိုင်းချစ်ခံရသော အရသာကို ကြိုက်နှစ်သက်သူမို့ ဒီဘဝ ဒီအနေအထားကို ပျော်ပါသည်။

သူမတွင် လက်ရှိ ချစ်သူလေးယောက်ရှိသည့်အတွက် အံ့ဩနေကြမလား။

တစ်ယောက်နှင့်တွဲသွားရင် နောက်တစ်ယောက် တွေ့မှာကို စိုးရိမ်ပြီး ရှောင်တိမ်းရသည့်ဘဝကို စိတ်ကုန်ပေမယ့်လည်း သူမ ကိုယ်တိုင်ကိုက ချစ်သူတစ်ယောက်ယောက် မရှိရင် မနေတတ်တာ မခက်ပေဘူးလား။

❊ ❊ ❊



## အခန်း (၅)

ဒယ်ဒီ ...

မီးတစ်ယောက်တည်း အေးအေးဆေးဆေးနေချင်လို့ အိမ်က ခဏထွက်သွားတာနော်။ မီးမရှိတဲ့ ဘဝအစုံအစဉ်မှ ဒယ်ဒီ မလုပ်ဖို့ တောင်းပန်ပါတယ်။

မီး

သူ့အတွက် ထားရစ်ခဲ့သော သမီးရဲ့စာလေးက တိုတိုလေးပဲဖြစ်သည်။

သမီးထွက်သွားခဲ့တာ အခုဆိုရင် တစ်ပတ်ခန့်ရှိခဲ့ပြီ။ အခုထိလည်း ဖုန်းလေးတောင် မဆက်သွယ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ မရှိချိန်မှာ ဘာအစီအစဉ်မှ မလုပ်ဖို့ တောင်းပန်ထားခေ မယ့် ဒါဟာ စိန်ခေါ်စကားဆိုသွားခြင်းဆိုတာ ဦးနေအောင် သိနေခဲ့ သည်။

ကိုယ်မွေးထားတဲ့သမီးအကြောင်း ကိုယ်အသိဆုံးပဲလေ။ ဖူ က ငယ်သလောက် စိတ်ဓာတ်က မာကျောပြီး တစ်ဖွတ်ထိုးဆန်လှ သည်။

ဒီလို မာထန်သောစိတ်ဓာတ်ကြောင့်လည်း သမီး သူ့ကို ရဲရဲဝံ့ဝံ့ ဆန့်ကျင်သွားခဲ့တာလေ။

မိသားစုအရေးကိစ္စဟု သူ့ဘက်က ဘယ်လိုပဲ ဖြေရှင်းပြ သမီးက လက်မခံခဲ့ပါ။ သူ့ဘက်ကလည်း နောက်ဆုတ်ဖို့ ခက်ခ သည့်အခြေအနေဆိုတာ သမီးသိသည်။

အခုတော့ အိမ်မှာ ခဏထွက်သွားသည်ဆိုသော သမီး ရည်ရွယ်ချက်က တစ်ဘဝဖြစ်သွားမှာတော့ သူ တကယ်ပဲ ကြောက် ပါသည်။

တွေးရင်း ရင်ထဲမှာမောပြီး နံ့ချိုလာကာ ဆိုဖာပေါ်တွင် သူ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိသည်။

သမီးအသက်က နှစ်ဆယ်ကျော်ဆိုပေမယ့် သူ့အသက် လည်း လေးဆယ်ကျော်ရုံလေးပဲ ရှိသေးသည်။ အရွယ်တင်နုပျိုသေ





သူ့ရုပ်ရည်ကြောင့် မိန်းကလေးတွေက ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဟု ခေါ်ဝေါ်ကြသည်။

အဲဒီထဲကမှ –

“ချိတို့ လက်ထပ်ရအောင် အစ်ကိုရယ်၊ အခုပဲ ချိက သုံး ဆယ့်ခွန်ရှိနေပြီ၊ အစ်ကိုက လေးဆယ့်တစ်ထဲမှာလေ . . . နော်”

ချိုလှဲ့ဘက်က ပြောလာတော့လည်း မငြင်းနိုင်အောင် မှန်နေ ခဲ့သည်။ သူကိုယ်တိုင်ကလည်း အချစ်ကို ဒီအရွယ်ရောက်မှ ကိုးကွယ် မိတာကိုး။

သူ့ကိုစွန့်ပြေးပြီး တခြားယောက်ျားရင်ခွင်ထဲတွင် ပျော်နေ သော သမီး၏မိခင်ကို စိတ်နာမှုကြောင့် အလုပ်လည်းကောင်းကောင်း လုပ်မရဘဲ လုပ်ငန်းတွေ အရှုံးပေါ်ခဲ့သည်။

ကျဆင်းလာသော စီးပွားရေးအခြေအနေတွေက သူ့စိတ်ကို တွန်းအားပေးခဲ့တာလည်းပါသည်။

ဒီလိုအခြေအနေတွေမှာ ချိုလှဲ့လို ဥစ္စာပေါရုပ်ချော အပျိုကြီး ဟာ သူ့ရင်ခွင်ထဲ ဖွတ်တိုးဝင်လာခဲ့တော့ သူ မငြင်းပယ်နိုင်ခဲ့ပေ။

သမီးကို ဖွင့်ပြောမိတော့ သားသမီးတို့၏ထုံးစံအတိုင်း –

“အာ ဒယ်ဒီကလည်း . . . ဒီအရွယ်ရောက်မှ မိထွေးကို မေမေ မခေါ်ချင်ပါဘူး။ မာမီ့နေရာမှာ ဘယ်သူ့ကိုမှ မီး မမြင်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ တကယ်လိုအပ်တယ်ဆိုရင် မာမီ့ကိုပဲ ရအောင်ပြန်ခေါ်''

''အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့ သမီး။ ဟိုက အသစ်တောင် ရနေပြီ သူ့ဘက်ကတောင် ကင်းပြနေတာ၊ ဒယ်ဒီ့ဘက်က ပြန်ဆက်စရာလား။ ဒယ်ဒီ့ဒေါသကို လာမဆွနဲ့နော်''

''ဒါဆို မီးလည်း ဒီအကြောင်းတွေ မပြောဘူး။ ဒယ်ဒီလည်း လာမပြောနဲ့''

''မပြောလို့မှ မဖြစ်တာဘဲသမီးရယ်၊ ဒယ်ဒီတို့ စီးပွားရေး အခြေအနေက ကျဆုံးနိမ့်ရောက်နေတာလေ၊ ဒယ်ဒီလုပ်သမျှ ဘာတစ်ခုမှ အဆင်မပြေဘူး။ ဒီ့အတွက် စီးပွားရေးမှာ လာဘ်ကောင်းတဲ့ချိုလှဲ့က ကူညီပေးနေတာ''

''မီး လက်မခံဘူး ဒယ်ဒီ၊ ဒီစီးပွားရေး အဆင်မပြေရင် နောက်စီးပွား ပြောင်းလုပ်မယ်''

''စကားကို လွယ်လွယ်မပြောနဲ့သမီး၊ စီးပွားရေးလုပ်ငန်းဆိုတာ သမီးထင်သလို အလွယ်တကူပြောင်းလို့ ရတာမဟုတ်ဘူး''

''ဒယ်ဒီက မီးကို အကြောင်းပြချက်တွေပေးနေတာလား စီးပွားရေးကြောင့် အဲဒီအဒေါ်ကြီးကို ဒယ်ဒီလက်ထပ်လိုက်တယ်ဆိုတာကို ပတ်ဝန်းကျင်ကသိသွားရင် ဘယ်လိုလုပ်မလဲ၊ ဒယ်ဒီ့စီးပွားရေးတွေကို မီး ဦးဆောင်မယ် ဒယ်ဒီ၊ မီးကို ဒယ်ဒီ့မျက်စိထဲမှာ သမီးတစ်ယောက်လို မမြင်ဘဲ သားတစ်ယောက်လို မြင်ပေးစမ်းပါ ဒယ်ဒီရယ်''





အခုမှ အသက်နှစ်ဆယ်ကျော်ရုံသေးသော စိတ်ထားနုပြီး ခံစားချက်ပျော့သော ဒီကလေးဟာ မာယာများတဲ့ စီးပွားရေးလောကထဲကိုဝင်ပြီး ဦးဆောင်နိုင်ပါမည်တဲ့လား။

မဖြစ်နိုင်သောအခြေအနေကို သူသိနေတာမို့ ဖြစ်သင့်တာကိုပဲ သူရွေးချယ်မိသည်။

တကယ်ဆို ချိုလှဲ့က သမီးအပေါ်ကို သမီးရင်းတစ်ယောက်လို သံယောဇဉ်ရှိမှာ သူ အကြွင်းမဲ့ယုံပါသည်။ ပြောရရင် ချိုလှဲ့က တစ်ကိုယ်တည်း အပျိုကြီးမို့ သမီးနှင့် ပြဿနာဖြစ်စရာအကြောင်း မရှိပေ။

သူ့ရဲ့ရွေးချယ်မှုဟာ မမှားနိုင်ဘူးမို့ တိတ်တိတ်ကလေး ကျိတ်စိစဉ်နေတုန်းမှာပဲ သမီးက ဘယ်လိုဘယ်ပုံ ရိပ်မိသွားခဲ့သလဲ မပြောတတ်၊ ခါးခါးသီးသီးကို ပေါက်ကွဲပြဿနာရှာတော့သည်။

''ဒယ်ဒီက မီးကို အားမှမကိုးတာ၊ ကိုယ့်သားသမီး တစ်ယောက်လုံးရှိတာကိုတောင် တခြားမိန်းမတစ်ယောက်ကို အားကိုးနေတာ။ ဒယ်ဒီ့ကို ပတ်ဝန်းကျင်က ဘယ်လိုပြောနေကြလဲသိလား... ငြိမ်းသုံးတဲ့၊ မီး အရမ်းရှင်နာတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝပေါက်ကွဲပြီး ပြီးသွားလိမ့်မည်ဟု ထင်မိပေမယ့် စိတ်ထားနေသည်ဟု သူထင်ထားသော သမီးက သူ့ကိုထားရစ်ခဲ့တော့သည်။

သမီးက သူ့အတွက် ချန်ထားရစ်ခဲ့တာ စာတိုလေးတစ်စောင်ပဲ ဖြစ်သည်။

သမီးရဲ့သတင်းကို သူ စုံစမ်းကြည့်ပေမယ့် ဘာမှမကြားမသိရပေ။ အနည်းငယ်သာရှိသော သမီးရဲ့သူငယ်ချင်းတွေဆီမှာ စုံစမ်းတော့လည်း ရောက်မလာဟုသာ သိခဲ့ရသည်။

ဖုန်းကိုလည်း အိမ်မှာထားရစ်ခဲ့တာမို့ ဘယ်လိုမှ ဆက်သွယ်မရပေ။ ခံစားချက်တွေပေါက်ကွဲပြီး သမီးထွက်သွားတာ တစ်ပတ်ပြည့်ခဲ့ပြီဆိုတော့ ဖခင်ဖြစ်သည့် သူ့ရင်ထဲမှာ သောကတွေ ပိုလာရသည်။

ဒီကလေးမ စိတ်ထင်ရာလုပ်သွားရင် အခက်။

တွေးရင်း ရင်ထဲမောလာကာ ပင့်သက်ရှိုက်မိနေတုန်း သူ့ဖုန်းမြည်လာတာမို့ ကိုင်လိုက်သည်။

"ဟယ်လို . . . အမိန့်ရှိပါ"

"မီးပါ"

"သမီး သမီး . . . ဘယ်ကဆက်နေတာလဲ"

သူ ဝမ်းသာအားရနှင့် အလောတကြီး မေးလိုက်သံကို ပြန်ဖြေ





သော သမီးအသံကတော့ တည်ငြိမ်လွန်းလှသည်။

"နောက်တော့ သိရမှာပေါ့ ဒယ်ဒီရယ်၊ အခုတော့ မပြောချင်သေးဘူး။ ဒယ်ဒီ မီးထားခဲ့တဲ့စာကို တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် သမီးရယ်၊ ဒါပေမဲ့ သမီး ဒီလိုတော့ ရှောင်ထွက်မသွားသင့်ဘူး။ ဒယ်ဒီရဲ့အစီအစဉ်တွေက သမီးနဲ့ဒယ်ဒီအတွက် အကောင်းဆုံးပါ။ ဒယ်ဒီရယ်, ချိုလဲ့ရယ်, သမီးရယ် သုံးယောက်အတူ ကြိုးစားကြမယ်လေ၊ သမီး ဒယ်ဒီပြောတာကို နားလည်ရဲ့လား"

"ခေတ်ရှီးပဲ ဒယ်ဒီ၊ ဒယ်ဒီ့စကားက ဒယ်ဒီ့အစီအစဉ်ကို မပြောင်းလဲဘူးဆိုတဲ့သဘောလား"

"သမီးရယ်"

"ရပြီ၊ မီးနားလည်ပြီ ဒယ်ဒီ၊ ဒါဆိုလည်း ဒယ်ဒီနဲ့မီး ကိုယ့်ခံယူချက်နဲ့ကိုယ် ဆက်လုပ်ကြတာပေါ့"

သမီးရဲ့စကားတွေဟာ ယတိပြတ် စိန်ခေါ်နေခြင်းဟု သူ နားလည်လိုက်သည်။ သမီး နားလည်နိုင်အောင် သူ ဘယ်လိုပြောရမလဲဆိုတာ မစဉ်းစားတတ်အောင်ပါဘဲ။

"သမီး . . . ဒယ်ဒီ့ဆီ ပြန်လာခဲ့ပါ"

"သမီး အိမ်ကထွက်ခဲ့တာ တစ်လမပြည့်သေးပါဘူး ဒယ်ဒီ"

သမီးလေသံတွေက မာဆတ်ဆတ်နိုင်လွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်ပြီး ဖခင်အပေါ် အနိုင်ယူတတ်သောအကျင့်ဆိုးလေးကတော့ မပျောက်သေးပါလား။

တကယ်ဆို သမီးအပေါ်မှာ သူ့ဘက်က အမြဲတမ်းအလိုလိုက်ခဲ့မိတာ အမှားကြီးပဲလား။

ချော့မော့ပြီး စည်းရုံးလို့မရသောသမီးကို သူ တိုက်ကွက်ပြောင်းပြီး စည်းရုံးဖို့ ကြိုးစားမိပြန်သည်။

"သမီး . . . ညည်း ဒယ်ဒီ့ဆီကို ပြန်လာသင့်တယ်၊ သမီးကို ဘယ်သူက ရေရှည်တင်ကျွေးထားနိုင်မှာလဲ၊ အခု ကြည်ဖြူတောင် နောက် ဘယ်လောက်အထိ တာဝန်ယူထားနိုင်မှာလဲ"

"ဒယ်ဒီက မီးကို တော်တော်အထင်သေးတာပဲ၊ နန်းစံထိပ်ထားဆိုတဲ့ ဒယ်ဒီ့သမီးက ဘယ်သူ့ကိုမှ အားမကိုးတတ်ဘူးဆိုတာ ဒယ်ဒီ မေ့နေတာလား၊ အခု မီး ဘယ်သူ့ကိုမှ အားမကိုးဘဲ အလုပ်လုပ်ပြီး ရပ်တည်နေတာပါ"

ကြည့်စမ်း . . . ဒီကလေးရဲ့မာနတွေက သူ ထင်ထားတာထက်ကို ကြီးမားခိုင်ခန့်နေတာပါလား။

"နေပါဦး သမီးရယ် . . . သမီးက အလုပ်လုပ်နေတယ်ဆိုတော့ ဘာအလုပ်လုပ်နိုင်မှာမို့လဲ"

နှိမ်ချပြီးပြောတာမဟုတ်ပေမယ့် သမီးက သာမန်ဘွဲ့တစ်ခု





သာရပြီး LCCI တောင် ပြီးဆုံးအောင်မတက်တဲ့သမီးရဲ့ ပညာရေးဟာ အခုခေတ် ဘယ်အလုပ်နေရာမှာမှ လျှောက်လို့ရမှာမဟုတ်။

ဘုရား ဘုရား . . . သူ့ကိုအရွဲ့တိုက်ချင်စိတ်နှင့် သမီး မဟုတ်မဟပ်တွေများ လုပ်နေတာလား။

"ဒယ်ဒီက မီး ပညာအရည်အချင်းနဲ့ ဘာအလုပ်လုပ်နေတာလဲလို့ မေးချင်တာမဟုတ်လား။ ဟုတ်ပါတယ် ဒယ်ဒီ . . . ဒယ်ဒီတွေးသလိုပဲ မီးရဲ့အတတ်ပညာက အသုံးမကျဘူးပဲထားပါ။ ဒါပေမဲ့ မီးရဲ့ ခြေတွေ လက်တွေကတော့ အသုံးကျပါသေးတယ်၊ မိထွေးရဲ့လောင်းရိပ်အောက်မှာ ခိုစားနေရလောက်အောင် နန်းစံထိပ်ထားက မညံ့ဖျင်းသေးပါဘူး ဒယ်ဒီ"

သမီးလေသံတွေက သူ့အပေါ်မှာ မကျေမနပ်ဖြစ်နေတာ သိသာလွန်းနေသည်။ ဒီအရွယ် ဒီအချိန်ထိ သမီးအပေါ်မှာ သူ့ဘက်က မေတ္တာတရားတွေ စုပုံပြီး စောင့်ရှောက်ကျွေးမွေးခဲ့တာ သမီးမေ့ပစ်လိုက်ပြီထင်သည်။

သူ့မှာတော့ သမီးလေး၏ နောင်ရေးအတွက် စဉ်းစားလိုက်ရတာ၊ စိစဉ်လိုက်ရတာ။

သူမကတော့ သူ့ကို နားလည်ပေးဖော်မရပါလား။

"ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

"ပြောလေ သမီး"

"မီး ပြောနေတာတွေကို ဒယ်ဒီကြားရဲ့လား"

"ကြားတယ်၊ ညည်းက ဒယ်ဒီထင်ထားတာထက် ဆိုးနေလို့ ဘာပြောရမှန်းမသိဖြစ်နေတာ"

"ဒယ်ဒီက မီးကို ဆိုးတယ်လို့ထင်တယ်ပေါ့"

"ပြောစကားနားမထောင်ဘဲ အိမ်ပေါ်က ဆင်းသွားတာ ဆိုးတာပဲပေါ့၊ ပြီးတော့ သမီးက မိန်းကလေးလေ၊ သမီးဘဝ တစ်ခုခု ဖြစ်သွားရင် ဒယ်ဒီပဲ ရင်ကျိုးရမှာ"

"မီးကို ဒယ်ဒီ့အနားမှာရှိစေချင်ရင် ဒယ်ဒီ့အစီအစဉ်တွေကို အကုန်ဖျက်လိုက်ပါလား၊ ဒါဆို မီးတို့သားအဖနှစ်ယောက်စလုံး အရင်အတိုင်း ပြန်နေလို့ရတယ်၊ စီးပွားရေးကျဆင်းနေတာတွေက ပြဿနာမရှိပါဘူး၊ ငွေကြေးချမ်းသာမှုထက် စိတ်ချမ်းသာမှုကိုပဲ မီးက လိုချင်တာ"

သူ သက်ပြင်းချလိုက်မိသည်။ သမီးကတော့ သူပြောချင်တာတွေကိုပဲ ဖွင့်ပြောလို့နေသည်။

စိတ်ချမ်းသာမှုဆိုတာ ငွေကြေးမရှိဘဲနဲ့ ရနိုင်မှာတဲ့လား။ ပြီးတော့ အခု သူ စီစဉ်နေတာတွေကလည်း သမီးရဲ့ အနာဂတ်အတွက်က အဓိကဖြစ်သည်။

ဒါကို ရှင်းပြနေရင်လည်း ဒီကလေးမ လက်ခံမှာမဟုတ်။ ဖြစ်ချင်တာပဲသိပြီး ဖြစ်သင့်တာကို မတွေးတတ်သောသမီးကို သူ ဘယ်လိုများ ဖျောင်းဖျရမလဲ။

"ဒယ်ဒီ"

"ဒယ်ဒီနားထောင်နေတယ် သမီး"

"မီးပြောတာကို ဒယ်ဒီ ဘယ်လိုသဘောရသလဲ"

"မဟုတ်သေးဘူး သမီးရယ်၊ ဒယ်ဒီတို့က ဒီမှာ အားလုံး စီစဉ်ပြီးနေပြီ၊ အားလုံးစီစဉ်ပြီးမှ ဒယ်ဒီ့ဘက်က ဖျက်မယ်ဆိုရင် ဟိုဘက်က အသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာပြမလဲ၊ သမီး မိန်းကလေးချင်း ကိုယ်ချင်းစာပေးပါကွယ်"

"ဒါဆို မီးလည်း ဒယ်ဒီ့ဆီ ပြန်ရောက်ဖြစ်မှာမဟုတ်ဘူး၊ မီးအတွက်တော့ ဘာမှမပူနဲ့ ဒယ်ဒီ၊ ဒီမှာ မီးလုပ်စရာလေး ရှိသေးလို့"

ပြောချင်တာပြောပြီး သမီး ဖုန်းချသွားသည်။ သူ တစ်ယောက်တည်း ငူငူငိုင်ငိုင်နှင့် ရင်မောစွာ ကျန်ရစ်ခဲ့သည်။

ပြတ်သားသည့်သမီးရဲ့စိတ်ဓာတ်က ဒီနေရာမှာတော့ သူနှင့် သူတွန်းသည်ဟုပဲ သတ်မှတ်ရတော့မည်ထင်သည်။

ဒါပေမဲ့ ...







www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မပြတ်သားနိုင်ခဲ့ခြင်းဟာ နန်းစံထိပ်ထားဆို သော ချစ်သမီးလေးကို သူ့ဘဝဟု သတ်မှတ်ထားခဲ့ခြင်းကြောင့် ပါပဲ။

ဒါကို သမီးကတော့ သိနိုင်မည်မထင်။

❊ ❊ ❊



## အခန်း (၆)

လမ်းဘေး PCO ဆိုင်လေးထဲမှ ထွက်ခဲ့ချိန်၊ထိ ကျွန်မ ရင်ထဲမှာ ဝမ်းနည်းကြေကွဲနေမိသည်။

ဒယ်ဒီ့ဘက်က ကျွန်မ တွေးထင်ထားခဲ့သလို မဟုတ်ခဲ့ပါ။

ကျွန်မ မျှော်လင့်ထားမိတာက ဒယ်ဒီ ကျွန်မကိုသနားပြီး ဒေါ်ချိုလဲ့နှင့်အစီအစဥ်ကို နောက်ဆုတ်ပစ်မည်ဟု ထင်ထားမိသည်။ အခုတော့ ဒယ်ဒီ့ဘက်က နောက်ဆုတ်ဖို့လမ်း မမြင်ပါ။

တကယ်ပဲ ဒယ်ဒီ ကျွန်မကို စွန့်ပစ်ဥပေက္ခာပြုရက်နိုင်ပြီ လား။ တွေးရင်း ရင်ထဲမှာ ကြေကွဲဝမ်းနည်းချင်လာသည်။

ဒယ်ဒီ့အတွက် ကျွန်မဟာ တစ်ဦးတည်းသောသမီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သလို ကျွန်မအတွက်လည်း ဒယ်ဒီသည်သာ အားကိုးရာ ဖခင်တစ်ယောက် ဖြစ်ခဲ့ရသည်။

မာမီက ကျွန်မငါးနှစ်သမီးအရွယ်မှာပဲ ကျွန်မနှင့်ဒယ်ဒီ့ကို ထားရစ်ခဲ့ကာ လွတ်လပ်သောဘဝကို ရွေးချယ်သွားခဲ့စဉ် ကျွန်မအတွက် ဒယ်ဒီ့ကိုပဲ အချစ်ပိုခဲ့ရသည်။

ဒယ်ဒီနှင့်ကျွန်မတို့နှစ်ယောက်၏ မိသားစုဘဝလေး ပျော်ရွှင်နေချိန်မှာပဲ ဒယ်ဒီက နောက်အိမ်ထောင်ပြုဖို့ စီစဉ်နေခဲ့ပြီ။

ဒေါ်ချိုလဲ့ဆိုတာ ဒယ်ဒီရဲ့စီးပွားရေးပါတနာတစ်ယောက်လို့ပဲ ကျွန်မသိထားခဲ့တာပါ။

"ချိုလဲ့က ဒယ်ဒီ့စီးပွားရေးလုပ်ငန်းတွေကို အကြံပေးကူညီနေတဲ့သူလေ သမီးရဲ့၊ ဒယ်ဒီ့အပေါ်မှာ ကျေးဇူးတွေရှိတယ်၊ ဒယ်ဒီ့လုပ်ငန်းတွေ ပြန်မတ်လာအောင် သူပဲ ကူညီပေးခဲ့တာ၊ ချိုလဲ့က စီးပွားရေးမှာ လာဘ်ကောင်းတယ်၊ သူလုပ်သမျှ အဆင်မပြေဘူးဆိုတာ မရှိဘူး"

ဒယ်ဒီက ကျွန်မကို ပြောပြခဲ့စဉ်တုန်းက ရိုးသားစွာပဲ ကျွန်မခေါင်းညိတ်နားထောင်ခဲ့မိသည်။ ဒယ်ဒီ့စကားတွေကြောင့်လည်း ဒေါ်ချိုလဲ့ကို ကျေးဇူးတင်ခဲ့မိသည်။ အိမ်ကိုရောက်လာတိုင်း ကျွန်မဘက်က လေးစားခင်မင်စွာ ဆက်ဆံခဲ့သည်။





ဒါတွေက ဒယ်ဒီရဲ့မိတ်ဆွေ ကျေးဇူးရှင်အဖြစ်ကြောင့်သာ၊ ချိန်မှာ မိထွေးတော်လာမည်ဟု လုံးဝထင်မထားခဲ့ပါ။

ကျွန်မ ထင်မှတ်မထားသော အခြေအနေတွေကို ဒယ်ဒီပြောလာတော့ ကျွန်မဘက်က ခါးခါးသီးသီး ငြင်းခဲ့သည်။ ဒယ်ဒီက လေပြေအေးလေးနှင့် နားချစည်းရုံးတော့ ကျွန်မအိမ်ကို စွန့်ခွာခဲ့သည်အထိ ဆန္ဒကို ထုတ်ပြခဲ့သည်။

ရည်ရွယ်မိတာက ကျွန်မ အိမ်ကိုစွန့်ခွာဖို့ကြံရင် ဒယ်ဒီ့ဘက်က နောက်ဆုတ်သွားလိမ့်မည်ဟု။

အခုတော့ အခြေအနေတွေက ထင်သလိုမဟုတ်တာတော့ သေချာနေသည်။

ကျွန်မဘက်က လက်မြှောက်အရှုံးပေးကာ ဒယ်ဒီ့အရိပ်အောက် ပြန်ခိုဝင်ရမှာလား။

ဟင့်အင်း ... ဒီလိုတော့ မဖြစ်သင့်ဘူး။

ဒေါ်ချိုလဲ့ဆိုသော မိန်းမကြီးကို ကျွန်မဘက်က အရှုံးပေးခေါင်းငုံ့သလိုပဲ ဖြစ်နေလိမ့်မည်။

လက်ရှိမှာတော့ မမသက်ကျေးဇူးကြောင့် ကျွန်မအတွက် နေစရာ စားစရာ အဆင်ပြေနေသည်ပဲလေ၊

သေသေချာချာ တွေးကြည့်ရင်တော့ တော်တော်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည့်အလုပ်ပဲဖြစ်သည်။ ကျွန်မကို အိမ်မှာ ပင်းသမီးတစ်ပါး နေခဲ့သည့်သူက သူများအိမ်မှာ ချက်ပြုတ်ရေးကိစ္စတွေနှင့် သူ... စေခိုင်းတာလုပ်ဖို့အတွက် တာဝန်ယူရသည့်အဖြစ်။

ပွင့်ပွင့်လင်းလင်းနဲ့ မရှက်တမ်းဝန်ခံရရင်တော့ ကျွန်မဘဝ... အိမ်ဖော်သာသာပါပဲ၊

ဒါပေမဲ့ တစ်ဖက်က ပြန်တွေးကြည့်တော့လည်း ကျွန်... အတွက် နေထိုင်စားသောက်ရေးကအစ အဆင်ပြေတဲ့အပြင် လုံ... လည်း ရှိတာမို့ အဆင်ပြေပါသည်။

ဒယ်ဒီ့ဘက်က ဖေါ်ချို့လဲ့ကိစ္စမှာ နောက်မဆုတ်ခဲ့ရင် ကျွန်... ဘက်က ဘာဆက်လုပ်ရမလဲ။

အိမ်ကထွက်လာကတည်းက နောက်ဆုတ်ဖို့ ရည်ရွယ်ချ... ကျွန်မတွင် ပါမလာခဲ့ပါ။ ဒယ်ဒီကလည်း အိမ်က တစ်ခါမှ မခွာ... သည့်ကျွန်မ မိဘအရိပ်ကိုပဲ ပြန်ခိုလှုံလာမည်ဟု ထင်ထားမှာပေါ့...

ဒီတော့ ကျွန်မဘက်က နောက်ဆုံးအချိန်ထိတော့ ဒယ်ဒီ... ဆန့်ကျင်ပြဖို့ လိုအပ်သည်။

ဒါက ဒယ်ဒီ့ကို မချစ်လို့ ဆန့်ကျင်ပြနေတာမှ မဟုတ်တဲ့... ဘယ်သားသမီးမဆို မိဘွေးဆိုတာကို အလိုရှိမှာမဟုတ်။

ဒယ်ဒီနှင့်မာမီ့အခြေအနေက ပြန်ပေါင်းဖက်ဖို့ ဘယ်...





...ခံနိုင်ပေမယ့် ဒယ်ဒီ့ကိုတော့ မာမီ့လို တခြားလူနှင့် သံယောဇဉ် ...ယ်စေချင်ပါ။

အတွေးစတွေက ချစ်ရေစင်ဆိုသည့် ကျွန်မနှင့်မတိမ်းမယိမ်း ...ာက်သော ရှိမည့် မမချောချော၏ ခြံကြီးရှေ့သို့အရောက်တွင် လွင့် ...ယ်ကုန်သည်။

ချက်ဖို့ပြုတ်ဖို့ ဝယ်လာသော ဈေးခြင်းကို ဆွဲပြီး ခြံတံခါး ...ဝင်ခဲ့သည်။

ကျွန်မ ဈေးထွက်ဝယ်ရန် အတွက်တုန်းကတော့ စင်စင် ...သေးပါ။ ဒါကြောင့်လည်း ဧည့်ခန်းတံခါးရော ခြံဝင်းတံခါးပါ ...ခတ်ပစ်ခဲ့ရသည်။

ဧည့်ခန်းတံခါးဆီအရောက်မှာပဲ ဧည့်ခန်းဆိုဖာထိုင်ခုံပေါ်တွင် ...တ်လေးထိုင်နေသော စင်စင့်မျက်နှာ မှုန်ကုတ်ကုတ်ကို တွေ့ ...ရသည်။

ကျွန်မက ဧည့်ခန်းတံခါးသော့ကို ဖွင့်ဝင်လိုက်ရင်း –

"နိုးနေပြီလား စင်စင်"

"နာရီဝက်မကတော့ဘူး။ မင်း ဈေးသွားတာ ကြာလိုက်တာ"

"လမ်းလျှောက်သွားတာပဲလေ၊ ကြာမှာပေါ့။ ဝယ်တာလည်း ...တ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီဟယ်၊ ဒါနဲ့ စားပွဲပေါ်က ဓာတ်ဘူးထဲကကော်
က မင်းနှပ်ခဲ့တာလား"

"အင်း ... ဟုတ်တယ်လေ၊ စင်စင်နိုးလာရင်စားဖို့ ပေါင်
နဲ့ ကြက်ဥကြော်လည်း ထားခဲ့တယ်"

ကျွန်မစကားကြောင့် စင်စင့်မျက်နှာလေး မဲ့သွားကာ -

"ပေါင်မုန့်နဲ့ကြက်ဥကြော် ငန်တူးနေတာ တို့စားဖို့လ
ကော်ဖီမှာလည်း နို့ဆီတွေ ဘယ်လောက်တောင် ထည့်ထားတာ
မသိဘူး ... ချိုရဲနေတာပဲ၊ တို့ ဘာမှ စားမရဘူး။ တို့က ကော်
ခါးခါးလေးပဲ ကြိုက်တာ"

ကျွန်မ မျက်နှာပျက်သွားရသည်။ ကော်ဖီကို ကျွန်
ချိုချိုလေးပဲကြိုက်တာမို့ ကျွန်မအကြိုက်အတိုင်း ဖျော်ခဲ့ကာ ပေါ
နှင့် ကြက်ဥကြော်ကတော့ ဘယ်လိုကြော်ပြီး ဘာတွေထည့်ရမှန်း
လို့ ဆားထည့်လိုက်တာ များသွားသည်ထင်သည်။

"ဟို ကော်ဖီအချိုကြိုက်တယ် ထင်လို့ပါ၊ ပေါင်မုန့်ကလ
မကြော်တတ်လို့ sorry ပါနော်၊ စင်စင် ဘာမှမစားရသေးရင်
က မြေအိုးမြီးရှည်ဝယ်ခဲ့တယ်၊ ကျွန်မ ပြင်ပေးမယ်လေ"

"အေး ... မြေအိုးမြီးရှည်ကတော့ တို့ သိပ်ကြိုက်တ
ဒါပေမဲ့ စားချိန်မရတော့ဘူး၊ တို့ အခုပဲ အပြင်သွားရတော့မှာ



သော့ခတ်ခဲ့လို့ ထိုင်စောင့်တာ"

စင်စင်၏ စကားမဆုံးသေးခင်မှာဘဲ ဖုန်းကမြည်လာတာမို့-

"ဟယ်လို"

"---"

"ဆောရီး မွန်းရယ်၊ စင် အခုပဲလာမလို့၊ ဒီမှာ ကားသော့
ပျောက်လို့ လိုက်ရှာနေတာ"

"---"

"ဟယ် ... နေပါဦး လာမခေါ်နဲ့တော့၊ အခုတွေ့ပြီ၊ ဒါပဲ
နော် ... အဟင်း"

စကားပြောပုံ ရယ်ပုံကအစ ညှုလွန်းသော စင်စင်အသံ
ကြောင့် ကျွန်မ အံ့သြနေမိသည်။ စင်စင်မျက်နှာမှာ အပြုံးတွေ
ရွှန်းထင်းနေပေမယ့် ဖုန်းပိတ်ပြီး ကျွန်မကို မော့ကြည့်တော့ အပြုံးတွေ
ပျောက်ရှကုန်သည်။

"ညည်းလေးလုပ်ပုံကြောင့် ဟိုတစ်ယောက် နှာကစ်နေပြီ"

ကျွန်မကို အပြစ်တင်သလိုပြောရင်း ထရပ်သည်။ လက်ပြတ်
နှုံး ခန္ဓာကိုယ်အတိ နက်ပြာရောင်ဝတ်စုံလေးက စင်စင်နှင့် လိုက်ဖက်
လွန်းလှသည်။

"နောက်ဆိုရင် မင်းနဲ့တို့ သော့ တစ်ယောက်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ယူထားမှ ဖြစ်မယ်၊ ကဲ . . . တို့သွားမယ်၊ မနက်စာတော့ တို့စားဖြစ်မှာ မဟုတ်ဘူးနော်၊ ညနေစာမှပဲ စားတော့မယ်''

ပြောရင်း ကားသော့ကိုယူကာ ထွက်သွားသည်။

ဆင်ဝင်အောက်ရောက်မှ ကျွန်မကို ပြန်လှည့်ကြည့်ရင်း မှာသေးသည်။

''နန်းစံ . . . တို့ဆီကို အိမ်ဖုန်းကတစ်ဆင့် ဆက်လာရင် ကြည့်ပြောထားလိုက်နော်''

ကားတံခါးဖွင့်ကာ မောင်းထွက်သွားသော စင်စင့်ကို ကြည့်ပြီး ကျွန်မ ပြုံးလိုက်မိသည်။

ဖုန်းဆက်လာတဲ့တစ်ယောက်ဟာ စင်စင့်ချစ်သူလား။

မြီးရှည်တောင် စားမသွားနိုင်ရှာ။

ဒါလည်း ကောင်းတာပဲ၊

ကျွန်မတစ်ယောက်တည်း အားပါးတရ စားပစ်လိုက်သည်။

စားနေရင်းက အတွေးထဲတွင် မနက်စာကို စင်စင်မစားဘူးဆိုတော့ ကျွန်မ ကြက်ဥကြော်ပြီး စားလိုက်တော့မည်။

ဝယ်လာသော အသားစိမ်းနှင့် အသီးအရွက်တွေကို ရေခဲသေတ္တာထဲ ထည့်သိမ်းလိုက်မည်။ နေ့ခင်းရောက်မှ ညနေစာ စီစဉ်တော့မည်။





'တီ တီ တီ တီ'

ညှော်ခန်းထဲမှ မြည်လာသောဖုန်းကြောင့် စားလက်စ မြီးရှည်ပန်းကန်ကို ထားခဲ့ပြီး ပြေးကိုင်ရပြန်သည်။

''ဟယ်လို''

''ချစ်လား''

ယောကျ်ားတစ်ယောက်၏အသံ။

နားထဲမှာ အဆင်မပြေတာမို့ ချစ်မဟုတ်ဘူး မုန်းဟု ရွဲ့ပြောလိုက်ချင်သည်။ ဒါပေမဲ့ –

''ကျွန်မက နန်းစံထိပ်ထားပါ''

''ဟာမ်''

တစ်ဖက်က အံ့သြသွားပုံရပြီး စကားသံတိတ်သွားကာ အတော်ကြာမှ –

''ဟို . . . ဒီဖုန်းက ချစ်ရေစင်တို့အိမ်က ဟုတ်တယ်မဟုတ်လား''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ စင်စင်မရှိဘူး။ ခုနလေးကမှ အပြင်ထွက်သွားတယ်''

''ဟုတ်လား၊ သူ ဘယ်ကိုသွားတာလဲဗျ''

''အဲဒါတော့ ကျွန်မလည်း မသိဘူးလေ၊ သူ့ဖုန်းကို ဆက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား''

''ဆက်ပြီးပြီ မရလို့ အိမ်ဖုန်းလှမ်းဆက်တာ၊ ဒါနဲ့ အခုပြောနေတာ ဘယ်သူလဲဟင်''

''နန်းစံထိပ်ထား''

''နာမည်မေးတာ မဟုတ်ဘူးလေ၊ မင်းနဲ့ချစ် ဘာတော်လဲလို့ မေးတာ''

''ဘာမှမတော်ပါဘူး၊ သူ့အိမ်မှာနေဖို့ ရောက်နေတဲ့သူ''

''ချစ်က ကိုယ့်ကို ဘာမှ မပြောဖူးပါဘူး၊ ဘယ်ကရောက်နေတာလဲ''

တော်တော်စပ်စုလွန်းတဲ့ ယောကျ်ားပဲ။ ကျွန်မ သိပ်စိတ်မရှည်ပေမယ့် ချစ်ရေစင်နှင့်ပတ်သက်နေတာမို့ တိုနေသောစိတ်ကို ဆွဲဆန့်ထားရသည်။

''ကျွန်မက စင်စင်ရဲ့ ညီမဝမ်းကွဲပါ''

''ဪ . . . ဟုတ်လား၊ ကိုယ်က သာလွန်ပါ၊ ချစ်က ပြောပြမထားဘူးထင်တယ်''

''ဘာမှ မပြောထားဘူးဗျ၊ ကဲ . . . ဒါပဲနော်၊ ကျွန်မ အိပ်ချင်လာလို့''

ပြောပြီး ဖုန်းကို ဆောင့်ချပစ်လိုက်သည်။ စားပွဲပေါ်က





မြီးရှည်ကတော့ ပွနေတာမို့ စားချင်စိတ်မရှိတော့ပါ။

တော်တော် ဖယားရွှပ်တဲ့ ချစ်ရေစင်ပါလား။

ကြာရင်တော့ ဒီမိန်းမရဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေနှင့် ကျွန်မနှင့် ဖြစ်မှာမဟုတ်။

ဒီမိန်းမဟာ မိန်းမကောင်းတစ်ယောက်ရော ဟုတ်ရဲ့လား။ သူ ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ပါဘူးလေ။

ထွက်သွားတာ နာရီဝက်တောင် မပြည့်သေး။ ဖုန်းထဲက တစ်ယောက်ကို ဖြေရှင်းပေးနေရပြီ။ ဒီတစ်နေ့လုံး နောက်ထပ် ဘယ်သူတွေ ထပ်နှောင့်ယှက်ဦးမလဲ။

ယောကျ်ားတွေနှင့် ကင်းကင်းရှင်းရှင်း နေတတ်သော ကျွန်မကတော့ အရေးနှင့်အတူ ပင့်သက်မောကြီးကိုပဲ မှုတ်ထုတ်လိုက်မိတော့သည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အား"

ပါးစပ်ထဲကို ထမင်းတစ်လုတ်ပဲ ထည့်ဝါးရသေးသည်၊ လျှာဖျားပေါ်တွင် ပူလောင်စပ်ဖျင်းသွားရသည်။ မြန်မြန်ဆန်ဆန် မျိုချပစ်ရင်း ဘေးတွင်ရပ်နေသော နန်းစံကို သူမ မော့ကြည့်လိုက်မိသည်။

"ဘယ်လိုလဲ စင်စင်"

"စပ်လိုက်တာဟယ်၊ မင်း ငရုတ်သီးတွေ ဘယ်လောက် ထည့်ထားတာလဲ ... ဟူး"

"ဟို ... ငါးဟင်းက အစပ်ချက်ထားတာလေ"

"အစပ်၊ သေပါတော့ဟယ်၊ တို့က အစပ်ဆို သိပ်ကြောက်





တာ၊ အောင်မယ်လေး၊ ဟူး ... စပ်လိုက်တာ"

တဟူးဟူးနှင့် စပ်နေသော စင်စင် မျက်ရည်တွေ ပေါက်ပေါက်ကျလာကာ ချွေးတွေပြန်လာတော့ ကျွန်မ မျက်စိမျက်နှာပျက်ကာ –

"မိန်းကလေး တော်တော်များများက ချဉ်ငန်စပ်ကြိုက်ကြတယ်လေ၊ အဲဒါကြောင့် ချက်လိုက်မိတာ၊ Sorry ပါနော်၊ အရမ်းစပ်နေရင် သီးစုံချဉ်ရည်ဟင်းလေး သောက်လိုက်ပါလား"

သီးစုံချဉ်ဟင်းပန်းကန်ကို စင်စင့်အနား ရွှေ့ပေးလိုက်တော့ စင်စင်က ဇွန်းနှင့် ခပ်ယူသောက်သည်။

"အ ... ကျွတ်"

"သက်သာရဲ့လား"

"ချဉ်တူးနေတာပဲကွာ၊ ဘာတွေ ထည့်ထားတာလဲ"

"ဟို မန်ကျည်းသီးက မချဉ်ဘဲ ချိုနေတော့ ရှောက်သီးတွေ အရည်ညှစ်ချက်လိုက်တာ"

"ဘုရားရေ"

"ရှောက်သီးက လေကြေတယ်လေ"

စင်စင် မျက်နှာရှုံ့မဲ့သွားကာ ငါးသေးသေးလေးတွေ ကြော်ထားသောဟင်းကို ဇွန်းနှင့်ယူကာ စားလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အောင်မယ်လေး . . . အချိုမှုန့်တွေ သုံးထားတာလား။ ချိုစိနေတာပဲ၊ ညည်းလေး မြည်းကြည့်စမ်းပါဦး''

''ရှင် . . . ဟုတ် ဟုတ်''

စင်စင်က မျက်နှာလေးရဲတွတ်ကာပြောတော့ ကျွန်မ ငါး တစ်ကောင်ကို ကောက်ဝါးလိုက်သည်။ လျှာထဲမှာ ချိုစိနေပေမယ့် မျက်နှာကို မရှုံ့ရဲဘဲ –

''ဒီလောက်လည်းမဟုတ်ပါဘူး စင်စင်ရယ်၊ ငါးလေးတွေကို ကြက်သားမှုန့်နဲ့ နှပ်ပြီး ကြော်ထားတာပါ၊ အချိုမှုန့်မသုံးပါဘူး''

''တော်ပါပြီ နန်းစံရယ် . . . ဒီလောက် ချိုချဉ်ငန်စပ်နေတဲ့ ဟင်းတွေကို ညည်းပဲစားတော့''

ဒေါသတွေချုပ်ထိန်းရင်းပြောသွားသော စင်စင်က ထမင်း ဝိုင်းမှ ထွက်သွားတော့သည်။

ကျွန်မမျက်နှာလည်း ဆီးရွက်လောက်ပဲ ရှိတော့တာပါ။

ဟုတ်တော့လည်း ဟုတ်ပါတယ်၊

ကျွန်မ,ချက်သောဟင်းတွေက အစပ်အဟပ်မတည့်အောင် ဆိုးဝါးနေခဲ့သည်။ အဆင်ပြေအောင် ကြိုးစားချက်ပေမယ့် ဟင်းချက် ပြုတ်ရတာ လွယ်တဲ့ကိစ္စတော့မဟုတ်တာကို လက်ခံရတော့မည်။

စင်စင်သာစိတ်ဆိုးပြီး အိမ်ပေါ်က မောင်းချခဲ့ရင်တော့ ကျွန်မ





ဘဝတော့သွားပါပြီ။

ဒယ်ဒီ့အိမ်ပေါ်ကို ခေါင်းငုံ့ပြီး ပြန်ခိုဝင်ဖို့ဆိုတာကတော့ ဘယ်လိုမှမဖြစ်။

ကျွန်မ မငံ့မရဲနှင့်ဘဲ ညှော်ခန်းထဲထွက်သွားသော စင်စင့် နောက်သို့ လိုက်ခဲ့သည်။

ဆိုဖာပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်နေသော စင်စင်က မျက်ခုံးလေးတွန့်ကာ ကျွန်မကို စိုက်ကြည့်နေသည်။

''တောင်း တောင်းပန်ပါတယ်နော်''

''ဘာတောင်းပန်တာလဲ နန်းစံ၊ ညည်းရဲ့လက်ရာမြောက် ဟင်းတွေကို တို့ကိုချက်ကျွေးဦးမလို့လား''

''ဟို . . . ကျွန်မ''

''တို့ အမှန်ပဲသိချင်တယ်၊ ညည်း ထမင်းဟင်းတွေ မချက် ထတ်ဘူး မဟုတ်လား။ မညာဘဲ ပြော''

စင်စင်က ယတိပြတ်မေးလာတော့ ကျွန်မ ဆက်မညာချင် တော့ပါ။ ဒေါသတွေကို ပိုဆွပေးမိသလိုဖြစ်ရင်အခက်။

''ဟို . . . ထမင်းတော့ ချက်တတ်ပါတယ်၊ ဟင်းကတော့ သိပ်ကျွမ်းဘူး။ ဒါပေမဲ့ ကျွန်မ ဟင်းချက်နည်းစာအုပ်ဝယ်ပြီး ကြိုးစား ချက်ကျွေးပါမယ် နော်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တောင်းပန်တော့လည်း စင်စင်က သက်ပြင်းချကာ ခေါင်းညိတ်ပြီး –

"အေးလေ . . . ညည်းကလည်း ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပဲ၊ အသက်ကလည်း ငယ်သေးတယ်၊ တို့ နားလည်ပေးနိုင်ပါတယ်၊ အမှန်အတိုင်း ဝန်မခံဘဲ ချက်တော့ တို့စိတ်ဆိုးမိတာတော့ အမှန်ပဲ၊ ထားပါ . . . အဲဒါက ပြဿနာမရှိဘူး၊ ထမင်းဟင်းကချိုင့်ဆွဲစားလို့ရတယ်၊ တို့အတွက်လိုတာက အိမ်မှာ အဖော်လူရှိဖို့က အဓိကပဲ"

"ဟုတ်ကဲ့၊ မသက်က ပြောပါတယ်၊ ကျွန်မအတွက်လည်း အားလုံးအဆင်ပြေမယ့် အခြေအနေမို့ပါ"

"တို့ သဘောပေါက်ပါတယ် နန်းစံ၊ ထားပါတော့၊ ဒါနဲ့ ညနေ တို့ပြန်မလာခင်အထိ ဘယ်ကဖုန်းတွေ လာသလဲ"

စင်စင်က အာရုံပြောင်းကာမေးနေတော့ ကျွန်မလည်း လာသမျှဖုန်းတွေအကြောင်းကို ရှင်းပြရသည်။

"စင်စင် ထွက်သွားပြီး အရင်ဆုံးလာတာ သာလွန်တဲ့"

"သာလွန် . . . ဟုတ်လား၊ တို့မေ့နေတာ၊ ပြဿနာပဲ၊ နန်းစံ ဘာပြောလိုက်လဲ"

"အပြင်ထွက်သွားတယ်ပဲ ပြောလိုက်တယ်လေ"





"တော်သေးတာပေါ့ဟယ်၊ နောက် ဘယ်သူတွေဆက်သေးလဲ"

တစ်နေ့လုံး တတွတ်တွတ်မြည်ကာ ကျွန်မကို ဒုက္ခပေးလာသောယောကျ်ားငါးယောက်၏အမည်တွေကို ရွတ်ပြရင်း အဆင်ပြေပြေရှင်းပြခဲ့တာတွေကို ပြောပြတော့ စင်စင့်မျက်နှာက ကျေနပ်စွာပြုံးပြနေခဲ့သည်။

"အိုကေ . . . တော်တယ် နန်းစံ၊ တို့အတွက် လိုတာက တို့ အိမ်မှာမရှိတဲ့အချိန် ဆက်လာတဲ့ဖုန်းတွေနဲ့ ရောက်လာတဲ့သူတွေကို အဆင်ပြေအောင် ပြောပြတတ်တဲ့လူပဲလိုတာ၊ အဓိက,က ဒါဒါဲတွေပဲ"

ကျွန်မ ခေါင်းညိတ်ပြရင်း စင်စင့်မျက်နှာကို အကဲခတ်နေမိသည်။ ရုပ်ရည်၊ အရပ်အမောင်း၊ အသားအရေ၊ ခန္ဓာကိုယ်အားလုံး လှပသည့် စင်စင်ဟာ ဂုဏ်သိက္ခာရှိရှိ မနေဘဲ ဘာလို့ ပွေရှုပ်ရသလဲ။

"တို့ ရည်းစားများတဲ့အကြောင်းကို တွေးနေတာလား"

ကျွန်မက ပြန်မဖြေဘဲ ငြိမ်သက်နေတော့ –

"နန်းစံ . . . စောရနက္ခတ်နဲ့ မွေးလာတဲ့လူတွေအကြောင်း ကြားဖူးလား"

"ဟုတ် . . . ကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနက္ခတ်နဲ့ မွေးလာတဲ့သူဟာ သူများပစ္စည်းကို အပ်ကလေးတစ်ချောင်းပဲဖြစ်ဖြစ် ခိုးချင်နေတဲ့သူမျိုးလေ၊ မခိုးရရင် မနေနိုင်တဲ့ လူစားမျိုးပေါ့၊ အဲဒီလိုပဲ ... တို့ကလည်း အချစ်နက္ခတ်နဲ့ မွေးလာတာ"

"အချစ်နက္ခတ်"

"အင်း ... ဟုတ်တယ်၊ တို့ လူတွေကိုချစ်တယ်၊ ပိုပြီး အတိအကျပြောရရင် ဆန့်ကျင်ဘက်လိင်တွေကို ပိုချစ်တယ်၊ မချစ်ရရင် မနေနိုင်ဘူး။ လုံးဝမှန်းလို့မရဘူး။ အဲဒါ ဝဋ်ကြွေးပဲလား"

အချစ်နက္ခတ် ...။

မချစ်ရရင် မနေနိုင်ဘူး ... တဲ့။

ဘီလူးနက္ခတ်တို့၊ စောရနက္ခတ်တို့ပဲ ကျွန်မ ကြားဖူးခဲ့တာ။ အချစ်နက္ခတ်ဆိုတာ အခုမှပဲ ကြုံဖူးတော့သည်။

"တို့လည်း တို့ဂုဏ်သိက္ခာ တို့အဆင့်အတန်းနဲ့ တည်တည်တံ့တံ့ ချစ်သူတစ်ယောက်ပဲ ထားချင်ခဲ့တာပေါ့။ ဒါပေမဲ့ တို့ရဲ့အချစ်စိတ်ကိုက မချစ်ဘဲမှ မနေနိုင်တာပဲလေ"

ကျွန်မ သက်ပြင်းဖွဖွလေးချလိုက်မိသည်။

"ကဲ နန်းစံ ... တို့တော့ ဗိုက်ဆာနေပြီ၊ တို့ညီအစ်မ နှစ်ယောက် ဆိုင်မှာသွားစားရအောင်"





"အာ ... ဝင်စင်ပဲသွားပါ၊ ကျွန်မ မလိုက်တော့ဘူး၊ ချက်ထားတာတွေ နှမြောစရာ"

"စားလို့မရတာကို နှမြောမနေပါနဲ့ဟယ်၊ ကဲ ... အဝတ်အစား သွားလဲပါ၊ တို့ နန်းစံကို ကျွေးချင်လို့"

ငြင်းမရတော့တာမို့ ကျွန်မ အဝတ်အစားလဲရန် ထွက်လာခဲ့သည်။ ဝင်စင်က စိတ်ရင်းစေတနာတော့ ကောင်းပုံရပါသည်။

ခက်တာက အချစ်နက္ခတ်ဝင်စီးနေသော ညည်ဆိုးလေးပဲဖြစ်သည်။

မိဘနှစ်ပါးလုံး မရှိတော့ဘဲ တစ်ယောက်တည်းနေသည့် ဝင်စင့်ဘဝက ပူပန်စရာမရှိအောင် ပြည့်စုံလွန်းသည်။

ရှယ်ယာဝင်ထားသော စီးပွားရေးလုပ်ငန်း အများအပြား၏ ဝေစု ဘဏ်တွင်အပ်ထားသော ပိုက်ဆံတွေ၏ အတိုးတွေနှင့် ဝင်စင်တစ်ယောက် ဘာအလုပ်မှ လုပ်စရာမလိုလောက်အောင် အေးချမ်းပြည့်စုံနေတော့လည်း ထင်တိုင်းကြဲနိုင်တာပေါ့လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဂုဏ် . . . နှင်က ဘာအချိုးချိုးတာလဲ"

မာတင်းခက်ထန်နေသော နဒီ၏မျက်နှာကိုကြည့်ကာ သူ မျက်မှောင်လေး တွန့်ကုတ်မိသည်။

"ဘာလဲ . . . မင်း ဘာကိုမေးတာလဲ နဒီ"

"နှင် ငါ့ကို အရှူးမလုပ်နဲ့၊ ငါ့ကိုချိန်းပြီး အရှူးမလို နှင် စောင့်နိုင်းခဲ့တာ နှစ်ခါမကတော့ဘူး"

"ဩော် . . . ဒါများကွာ၊ အဲဒီနေ့က ငါလာမလို့ပဲကွ၊ ထက် မြက်ရှေ့မှာ ချိန်းလိုက်မိတော့ လေးနိုင်က သိသွားပြီ၊ ငါ့ကို ဘယ် မလွှတ်တော့တာ"





"သူတို့မလွှတ်တိုင်း နှင်က မထွက်လာနိုင်ရအောင် နှင်က မိန်းကလေးလား။ နှင်ပြောတဲ့ အကြောင်းပြချက်က ပေါ့ပါးလိုက်တာ"

နှင်တွေ ငါတွေနှင့် နဒီက ရိုင်းစိုင်းစွာပြောလာတော့ သူ သည်းခံနိုင်စိတ် ကုန်ဆုံးသွားခဲ့သည်။ တကယ်ဆို ကိုယ်နဲ့သူက ဘာမှဆိုင်ခဲ့တာမဟုတ်။

တစ်ခုပဲ ရှိသည်။ ထက်မြက်ရှေ့မှာမို့ တမင် အရွဲ့တိုက်ပြော မိတာကို သူ့ဘက်က တကယ်ထင်သွားတာ ဖြစ်နိုင်သည်။

"နှင်တွေ ငါတွေနဲ့ လာရိုင်းစိုင်းမပြနဲ့ နဒီ၊ အရင်က နှင်တွေ ငါတွေ သုံးခဲ့တာဟာ သူငယ်ချင်းဆိုတဲ့အသိကြောင့် သုံးခဲ့တာဖြစ်ပေ မယ့် အခု မင်းသုံးနေတဲ့ နှင် ငါဆိုတဲ့ စကားတွေကတော့ စော်ကား ရိုင်းစိုင်းနေသလိုပဲ၊ အခုဖြစ်ခဲ့တဲ့ကိစ္စကို မင်း မကျေနပ်လည်း ငါ တတ်နိုင်ဘူး"

နဒီ့ဘက်က အစွယ်ထုတ်ပြနေတော့ သူ့ဘက်ကလည်း ခေါင်းငုံ့နေစရာအကြောင်း မရှိပါ။

"နှင့်အပြောက ရင့်လှချည်လား ဂုဏ်၊ ဒီမှာ ငါ နှင့်ကြောင့် အရှုပ်ဖြစ်ခဲ့တာတွေ များပြီနော်"

"အဲဒါ မင်းသမိုင်းလေ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



နဒီ့အော်သံကြောင့် ပလက်ဖောင်းပေါ်ကလူတွေက လှည့်ကြည့်ကြသည်။ နဒီက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုသည့် အထာနှင့်

"နင် ငါ့ကို ကစားနေတာလား။ ဒီမှာ ယွန်းနဒီချိုဆိုတဲ့ ငါက သိုးလေးမဟုတ်ဘူးနော်၊ နင့်ထက်သာတဲ့ ယောကျ်ားတွေကို တောင် ခါချပစ်ခဲ့တာ"

"မင်း ဒီနေရာမှာပဲ လဲသေလိုက်တော့ နဒီ"

ပြောပြီး သူလှည့်ထွက်ခဲ့လိုက်သည်။ နဒီက ရှူးရှူးရှားရှားနှင့် နောက်က ပြေးလိုက်လာကာ –

"ဂုဏ်"

"မင်း အေးအေးနေခဲ့တော့နော်၊ အရှက်မကွဲချင်နဲ့"

"ငါ့ဘဝမှာ အရှက်ဆိုတာ မရှိတော့ဘူးဆိုတာ နင်သိပြီးသားပဲ။ ဒီအချိန်မှာ ငါ့ပါးစပ်က စကားတစ်ခုထွက်လိုက်တာနဲ့ နင့်ဘဝ တစ်ခုလုံး စုတ်ပြတ်သွားအောင် လုပ်ပစ်နိုင်တယ်"

ပြောရင်း နဒီက ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တာနှင့် သူ စိုးရိမ်မိသွားရသည်။

ဒီမိန်းမက အရှက်ရှိတဲ့မိန်းမ မဟုတ်သလို ဘယ်သူ့ကိုမှ လည်း အရေးစိုက်တတ်တာမဟုတ်။

"ဟယ် ကိုကို ... ဘယ်လာတာလဲ"



"ဟင်"

သူ့အနားကို အပြုံးချိုလေးနှင့်ရောက်လာကာ နှုတ်ဆက်လာသော ကောင်မချောချောလေးကို သူမသိပါ။ သူ့ထက် အသက်ငယ်ပုံရသော ကောင်မလေးကတော့ သူ့ကို ခင်မင်နှစ်လိုဖွယ်ရာ ပြုံးပြရင်း လက်ထဲက ဆွဲခြင်းကြီးကို မြှောက်ပြကာ –

"ဒီမှာ ကိုကိုတို့အိမ်အတွက် မာမီက ပို့ခိုင်းလိုက်တာလေ၊ အိမ်ပြန်မှာမဟုတ်လား။ အတူသွားမယ်လေ"

နဒီ မမြင်အောင် မျက်လုံးလေးတစ်ဖက် မှိတ်ပြရင်း ပြောမှ သူ သဘောပေါက်သွားသည်။

"ဟုတ်လား။ အန်တီက ဘာတွေပေးလိုက်တာလဲ ညီမရဲ့"

"တောင်ကြီးပြန် လက်ဆောင်တွေလေ"

"ဟုတ်လား ... လေးနိုင်အကြိုက်တွေ ပါမယ်ထင်တယ်၊ အန်တီနဲ့လေးနိုင်က ငယ်ပေါင်းဆိုတော့လေ၊ ကဲ လာလေ ... ကိုကိုတို့ အတူသွားရအောင်"

သူက ကောင်မလေး၏ခေါင်းကို ချစ်စနိုးပုံစံနှင့် အသာပုတ်ကာပြောတော့ နဒီ အံကြိတ်ကာ မျက်ထောင့်နီကြီးနှင့် ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"ကျေးဇူးပဲ ညီမလေး"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ ကိုကိုတို့ပြောနေတာတွေ ကြားလို့ ဝင်ကူညီတာပါ"

"ဟိုမိန်းမ ရပ်ကြည့်နေတုန်းပဲ၊ ကိုကိုတို့ ဟိုရှေ့ကဆိုင်လေးမှာ ခဏဝင်ထိုင်ရအောင် နော်"

သူပြောတော့ ကောင်မလေးက ခေါင်းညိတ်ပြီး ဆိုင်လေးထဲအထိ ရောက်လာသည်။

"ဘာသောက်မလဲ ညီမလေး"

"စတော်ဘယ်ရီ လက်ဖျော်"

စတော်ဘယ်ရီလက်ဖျော်နှစ်ခွက် မှာလိုက်သည်။

"အဲဒီမိန်းမက ငပွေပဲ၊ ကျွန်မသူငယ်ချင်းတွေရဲ့ အစ်ကိုတွေ, မောင်တွေ သူ့ဆီမှာ ခံခဲ့ရဖူးတယ်လေ၊ အဲဒါကြောင့် ကူညီတာပါ"

ထိုစဉ်မှာပဲ နဒီက စက်ဘီးစီးကာ ထွက်သွားသည်ကို တွေ့လိုက်ရသည်။

"ဟိုမိန်းမ ထွက်သွားပြီ၊ ကျွန်မသွားတော့မယ်"

"နေဦးလေ ... အအေးသောက်သွားဦးလေ"

"ကျွန်မ အချိန်မရပါလို့ပါ"

"ဟော့ ဟော့"



သူ မတားလိုက်နိုင်ခင်မှာပဲ ကောင်မလေးက ခွဲခြင်းခွဲကာ ထွက်သွားခဲ့သည်။ ဘောင်းဘီပန်းရောင်အတိုလေးကို အနက်ရောင်အကျီဖျော့ဖျော့ ပန်းတံစ်ဖက်ဖော်ထားသော ကောင်မလေး၏ ကျောပြင်ကို ငေးကြည့်နေမိခဲ့သည်။

ဘယ်လိုကောင်မလေးလဲ။

နာမည်လေးတောင် မေးခွင့်မရလိုက်ပါလား။

အအေးခွက်နှစ်ခွက်နှင့် ငုတ်တုတ်ထိုင်နေသော သူ့ကို စားပွဲထိုးလေးက အံ့သြစွာကြည့်နေသည်။ သူ့ရင်ထဲမှာတော့ ခဏတာ လင်းလက်သွားသော ကြယ်ပွင့်လေးကို မေ့ပျောက်ဖို့ခက်နေသည်။

❊

ကျွန်မ အိမ်ပြန်ရောက်တော့ ဝင်စင်က အပြင်ထွက်ရန် ပြင်ဆင်ပြီးနေပြီ။

"သွားတော့မလို့လား။ ကျွန်မက အုန်းနို့ခေါက်ဆွဲစားချင်လို့ ဝယ်လာတာ"

"နန်းစံပဲ စားလိုက်တော့၊ ဒီနေ့ တို့ အပြင်မှာမိုးချုပ်မယ်၊

www.burmeseclassic.com



မပူနဲ့ . . . ရောက်အောင်တော့ ပြန်လာခဲ့မယ်''

''ဟုတ်ပါပြီ''

''သွားမယ်၊ ထုံးစံအတိုင်း လာတဲ့ဖုန်းတွေ ကြည့်ရှင်းထား နော်၊ တို့အလုပ်ကိစ္စနဲ့သွားတယ်ပဲပြော''

ခေါင်းညိတ်ပြရင်း စင်စင် ကားမောင်းထွက်သွားတော့ ခြံ တံခါးကို လိုက်ပိတ်လိုက်သည်။

ပြီးတာနှင့် အိမ်ထဲပြန်ဝင်ခဲ့ရင်း အရင်ဆုံးလုပ်မိတာက ဧည့် ခန်းထဲက ဖုန်းကို ပလပ်ကြိုးဖြုတ်ထားလိုက်သည်။ မိုးချုပ်မှ ပြန် လာမယ်ဆိုတဲ့ စင်စင်ဆီကို ရောက်လာတဲ့ဖုန်းတွေကို မကြားချင်ပါ။

အာပေါက်အောင် ဖြေရပြောရတာနဲ့ တစ်နေ့လုံး အေးအေး နေလို့ရမှာမဟုတ်။ တစ်ယောက်တည်းဆိုတော့ စားသောက်ဖို့အတွက် လည်း ပူစရာမလို။

တစ်နပ်စာအတွက်ကတော့ အဆင်ပြေသလို စားတတ် သည်။ ချက်ပြုတ်နည်းစာအုပ်ကြီးကိုကြည့်ကာ ချက်ရ ပြုတ်ရတာကို လည်း ကျွန်မ စိတ်ကုန်နေပြီ။

ဝယ်လာသောပစ္စည်းတွေကို ရေခဲသေတ္တာထဲ ထည့်သင့်တာ ထည့်သိမ်းရင်း အာရုံထဲမှာ ဖျတ်ခနဲသတိရမိတာက ဂုဏ်ဆိုသော ကိုကို့မျက်နှာလေးပဲ ဖြစ်သည်။





ယောက်ျားလေးတန်မဲ့ ချောမောလွန်းသော ကိုကို။

နဒီ ဆိုသော မိန်းမလည်နှင့် ဘယ်လိုပတ်သက်မိလို့ ဘာ ပြဿနာတွေ ရင်ဆိုင်နေရတာလဲ။

တကယ်ဆို ကိုကိုနှင့်အတူ ကျွန်မ အကြာကြီးထိုင်ပြီး စကားပြောချင်ပေမယ့် ဘာကြောင့်မှန်းမသိ ကျွန်မ ဖွတ်ပြန်လာခဲ့မိ သည်။

ရင်းနှီးခွင့်ရချင်ပေမယ့် တစ်ခါမှ ယောက်ျားတစ်ယောက်နှင့် အတူထိုင်ဖူးခြင်း မရှိတာမို့ ကျွန်မ ကြောက်ရွံ့နေမိတာလည်းပါသည်။

ကိုကိုကတော့ ကျွန်မကို ဘယ်လိုသတ်မှတ်လိုက်မှာလဲ။

ပြန်ဆုံခွင့်သာရခဲ့မယ်ဆိုရင်။

''အာ''

ခြံတံခါးရှေ့မှ တတီတီနှင့် ကားဟွန်းတီးသံကြားတာမို့ အတွေးတွေ ပြတ်တောက်သွားကာ ထွက်လာခဲ့လိုက်မိသည်။

ခြံဝမှာမြင်လိုက်ရတာက အနီရောင်ကားလေးတစ်စီး ခြံတံခါး မှာ ရပ်နေတာက ယောက်ျားတစ်ယောက်။

ပြဿနာက ဖုန်းနဲ့မလာဘဲ လူကိုယ်တိုင်ရောက်လာပြီ ဖြစ် သည်။ ကျွန်မ ခြံတံခါးဆီ လျှောက်သွားလိုက်ပြီး –

''ဘယ်သူနဲ့ တွေ့ချင်လို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သူလဲ"

ကိုယ့်မေးခွန်းကို သူက မေးခွန်းနှင့်ပဲ ပြန်တုံ့ပြန်တာမို့ ကျွန်မ မျက်ခုံးတွေ တွန့်ကုတ်လိုက်ရင်း –

"ဒီအိမ်မှာ တွေ့တာပဲရှင်၊ ဒီအိမ်ကပေါ့၊ ရှင်က ဘယ်သူလဲ၊ ဘာကိစ္စလဲ"

"ငါ့နာမည်က စွမ်းနိုင်၊ ဒီအိမ်က ချစ်ရေစင်နဲ့ တွေ့ချင်တာ"

"သူမရှိဘူး၊ ခရီးသွားတယ်"

"ခရီးသွားတယ် ... ဟုတ်လား၊ ငါ့ကို ဘာမှမပြောသွားပါလား"

လာပြန်ပြီ တစ်ယောက်။ ဟိုက သူ့ဘဲနဲ့သွားတာကို သူ့ကို ပြောသွားရမှာလား။

"အလုပ်ကိစ္စသွားတာ"

မယုံသလို မျက်ဝန်းတွေက အိမ်ထဲကို လှမ်းကြည့်နေတာမို့ ကျွန်မ ဥပေက္ခာပြုလိုက်ကာ –

"အိမ်ထဲမှာ ဟင်းအိုးတည်ထားလို့ သွားမယ်နော်"

"ဟေ့ ... ခဏနေပါဦး၊ ရေစင်က ဘာမှ မှာမသွားဘူးလား"

"မှာသွားတဲ့အထဲမှာ စွမ်းနိုင်ဆိုတဲ့နာမည် မပါတာတော့



သေချာတယ်"

"ဘာ"

ရဲခနဲဖြစ်သွားသောမျက်နှာမှာ ဒေါသတွေ သီးနေတာကို တွေ့ရသည်။

ချာခနဲလှည့်ထွက်ခဲ့ကာ ဆင်ဝင်အောက်ကို မရောက်ခင်မှာဘဲ ဝူးခနဲ ပြန်မောင်းထွက်သွားသော ကားသံကိုကြားလိုက်ရသည်။

စင်စင်သာသိရင်တော့ ဘာတွေဖြစ်မည် မသိ။

❋

ထိုညက ရှစ်နာရီကျော်မှ စင်စင်ပြန်ရောက်လာသည်။

ကျွန်မက တံခါးဖွင့်ပေးလိုက်တော့ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချရင်း –

"ဟူး ... စိတ်ညစ်စရာပဲ"

ဘာတွေဖြစ်လာလဲဟု ကျွန်မ မမေးပေမယ့် စင်စင်က တစ်ယောက်တည်း ရေရွတ်သလို ပြောနေသည်။

"တို့ကို ချည်နှောင်ဖို့ ကြိုးစားကြတယ်လေ၊ နီး ... တို့က



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မဟုတ်တာ၊ မရဘူးလေ"

ကြည့်ရတာ ခပ်ရှုပ်ရှုပ်ပြဿနာတွေပဲ ဖြစ်လာဟန်တူသည်။ လည်လွှန်းသည့်ဘီး ဟိုဟာပေဆိုတာ စင်စင် မေ့နေတာလား။

"တကယ်ပဲ နန်းစံရေ၊ အရှုပ်ထဲက ရုန်းထွက်နိုင်ခဲ့လို့ နှိုနှိုဆို မင်းအစ်မတော့ ဒီနေ့ပဲ ယောကျ်ားတစ်ယောက်ယူရတော့မလိုပဲ … အဟင်း ဟင်း"

"စင်စင် ထမင်းစားဦးမှာလား"

"တော်ပြီ … မစားတော့ဘူး"

"ဒါကို အိပ်တော့လေ၊ ပင်ပန်းလာတယ်မဟုတ်လား"

"အင်း … ဘယ်သူတွေ ဖုန်းဆက်သေးလဲ"

"မဆက်ဘူး၊ အဲ … စွမ်းနိုင်ဆိုတဲ့တစ်ယောက်တော့ အိမ်ကို ရောက်လာတယ်"

"ဟင် … နန်းစံက ဘာပြောလိုက်လဲ"

"စင်စင်မှာခဲ့တဲ့အတိုင်းပဲ ပြောလိုက်တယ်၊ ကျေနပ်ပုံတော့ မရဘူး"

"နေပါစေ၊ တို့ ချစ်ချင်တဲ့တို့ရဲ့စိတ်ကို မုန်းလာတယ် … သိလား၊ တို့အပေါ်ကို တကယ်ချစ်တဲ့ ချစ်သူတစ်ယောက်ကိုပဲ တို့ တစ်သက်လုံး ချစ်ချင်တဲ့စိတ် ပေါ်လာတယ်"





တကယ်ပဲ နောင်တရနေတာလား။ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာကြောင့် တဒင်္ဂ နောင်တအသိဝင်လာတာလားတော့ မသိ။

"ကဲ … အိပ်တော့မယ်၊ မနက်ဖြန် တို့ အိမ်မှာ တစ်နေကုန်နေမယ်၊ ဘယ်သူလာလာ မရှိဘူးလို့ မင်း ရှင်းပေးနော် နန်းစံ"

ပြောပြီး အပေါ်ထပ်တက်သွားတာမို့ ကျွန်မလည်း အခန်းထဲ ဝင်ခဲ့သည်။

ခေါင်းအုံးပေါ် ခေါင်းချလိုက်ချိန်မှာပဲ အတွေးထဲပေါ်လာတာက ကိုကို့ရဲ့ပုံရိပ်ကလေး။

ဂွတ် … တဲ့။

ဒီနေ့တစ်နေ့လုံး ရှင် ကျွန်မကို စိုးမိုးထားတာပါလား ကိုကို ရယ်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မိန်းကလေးတွေနှင့် ကင်းရှင်းအောင်နေရင်း အာရုံထဲရောက်လာတာက သူ့ရှေ့တွင် စွမ်းအားရှင်ဝင်လုပ်သွားသော ချစ်စရာ ကောင်းမလေး၏ မျက်နှာလေးပဲ ဖြစ်သည်။

သူ့ထက် အသက်ငယ်ရွယ်ပုံရပေမယ့် ချောမောလွန်းလှသော မျက်နှာလေးပေါ်တွင် တည်တံ့သော၊ ရင့်ကျက်သော အမူအရာကလေးတွေ တွေ့နေရသည်။

တွေးရင်း စိတ်ထဲမှာ တထင့်ထင့်ဖြစ်ရတာ သူ့ကိုထားခဲ့ပြီး ထွက်သွားတာ ဘာကြောင့်လဲ။ စတော်တယ်ရီသောက်မယ်ဆိုပြီး မှာပြီးခါမှ ရုတ်တရက် ထွက်သွားတာ။





မိန်းကလေးတစ်ယောက်နှင့် ပြဿနာဖြစ်နေသော သူ့ကို အထင်သေးသွားတာလား။

တကယ်ဆို သူဟာ ဘယ်မိန်းကလေးကိုမှ ချစ်တယ်ဟု ပြောခဲ့မှုတာမဟုတ်။ ထက်မြက်နှင့်လေးနိုင်ကို အရွဲ့တိုက်ချင်စိတ်နှင့် ချည်ပြခဲ့တာ။

သူတို့လူငယ်အချင်းချင်းလည်း နားလည်မှုရှိကြတယ်လေ။

သူနှင့်အတူ ထိုင်စကားပြောခွင့်ရဖို့ကို ကောင်မလေး တော်တော်များများ မက်မောကြပေမယ့် ဒီကောင်မလေးတွေထဲမှာ ဟိုချစ်စရာကောင်မလေးကတော့ မပါဝင်ခဲ့ပါ။

ဒါကိုတွေးပြီး ခံရခက်တာမျိုး မဖြစ်မိပေမယ့် စိတ်ထဲမှာတော့ တထင့်ထင့်လေးဖြစ်မိသည်။

လူကို မတွေ့မတန်သလို လုပ်သွားတာဟုတော့ ခံစားရပါသည်။ ဒါပေမဲ့ နုဒီနှင့်ကိစ္စမှာ သူ့သိက္ခာမကျအောင် ကယ်တင်သွားတာမို့ ကျေးဇူးတော့ တင်မိပါသည်။

"ဂုဏ်"

အသံနှင့်အတူ အခန်းထဲဝင်လာသော လေးနိုင်ကြောင့် Facebook သုံးနေရာမှ –

"ဗျာ လေးနိုင် . . . ခိုင်းစရာရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အခုတစ်လော သား အပြင်သိပ်မထွက်လို့ လေးနိုင်အံ့ဩ နေတာ"

လေးနိုင့်နှုတ်က ထုတ်မေးလာသည်အထိတောင်မှ သူ့ဘာ က တည်ငြိမ်နေခဲ့တာ အမှန်။ သူ နှုတ်ခမ်းလေး တွန့်ကွေးသွားသည် အထိ ပြုံးလိုက်ရင်း –

"သားက Show ပွဲတွေကတစ်ဆင့် လူတော်တော်များများ သိနေပြီလေ၊ အဲဒီတော့ အရင်လို နေချင်တိုင်းနေလို့ မရတော့ဘူး အဲဒါကြောင့်ပါ"

"အဟင်း ... ကောင်းတာပေါ့ကွာ၊ သား အပြင်မထွက် တော့ လေးနိုင် စိုးရိမ်ပူပန်ရတာတွေ သက်သာသွားတာပေါ့"

"ဟာ ... လေးနိုင်ကလည်းဗျာ၊ သားက ဘာမဟုတ်တာ တွေ လုပ်နေလို့လဲ"

"သားကို လေးနိုင်က သားအရင်းတစ်ယောက်လိုချစ်တာ ဆိုတော့ အလိုလို စိုးရိမ်နေတာပေါ့ကွာ"

တစ်ခါတစ်ရံမှာတော့ လေးနိုင်ရဲ့ ကြီးမားလွန်းတဲ့ မေတ္တာ တရားကို စာနာသနားမိပါသည်။

တကယ်ဆို လေးနိုင်ဟာ သူ့အတွက်တော့ ဖခင်ရော မိခင် မေတ္တာပါ အပြည့်အဝပေးခဲ့သူပဲ ဖြစ်သည်။





မိဘတွေဆုံးပါးပြီးကတည်းက လေးနိုင်ရဲ့အရိပ်အောက်မှာပဲ သူ့ဘဝ ရှင်သန်ကြီးပြင်းခဲ့ရသည်။ ဒီကျေးဇူးတွေက သူ့တစ်သက် ဆပ်မကုန်ဘူးဆိုတာလည်း နားလည်ပါသည်။

"သား"

"ဗျာ"

"သားကို လေးနိုင် အသိပေးတိုင်ပင်စရာရှိတယ်"

"ဘာလဲ လေးနိုင်"

"တခြားတော့မဟုတ်ပါဘူးကွာ၊ သားမှာ Show ပွဲတွေက လွဲရင် အားနေတဲ့အချိန်တွေကို မပျင်းရအောင် ကော်ဖီဆိုင်လေး တစ်ဆိုင် ဖွင့်စေချင်လို့"

လေးနိုင်၏အစီအစဉ်ကို သူ စိတ်ဝင်စားသွားမိသည်။ လေးနိုင်ကလည်း သူ့မျက်ဝန်းတွေကို အကဲခတ်ကြည့်ရင်း –

"ဆိုင်အတွက် အရင်းအနှီးနဲ့ လိုအပ်တာမှန်သမျှ လေးနိုင် စိုက်ပြီးကူညီမယ်၊ သားနဲ့ထက်မြက်တို့ နှစ်ယောက်ပေါင်းပြီး တာဝန် ယူပေါ့"

လေးနိုင်၏အစီအစဉ်က သူတစ်ယောက်တည်းအတွက် မဟုတ်ဘဲ ထက်မြက်ပါ ပါဝင်လာတာမို့ သူ နည်းနည်းတော့ တင်း သွားမိသည်။ ဒါပေမဲ့ သူ တိတ်ဆိတ်စွာပဲ နားထောင်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုခေတ်စားနေတဲ့ ကော်ဖီဆိုင်လေးတွေလိုလေ"

"အင်း . . . သား စိတ်ဝင်စားတယ် လေးနိုင်"

"ဒါဆိုရင် လေးနိုင် စီစဉ်လိုက်တော့မယ်၊ သားနဲ့ထက်မြက် ဦးဆောင်ပြီး ဆိုင်ကို တာဝန်ယူကြပေါ့"

လေးနိုင်၏အစီအစဉ်ကို သူ သဘောကျတာမို့ ထက်မြက်နှင့် ပူးပေါင်းလုပ်ဖို့ကို သူ မငြင်းချင်ပါ။ သူ ငြင်းလိုက်ရင် ထက်မြက်ပါ လုပ်ခွင့်ရသွားနိုင်သည်။

ဒီလိုတော့ မဖြစ်။ သူ ယုံကြည်သော ဒီဆိုင်လေးက အောင် မြင်နိုင်သည်။

"သားလက်ခံပါတယ်၊ ထက်မြက်သဘောမတူရင်, စိတ်မဝင် စားရင် သားတစ်ယောက်တည်းလုပ်မှာပေါ့"

"ထက်မြက်က စိတ်မဝင်စားဘဲ နေမှာလားကွ၊ ဒီကော်ဖီ ဆိုင်ဖွင့်ဖို့ကို ထက်မြက်ကပဲ လေးနိုင်ကို အကြံပေးတာ"

"ဘာ"

လေးနိုင်စကားကြောင့် သူ့မျက်လုံးတွေ ကုပ်ကျသွားခဲ့သည်။ အခုတော့ သူ ကတိပေးပြီးနေပြီ။

ဒီလိုမှန်းသိရင် အစကတည်းက ငြင်းလိုက်မှာ။

"သား လက်ခံလို့ လေးနိုင်ဝမ်းသာတယ်၊ ဒီအစီအစဉ်ကို





လေးနိုင် စီစဉ်လိုက်မယ်"

"ထက်မြက်ရဲ့စိတ်ကူးဆိုရင်တော့ ဒီဆိုင်ကို ထက်မြက် တစ် ယောက်တည်း လုပ်ပါစေ လေးနိုင်"

"ဟင် . . . ဘာဖြစ်လို့လဲ သား"

"သူ့စိတ်ကူးနဲ့သူဆိုတော့ ပိုကောင်းတာပေါ့၊ သားလည်း တစ်ခုခုလုပ်မယ်"

"ဒီဆိုင်အတွက် အစိက လေးနိုင်ရည်ရွယ်ထားတာက သား အတွက်ပဲကွ၊ အဲဒါကြောင့် အရင်းအနှီးကအစ လေးနိုင်စိုက်ထုတ်ပေး ထားပေါ့ကွယ်၊ ထက်မြက်အတွက်ကတော့ ပူစရာမှ မလိုတာဘဲ၊ သူ့အသက်နှစ်ဆယ့်လုံးပြည့်ရင် သူ့မိဘတွေထားခဲ့တဲ့အမွေတွေ ရှိတာ ပဲလေ"

လေးနိုင်၏စကားတွေက သူ့ရင်ထဲကို ထိရှစေခဲ့သည်။ ထက်မြက်ဘဝနှင့် နှိုင်းယှဉ်တိုင်း သူ့ဘဝက အမြဲနိမ့်ကျတာ ကံဆိုးမှု တစ်ခုလား။

"အေးလေ . . . သားက ထက်မြက်ထက် ကံဆိုးတဲ့သူပဲ လေးနိုင်ရာ၊ ဒီဆိုင်က သားအနာဂတ်ဆိုရင်တောင် သား လက်မခံနိုင် တာ လေးနိုင်ရဲ့စိတ်ကူးမဟုတ်ဘဲ ထက်မြက်စိတ်ကူးဖြစ်နေလို့ပါ၊ တစ်ချိန်မှာ အောင်မြင်သွားခဲ့ရင်တောင် ထက်မြက်ရဲ့လောင်းရိပ် ကြီးစိုး



www.burmeseclassic.com

www.burmeseclassic.com



နေတာ သားလက်မခံနိုင်ဘူး''

ရင်ထဲကခံစားချက်အတိုင်း သူကပြောတော့ လေးနိုင် မျက်နှာပျက်သွားခဲ့ရသည်။

''မဆိုင်ပါဘူးကွ၊ သားရဲ့ ကြိုးစားမှုအရည်အချင်းက သားအတွက်ပဲဟာ၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ လေးနိုင်စကားကို သားနားထောင်ကွာ''

သူ ခေါင်းမခါမိသလို ခေါင်းလည်း မညိတ်မိပါ။

လေးနိုင်ရဲ့စကားတွေကို မဆန့်ကျင်ချင်ပေမယ့် ရင်ထဲမှာတော့ ညစ်ညူးနေတာတော့ အမှန်။

ဒီ ကော်ဖီဆိုင်လေးကို သူ စိတ်ဝင်စားပေမယ့် ထက်မြက်ရဲ့စိတ်ကူးအစီအစဉ်ဆိုသောအချက်က လက်မခံချင်စရာ ဖြစ်နေခဲ့သည်။

ဒါ သူ့ရဲ့အတ္တမာနလို့ပဲပြောပြော ထက်မြက်ရဲ့ အရိပ်အောက် လွတ်ချင်မိသည်။

❊

ဂုဏ်လေးဘက်က ခေါင်းညိတ်ခဲ့ပေမယ့် စိတ်ထဲက လိုလား





ကြည်ဖြူမှုမရှိမှာတော့ သူ စိုးရိမ်မိသည်။ ဒါကိုလည်း ထက်မြက်က သိမိနေခဲ့သည်။

''ဒီဆိုင်ကို ကျွန်တော်က အကြံပေးတာဆိုပေမယ့် ဂုဏ်တစ်ယောက်တည်းကိုပဲ လုပ်ပိုင်ခွင့်ပေးလိုက်ပါ လေးနိုင်၊ တော်ကြာ ကျွန်တော်နဲ့အတူတွဲလုပ်ရတာကို ဂုဏ်က မကျေမနပ်ဖြစ်နေမယ်''

ဂုဏ်ကသာ ထက်မြက်ကို ပြိုင်ဘက်လို သဘောထားပြီး အတ္တမာနတွေနှင့် အပြတ်မ်း တင်းမာနေခဲ့ပေမယ့် ထက်မြက်ကတော့ အမြဲတမ်း နားလည်ပေးတတ်တာ သူသာအသိဆုံးဖြစ်သည်။

''သားရယ် . . . ဂုဏ်ကို နားလည်ပေးပါကွာ၊ လေးနိုင်ရဲ့ အစီအစဉ်က သားကိုလည်း ဆိုင်မှာရှိစေချင်တယ်၊ သားနဲ့ဂုဏ်တို့ အတူလက်တွဲပြီးလုပ်ရင်း ချစ်ခင်မှုတိုးစေချင်တာကွာ၊ ဂုဏ်ကို သားက အကြီးပီပီ လိုအပ်တာကူညီပေးချင်တာ''

''ဒါကလည်း ဂုဏ်ဘက်က ကြည်ဖြူမှ ကောင်းမှာပေါ့''

''ဘာပဲဖြစ်ဖြစ် သားစေတနာကို ဂုဏ် နားလည်လက်ခံလာမှာလို့ လေးနိုင်ကတော့ ယုံကြည်တယ်''

ထက်မြက်က ခေါင်းညိတ်ကာ နာခံသည်။ ထပ်တူ သံယောဇဉ်တွယ်ရသော မွေးစားသားတွေဆိုပေမယ့် ထက်မြက်ကတော့ သူ့အတွက် အမြဲနာခံလွယ်သော သားတစ်ယောက်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လေးနိုင်ရဲ့စကားအတိုင်း သည်းခံပါ့မယ်"

ပြောပြီး ထက်မြက်ကထွက်သွားသည်။

အစအရာရာ ဂုဏ်ထက်သာလွန်သော ထက်မြက်ကို [illegible]

က မခံချင်သောမာနတွေနှင့် တုံ့ပြန်တတ်သည်။

သူ့ရဲ့အချစ်ကို ထက်မြက်က ခွဲယူသွားသည်ဟု စွပ်စွဲ[illegible]

အမြင်မကြည်လင်ခဲ့တာ ကလေးဘဝတည်းက။ ဒီကလေးနှစ်ယော[illegible]

ကြားမှာ သူ ရင်တွေမောရသည်။

အချိန်တန်ရင်တော့ ထက်မြက်ရဲ့ဘဝက စိတ်ချရသည်[illegible]

ဂုဏ်ကိုတော့ သူပိုင်ဆိုင်သမျှ ပေးဆပ်ရမှာပဲဖြစ်သည်။

သူ လောကကြီးထဲမှာ မရှိတော့ချိန်မှာတော့ ဒီသား[illegible]

ယောက်ကို ညီအစ်ကိုရင်းတွေလို ရှိစေချင်ပါသည်။

သံယောဇဉ်နှင့်နွယ်သော ခံစားချက်တွေက အပူမီးတွေ[illegible]

လား။

❊ ❊ ❊



## အခန်း (၁၀)

ချို မျက်နှာမကောင်းဖြစ်နေပေမယ့် သူ့မှာတော့ ပြေရာပြေ ကြောင်းမပြောနိုင်။ သူ့မှာလည်း သူ့သောကတွေနှင့်သူ။ ပင့်သက်တွေ ပဲ အခါခါချကာ တိတ်ဆိတ်နေတော့ ချို မနေနိုင်တော့ဘဲ . . .

"အစ်ကို"

လှည့်ကြည့်တော့ မျက်နှာမှာ သောကရိပ်တွေ ဝေနေတာကို တွေ့လိုက်ရသည်။ ဒီသောကတွေကလည်း သူ့ရင်ထဲထိ ကူးစက်နေ တာ သေချာသည်။

"ချို့ကို ဘာမှပြောစရာစကား မရှိတော့ဘူးလား"

"ချိုရယ် . . . ကိုယ် တကယ် စိတ်ရှုပ်ထွေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ချိုသိပါတယ် အစ်ကိုရယ်၊ အစ်ကို စိတ်ရှုပ်နေသလို ချိုလည်း စိတ်မကောင်းပါဘူး ... အမှန်ပြောတာပါ၊ အခုချိန်မှာ ချိုတို့လူကြီးတွေကိစ္စထက် အစ်ကို့သမီးလေးကိစ္စကပဲ စိတ်ပူစရာပါ"

"ကိုယ်လည်း အရမ်းစိတ်ပူနေတယ် ချိုရယ်၊ သမီးက တကယ်ပဲ ကိုယ့်ကို စိတ်နာသွားတာလား မသိဘူး"

"အို အစ်ကိုကလည်း ... မိဘနဲ့သားသမီး စိတ်နာနိုင်ပါ့မလား၊ မစိုးရိမ်ပါနဲ့၊ သမီးက အစ်ကို့ဆီ ပြန်လာမှာပါ"

"အခုပဲ နှစ်ပတ်နီးပါးရှိနေပြီကွာ၊ နောက်ထပ်လည်း ဖုန်းတောင်မဆက်ဘူး၊ ဟိုတစ်ခါဆက်တဲ့ ဖုန်းနံပါတ်ကို စုံစမ်းကြည့်တော့ လမ်းဘေး PCO ဆိုင်ကတဲ့"

ဦးနေအောင်က ပြောရင်း အံကြိတ်ကြိတ်ကာ မျက်ရည်ဝဲလာသည်။ ချိုလှဲ့ရင်ထဲမှာလည်း မချိပါ။ ဒီပြဿနာမှာ သူမပယောဂတွေ မကင်းတာတွေကိုလည်း သိသည်။ အစ်ကို့ကို ချစ်စိတ်နှင့် လက်ထပ်ချင်တာတစ်ခုတည်းပါ။

အခုတော့ ဒါကြောင့်ပဲ အစ်ကိုရဲ့သမီးလေးက ဆန္ဒပြကာ အဝေးကြီးကို ထွက်သွားခဲ့တာ ဖြစ်သည်။

"ချိုလည်း တတ်နိုင်သလောက် စုံစမ်းနေပါတယ် အစ်ကိုရယ်၊ သမီးလေး အဝေးကို ထွက်သွားတာတော့ မဖြစ်နိုင်ပါဘူး။





တားဂိတ်တွေမှာလည်း စုံစမ်းထားပါတယ်"

"ကိုယ်လည်း ဒီလိုပဲထင်တယ်၊ ဝေးဝေးသွားစရာ ဆွေမျိုးရင်းမှမရှိတာ၊ သူ့မာမီဆီလည်း သွားမှာမဟုတ်ဘူး"

"သူ အဆင်ပြေတဲ့တစ်နေရာရောက်နေလို့ အစ်ကို့ဆီ ဖုန်းမဆက်တာလည်း ဖြစ်မှာပါ"

"သမီးက ကိုယ်ထင်ထားတာထက် ပြတ်သားတယ်ချိုရယ်၊ သူ့တစ်ဝမ်းစာအတွက် သူ့ခြေလက်တွေရှိတယ်တဲ့၊ ကိုယ့်ဆီပြန်မလာဘူးဆိုပြီး ပင်ပင်ပန်းပန်း ရုန်းကန်နေတယ်ထင်တယ်"

အစ်ကို့စကားကြောင့် သူမ တွေဝေသွားရသည်။ နန်းစံလေးက ငယ်သေးသည့်အပြင် လောကစံရဲ့အတွေ့အကြုံတွေကိုလည်း ခံစားဖူးတာမဟုတ်။

ဒါပေမဲ့ ရှိသမျှ သူငယ်ချင်းတွေအိမ်မှာလည်း နန်းစံ ရှိမနေတာက အံ့ဩစရာတော့ ကောင်းနေသည်။

ရုပ်ကလေး ချောမောတော့ သူမလည်း သားသမီးချင်း ကိုယ်ချင်းစာကာ တကယ်ပဲ စိတ်ပူရပါသည်။

သူမတို့ကပဲ မျက်စိမှောက်နေတာလား၊ နန်းစံလေးကပဲ အပုန်းကောင်းနေတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ။

"သမီးလေးကို အိမ်ကိုပဲ ပြန်လာစေချင်တယ် ချိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အစ်ကို့ရဲ့ သူမအတွက် ဆုံးဖြတ်ချက်တစ်ခုလား။

နန်းစံလေးဘက်က မိတွေးဆိုသည့် ဆိုးဝါးသည့်အမြင်ကြီးကို သူမ ဘယ်လိုဖြေရှင်းရမလဲ။ မိတွေးတိုင်း ယုတ်မာပါသည်ဆိုတဲ့ အဆိုစကားကို ဘယ်သူက ချမှတ်ခဲ့တာလဲ။

အစ်ကို့ကို သူမ ချစ်ခဲ့တာ အချစ်တစ်ခုတည်းသက်သက်သာ ဖြစ်သည်။ ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားဘဲနေခဲ့တာ ဒီအရွယ် အထိ။

အစ်ကိုနှင့်ဆုံတော့မှ အချစ်ကို ခံစားတတ်ခဲ့တာပါ။

ကလေးတစ်ယောက်အဖေကို ယူဖို့အတွက် သူမဘက်တွင် ပြင်းဆိုဖျက်သိမ်းမယ့်သူ မရှိပါ။

အစ်ကို့ရဲ့သမီးလေးက သဘောမတူဘူးဆိုတော့မှ ပြဿနာ တက်တော့သည်။ မိတွေးဆိုတာ ရာဇဝင်အစဉ်အဆက် မကောင်းခဲ့ပေမယ့် မိတွေးတော်ဂေါ်တမီလည်း ရှိခဲ့ဖူးတာပဲ။

တကယ်ဆို မိခင်ရင်းဖြစ်တဲ့သူကတောင် သူမတို့သားအဖကိုထားခဲ့ပြီး တခြားယောက်ျားတစ်ယောက်ရင်ခွင်ထဲ ခိုဝင်သွားခဲ့တာပဲ။

"ချို ... ဘာတွေ စဉ်းစားနေတာလဲ"

အစ်ကို့အသံကြားမှ လွင့်သွားသော သူမ၏အတွေးတွေကို ပြန်လည်စုဆောင်းပြီး ပင့်သက်ရှိုက်မိသည်။





"ဘာမှမဟုတ်ပါဘူး အစ်ကိုရယ်၊ နန်းစံလေးက ချို့ကို မိတွေးဆိုတဲ့အမြင်နဲ့ မြင်နေတာကို စိတ်မကောင်းလို့ပါ"

"ချိုရယ် ... သမီးက ငယ်လည်းငယ်သေးတယ်လေ၊ မိခင်ရင်းနဲ့ပတ်သက်တဲ့ ဒဏ်ရာကလည်း နဂိုကတည်းက ရှိနေတော့ အဖေကို တခြားမိန်းမရင်ခွင်ထဲ မမြင်ချင်ဘူးနဲ့တူပါတယ်"

"အင်း ... ချိုကံဆိုးတာပါ"

"ချို့ရဲ့မေတ္တာတရားကို ကိုယ် အကြွင်းမဲ့ယုံပါတယ်၊ အဲဒီလိုပဲ သမီးကိုလည်း ကိုယ်ယုံသလို ယုံစေချင်တယ်"

"ချို့ဘက်ကလည်း အစွမ်းကုန် ကြိုးစားမှာပါ၊ အခုလည်း ချို့တပည့်တွေ၊ အသိတွေကတစ်ဆင့် သမီးသတင်းကို စုံစမ်းနိုင်းထားတယ်"

အစ်ကို့ကို နှုတ်ဆက်ပြန်ခဲ့ပေမယ့် စိတ်တွေက ရှုပ်ထွေးနောက်ကျိနေခဲ့သည်။ ဒီအချိန်မှာ သတိရတာက တူမဖြစ်သူကို ဖြစ်သည်။ တစ်ဦးတည်းသော ဆွေမျိုးအရင်းအချာဖြစ်သော တူမလေးထံမှာ ခံစားချက်တွေကို ရင်ဖွင့်ချင်မိသည်။

တူဝရီးဆိုပေမယ့် သူငယ်ချင်းလိုပဲ ဆက်ဆံကြတာမို့ တူမနှင့်စကားပြောလိုက်လျှင် သူမရင်ထဲ ပေါ့ပါးသွားတတ်သည်။ လမ်းလျှောက်ကားရပ်ကာ ဖုန်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးကြိမ်လောက်ခေါ်တော့မှ ဖုန်းကိုကိုင်သည်။

"တီလေး ပြော"

"ညည်းဖုန်းကိုခေါ်ရတာလည်း ကြာလိုက်တာဟယ်"

"ဆောရီးပဲ တီလေးရယ်၊ ဖုန်းသံကြားရင် ကြောက်လွန်းလို့ မကိုင်ဖြစ်တာ၊ အခုမှ တီလေးဖုန်းမှန်းသိလို့ ကိုင်တာ"

"ဘာတွေဖြစ်နေလို့လဲ"

"ရည်းစားဟောင်းတွေကြောင့်လေ ... အဟင်း ဟင်း"

"ညည်းကတော့လေ အရှုပ်မလေးပဲ၊ ထားပါတော့ ... အခု ကျုပ် ဒုက္ခရောက်နေတာဟဲ့၊ အဲဒါ ညည်းနဲ့တွေ့ချင်တယ်"

"ရှင် ... ဘာဖြစ်လို့လဲ တီလေး"

"ညည်းကို ကျုပ်ရင်ဖွင့်စရာတွေရှိတယ်၊ အခု ညည်း ဘယ်မှာလဲ၊ ကျုပ်လာခဲ့မယ်"

"အိုကေလေ ... မျှော်စင်ကျွန်းထဲက FUN ကိုလာခဲ့လေ"

"အေး ... အခုလာခဲ့မယ်၊ စောင့်နေနော်"

ဖုန်းကိုပိတ်ပြီး မျှော်စင်ကျွန်းဘက် ဦးတည်လိုက်သည်။ ဒီနေ့တော့ သူမတို့တူဝရီး လေပေါ်မိတော့မည်။

သီးသန့်ရေကန်နားက အဆောင်လေးတွင် တူမတော်က တစ်ယောက်တည်းထိုင်နေတာမို့ အဆင်ပြေသည်။





"ဘာလဲ ... တီလေးရဲ့ မင်္ဂလာပွဲအကြို ပြုစုမလို့လား"

"မပြောစမ်းပါနဲ့ဟယ်၊ ရင်ထဲမှာ ခံစားရလွန်းလို့ အဲဒါ ရင်ဖွင့်ဖို့လာခဲ့တာပဲ"

သူမရင်ထဲမှာ မွန်းကျပ်နေသောခံစားချက်တွေအတွက် သူမဖြစ်သူကိုပဲ ရင်ဖွင့်မိတော့သည်။ သူမစကားတွေကို နားထောင်ရင်း တူမလေးက –

"တီလေးရာ ... ဒီလောက် ကိုယ့်ဘက်က နားလည်ပေးနေတာကို ဒီကောင်မလေးဘက်က နားမလည်ရင် တီလေး ဘာလုပ်သင့်လဲ သိလား"

"ဟဲ့ ... ကျုပ်ကမသိလို့ ညည်းကို အကူအညီတောင်းနေတာပေါ့"

"ရှင်းရှင်းလေးပဲလေ၊ တီလေး အဲဒီဘဲကြီးကို ခိုးပြေးပေါ့ ... အဟင်း ဟင်း"

"မနောက်နဲ့နော်၊ ကျုပ် တကယ်ခံစားလာရတာ"

"စတာပါ၊ ဒါနဲ့ အဲဒီကောင်မလေးက အခုအိမ်ပေါ်က ဆင်းသွားတယ်ပေါ့ ... ဟုတ်လား"

"အေး ... နှစ်ပတ်ကျော်သွားပြီ၊ အခုထိ ပြန်မလာသေးတော့ ဟိုတစ်ယောက်လည်း တပိုင်ပိုင်နဲ့၊ နန်းစံကို ကျုပ်က ရှာပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်''

''နန်းစံဆိုတာ ဘယ်သူလဲ''

''အစ်ကိုနေအောင်ရဲ့သမီးလေ ... နန်းစံထိပ်ထားတဲ့''

''ရှင်''

သူမစကားကြောင့် ချော့ကလက်ဖျော်ရည်ကို ပိုက်နှင့်စုပ်သောက်နေသော တူမဖြစ်သူ သီးသွားတာမို့ ...

''ဟဲ့ ဟဲ့ ... ဩော် ... ဘယ်လိုဖြစ်တာလဲ၊ ညည်းနဲ့သိလို့လား၊ နန်းစံထိပ်ထားလေကွာ''

''အဟွတ် အဟွတ် ... သိရုံဘယ်ကမလဲ တီလေးရယ်၊ အဲဒီ တီလေးဘဲကြီးရဲ့သမီးက ရေစင့်အိမ် ရောက်နေတာတော့''

''ဟယ် ... ဘယ်လို ဘယ်လို ချစ်ရေစင်''

''အသေအချာပဲ၊ ဒီနာမည်မျိုး နှစ်ယောက်မရှိဘူး။ အဲဒီ နန်းစံက သူ့အဖေနဲ့ ကတောက်ကဆဖြစ်ပြီး အိမ်ပေါ်ကဆင်းလာတာ တဲ့''

''ဟယ် ... ဟုတ်လား။ နေဦး ... ဘယ်လိုပုံစံလေးလည်း ပြောပြဦး''

ချစ်ရေစင် ရှင်းပြသည့်ပုံစံက နန်းစံမှနန်းစံအစစ်ပဲ ဖြစ်သည်။ သူမ မယုံနိုင်စွာ အံ့ဩနေမိရင်း –





''သေ သေချာပြီ ပြဿနာပဲဟယ်၊ ညည်းဆီမှာရောက်နေရ ဘယ်လို့၊ ညည်းနဲ့ကျုပ် တူဝရီးတွေမှန်း သူ မသိလို့၊ သူသိရင် နေမှာမဟုတ်ဘူး''

''ဒီလောက်ထိတောင် တီလေးကို သူက မုန်းနေခဲ့တာလား''

''မိထွေးဆိုတဲ့အသိနဲ့ မုန်းနေတာလေ''

''ဒီကောင်မလေးက ဒီလိုလား ... ရတယ်လေ၊ ဒါဆိုလည်း ရေစင့်အိမ်က မောင်းချလိုက်မယ်''

''ဟဲ့ ... အဲ့လိုတော့ မလုပ်နဲ့လေ၊ ဒီကိစ္စက အရေးကြီးတယ်၊ အရမ်းကို အရေးကြီးတာ၊ သူ့ကို ညည်းဆီမှာပဲ ဆက်ထားထိုက်ပါတယ်၊ တစ်ခုတော့ရှိတယ် ... ညည်းနဲ့ကျုပ် တူဝရီးတော်တာ မသိစေနဲ့၊ ကျုပ် ကိုနေအောင်ကို ပြောပြပြီးမှ ဘယ်လိုစီစဉ်သင့်ထဲဆိုတာ စဉ်းစားမယ်''

''တကယ့်အရှုပ်ထုပ်လေးပဲ၊ ရေစင် တီလေးကို ဘာကူညီပေးရမလဲ၊ ဒီကောင်မလေး နားလည်သဘောပေါက်အောင် ပြောပြပေးရမလား''

''မလုပ်နဲ့၊ အခုချိန်မှာ သိကြားမင်းဆင်းပြီးပြောရင်တောင် ဒီကလေးမ လက်ခံမှာမဟုတ်ဘူး။ ညည်းက ဆက်ပြီးထိန်းထား၊ ညည်းအိမ်ကနေ သူ ဘယ်မှမထွက်သွားစေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . တီလေးကလည်း ဒါတော့ ကတိပေးလို့ရတဲ့ကိ
မဟုတ်တာ၊ သူ့စိတ်ကို ရေစင် မနိုင်ဘူးလေ"

"မနိုင်လို့မရဘူး။ ရအောင်ကြိုးစားရမယ်၊ တီလေးအတွ
အရေးကြီးတယ်၊ ဒါလေးတစ်ခုတော့ ကူညီပါဟယ် . . . နော်"

သူမက မျက်နှာငယ်လေးနှင့် တောင်းပန်တော့ ချစ်ရေ
သက်ပြင်းချရင်း ခေါင်းညိတ်သည်။

"သဘောပေါက်ပြီ၊ နန်းစံကို အိမ်မှာပျော်အောင် ရေစ
ထားရမယ်ပေါ့၊ ကောင်းပြီလေ . . . လက်ရှိမှာတော့ ရေစင်အိမ်
သူ အလုပ်လုပ်ရတာ ပျော်နေပါတယ်"

"သူက ညည်းအိမ်မှာ ဘာလုပ်တာလဲ"

"ထမင်းချက်၊ အဝတ်လျှော်၊ သန့်ရှင်းရေး၊ ခြံစောင့်၊ ပြ
. . . ရေစင်က အကုန်နိုင်းတာလေ"

"ဟယ် . . . ရက်စက်လိုက်တာဟယ်၊ အဲဒီလောက်တော
နိုင်းရလားဟဲ့၊ သူက အိမ်မှာဆို အခွင့်ထူးခံ မင်းသမီးလေး"

"ပြဿနာပဲ တီလေးရယ်၊ အလုပ်သမားအနေနဲ့ ခေါ်
တာပဲလေ"

ချစ်ရေစင်၏စကားက သူမနားထဲတွင်တော့ ကန့်လန့်ြ
ဝင်လာသည်။ အစ်ကိုသာသိရင် ရင်တွေကွဲသွားမလား မသိဘူ





သူမဘက်ကတော့ ဒီကိစ္စကို အကောင်းဆုံးဖြစ်အောင်တော့
စီစဥ်ပေးရမည်။

"ညည်းလုပ်ရပ်က လူကြားလို့မှ မကောင်းပါဘူးဟယ်၊ သူ့
အဖေသာသိရင် တကယ့်ပြဿနာပဲ၊ ဒီလိုလုပ် . . . ညည်း သူ့ကို
အဲဒါတွေ မခိုင်းနဲ့တော့"

"အာ . . . သူ့ကို ရေစင်က နိုင်းဖို့ခေါ်ထားတာပဲ၊ အိမ်ဦးခန်း
မှာ ထားရအောင်လည်း အဘွားကြီးမှ မဟုတ်တာ"

"ဟဲ့ . . . ကျုပ်ပြောတာ ဒီအလုပ်တွေ မခိုင်းသင့်တော့ဘူးလို့
ပြောတာ၊ ညည်းအိမ်အတွက် ကျုပ် အိမ်ကပုရှူးမကို လွှတ်ပေးမယ်၊
နန်းစံကို မခိုင်းနဲ့၊ သူ မရိပ်မိအောင်လည်း စောင့်ရှောက်ထားဦး၊
ပြီးမှ ဘာဆက်လုပ်သင့်လဲဆိုတာကို တီလေးနဲ့အစ်ကိုနေအောင်နဲ့
တိုင်ပင်ပြီးစီစဥ်မယ်၊ ဒါလေးတော့ ကူညီနော် ရေစင်"

ရေစင်က ခေါင်းညိတ်ပါသည်။ နန်းစံတစ်ယောက် ရေစင်ထံ
ရောက်နေတာဟာ သူမအတွက် ကံကောင်းခြင်းပါပဲ။ အစ်ကိုသိရင်
လည်း ဝမ်းသာမှာသေချာသည်။

ကံမကောင်းတာကတော့ သူမအိမ်မှ အချက်အပြုတ် အလွန်
သက်ရာကောင်းပြီး အိမ်မှုကိစ္စနိုင်နင်းသေ ပုရှူးမကို ရေစင့်အိမ်ပို့
ထားမှာမို့ သူမကိုယ်တိုင် ချက်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတာက အစ်ကိုနဲ့သူမ မဝေးရဖို့ဘဲဖြစ်သည်။

ကံကြမ္မာကလည်း ဆန်းလိုက်တာ။

အစ်ကို့သမီးက တူမတော်အိမ် ရောက်နေသတဲ့လေ။

❊ ❊ ❊



## အခန်း (၁၁)

"ရှင် ... အိမ်မှာ ချက်ပြုတ်ဖို့အတွက် လူရှာလာပြီ ... ဟုတ်[illegible]ား စင်စင်"

သူမစကားကြောင့် နန်းစံဖေ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ရိပ်[illegible] ချက်ချင်း အရိပ်ထင်သွားတော့သည်။ သူမအစီအစဉ်ကို တစ်မျိုး[illegible]င်သွားမှာစိုးရိမ်စွာနှင့် သူမ လက်ကာပြလိုက်သည်။

"ဟုတ်တယ်၊ တခြား ဘာအကြောင်းမှတော့ မဟုတ်ဘူး၊ [illegible]င် ချက်ပြုတ်စီစဉ်နေရတာကို တို့စာနာလို့ စီစဉ်လိုက်တာ"

"ဒါဆို ကျွန်မ အလုပ်လုပ်စရာ မလိုတော့ဘူးပေါ့"

"မဟုတ်ဘူးလေ၊ မင်းက တို့အတွက်တော့ လိုအင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တို့မရှိရင် အိမ်မှာ မင်းရှိဖို့လိုတယ် နန်းစံ၊ တို့ပြဿနာတွေကို မင်းက ကောင်းကောင်းဖြေရှင်းပေးနိုင်တယ်၊ မင်းလုပ်ပေးရမှာက ဒါလေးပဲ နန်းစံ''

''အဲဒီကိစ္စလေးအတွက်တော့ ကျွန်မ လခတစ်သိန်းခွဲကြီးတော့ မယူပါရစေနဲ့''

ဒီလိုကျတော့လည်း နန်းစံဆိုတဲ့ကောင်မလေးဟာ ရိုးသားပြီး လောဘနည်းလွန်းပါလား။ သူမ ကျေနပ်စွာပြုံးရင်း –

''ယူပါဟယ်၊ တို့က မင်းကို ညီမတစ်ယောက်လိုချစ်လို့ ပေးတာပဲ၊ မင်းရဲ့ရိုးသားမှုကိုလည်း တို့ သဘောကျတယ်''

သူမ၏စကားကို နန်းစံက လွယ်လွယ်ကူကူပင် ယုံသွားခဲ့သည်။ အရေးကြီးတာက တီလေးဖြစ်စေချင်တဲ့အတိုင်း နန်းစံကို အဝေးကို ထွက်မသွားဖို့ပဲဖြစ်သည်။

''ကျွန်မ ကျေးဇူးတင်ပါတယ် စင်စင်ရယ်၊ ကျွန်မအတွက် နေစရာရော စားစရာပါ အဆင်ပြေနေတာပဲဟာ၊ ငါးသောင်းလောက်ဆိုရင်ရပါတယ်''

''တို့ရဲ့စေတနာကို မငြင်းပါနဲ့ နန်းစံရယ်၊ တစ်သိန်းခွဲတော့ ယူပါ''

''ဒါဆို ခြံထဲမှာလိုအပ်တာတွေ လုပ်မယ်''





''ဟယ် . . . မလုပ်ပါနဲ့ဆို ခြံအတွက် နှစ်ပတ်တစ်ခါ လာရှင်းပေးမယ့်သူ မှာထားသေးတယ်''

''စင်စင်ကလည်း အပိုတွေကုန်ပါတယ်၊ ဘာများ ထူးထူးခြားခြား ရှင်းလင်းရလို့လဲ၊ ခြံတွင်းက ပန်းပင်လေးတွေအတွက်ကတော့ ကျွန်မတာဝန်ထားပါ''

တော်တော်ခေါင်းမာတဲ့ ကလေးမပါလား။ အဲဒါကြောင့် တီလေး ဒုက္ခရောက်နေတာဖြစ်မယ်။

''အင်းလေ . . . မင်းဆန္ဒရှိတယ်ဆိုရင်တော့ လုပ်ပေါ့နော်၊ နောက်ပြန်ကစပြီး ချက်ပြုတ်ရေးနဲ့ အိမ်တွင်းကိစ္စတွေကို လုပ်ဖို့ ပူစူးမ ဆိုတဲ့တစ်ယောက် လာလိမ့်မယ်၊ မင်း ဘာမှမလုပ်နဲ့တော့ ဟုတ်လား''

နန်းစံက ခေါင်းညိတ်ပြီး သူမ ရှေ့မှ ထွက်သွားသည်။

သူမ သက်ပြင်းချရင်း လက်မှနာရီကိုကြည့်လိုက်သည်။ Dinner တစ်ခုကိုသွားရဦးမည်။ လက်ယာရဲ့ ခင်ရာမင်ရာတွေ အနည်းငယ်ကိုပဲဖိတ်တဲ့ ဒီ Dinner ကို သူမ မသွားလို့မဖြစ်။

သူမဘေးက ရည်းစားဟောင်းတွေကို စွန့်လွှတ်ပြီးချိန်မှ လက်ယာဆိုသည့် တောင်ပေါ်သားလေးနှင့် ခင်မင်ခဲ့တာ ဖြစ်သည်။ ချစ်သူမရှိရင် မနေတတ်သော သူမ၏နက္ခတ်က မြူးလာပြန်သည်။

''နန်းစံရေ''



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စင်စင် ... ဘာခိုင်းမလို့လဲ"

"တခြားတော့မဟုတ်ပါဘူး ... ဒီညနေစောင်း တို့ Dinner သွားစရာ တစ်ခုရှိတယ်၊ အဲဒါ မင်းကို အကူအညီတောင်းချင်လို့"

"ဘာလဲ ... ကျွန်မက စင်စင့်အစား သွားပေးရမှာလား အဲဒါတော့ မလုပ်ပါရစေနဲ့နော်"

"မဟုတ်ဘူး မဟုတ်ဘူး။ ဒီပွဲက တို့ကိုယ်တိုင်သွားမှဖြစ်မှာ အရေးကြီးတယ်၊ ဒီမှာကြည့် ... ဒီတစ်ယောက် ဘယ်လောက်ချော သလဲဆိုတာ၊ နာမည်က စိုင်းလက်ယာတဲ့"

ဖုန်းထဲမှ လက်ယာ၏ဓာတ်ပုံကို Gallery ထဲမှ ထုတ်ပြလိုက် သည်။

ချောမောခန့်ညားသော လက်ယာ၏ပုံကိုမြင်ပေမယ့် နန်းစံ၏ နှာခေါင်းလေးရှုံ့ရင်းမှ –

"ဘယ်လိုဖြစ်ရတာလဲ စင်စင်ရယ်၊ ယောကျ်ားတွေကို စိတ် ကုန်ပြီဆို"

"အာ ... ယောကျ်ားတွေကို စိတ်ကုန်တာလေ၊ တို့ချစ်မယ့် သူတော့ မပါဘူး၊ ဒီတစ်ယောက်ကိုတော့ ထာဝရလက်တွဲဖြစ်လိမ့် မယ် ထင်တာပဲ"

သူမစကားကြောင့် နန်းစံ ပြုံးသည်။





"ဘာပြုံးတာလဲ"

"သဘောကျလွန်းလို့ပါရှင်၊ စင်စင်က ရည်းစားတွေ စိတ်ကုန် တယ်ဆိုပြီး အခုရက်ပိုင်းမှာပဲ စိတ်ပြောင်းသွားတာကို အံ့ဩလို့"

"အချစ်ဆိုတာ တို့အတွက် နက္ခတ်နဲ့ယှဉ်ပြီးမွေးလာတာလို့ ပြောထားသားပဲ၊ တို့နက္ခတ်မြူးလာရင် ဘယ်အရာမှ တားလို့မရဘူး"

"ဟုတ်ပါပြီ"

"မင်းရော ရည်းစားထားဖူးလား နန်းစံ"

"အဲဒါတွေ ကျွန်မ စိတ်မဝင်စားဘူး"

"အဆန်းပဲ၊ မင်း ရင်ခုန်ရမယ့်လူ မတွေ့သေးလို့ပါ၊ ကဲ ... တို့ကို မင်းကူညီရမှာက လက်ယာရဲ့ Dinner ပွဲသွားဖို့အတွက် လက်ဆောင်တစ်ခု ဝယ်ပေး၊ မင်းအဆင်ပြေတာ တစ်ခုခုပေါ့၊ တို့ အခု ရေချိုးထားလိုက်တော့မယ်၊ မင်း ဈွားမောင်းတတ်တယ်မဟုတ် လား"

"ဟုတ် ... မောင်းတတ်တယ်"

"အိုကေ ... ဒါဆို တို့ကားယူသွား"

သူမက ကားသော့ကို ကမ်းပေးတော့ နန်းစံက လှမ်းယူ သည်။

"ရော ... ငွေသုံးသိန်းယူသွား၊ တန်ဖိုးရှိရှိလေး ဝယ်ခဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ချက်ညိတ်ကာ နှုန်းစံထွက်သွားတော့ သူမ ရေချိုး ပြီး အလှပြင်ဖို့ အခန်းထဲဝင်လိုက်သည်။

နှုန်းဘဲတစ်ယောက်ကတော့ ထွက်သွားလေပြီ။

❊

ချွေးမြီးကောက် ကျည်တောက်စွပ်ဆိုတာ ဒါမျိုးပဲလား။

ဟိုးရက်ပိုင်းကပဲ ယောကျ်ားဆိုရင် တော်ပြီဟု ကြွေးကြော်ခဲ့ သေးတယ်။ အခုပဲ နောက်ထပ်အသစ်ကို ချိန်ပြန်ပြီ။

ပိုက်ဆံသုံးသိန်းကို ယောကျ်ားတစ်ယောက်အတွက် ရက် ရက်ရောရော သုံးပစ်သော စင်စင်ကို ကျွန်မစိတ်ထဲ အမြင်ကတ်နေမိ တာအမှန်။

မြူးလိုက်တဲ့ နက္ခတ်။

ဟောတစ်ယောက် ဟောတစ်ယောက်ပဲ။

ဆိုင်တစ်ဆိုင်မှ ပစ္စည်းတစ်ခုကိုဝယ်လိုက်ပြီး အထွက်မှာပဲ တစ်ဖက်ဆိုင်မှထွက်လာသော လူတစ်ယောက်နှင့်ဆုံတာမို့ ကျွန်မက အမှတ်တမဲ့ ကြည့်လိုက်မိသည်။





"ဟင်"

တစ်ဖက်ကလည်းအကြည့် ကျွန်မမျက်ဝန်းတွေ ဝိုင်းစက် သွားရသလို သူ့ဘက်ကလည်း မှတ်မိစွာဖြင့် နှုတ်ခမ်းပင် ခပ်ဟဟ ဖွင့်သွားခဲ့သည်။

မမှတ်မိစရာမရှိလောက်အောင် အပြစ်ကင်းချောမောသော ဒီယောကျ်ားကို ကျွန်မ ဘယ်မေ့လိမ့်မလဲ။

"ဂုဏ်"

ကျွန်မရင်ထဲကပဲ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"မင်း မင်းပဲ"

"ရှင်"

"ကိုကို့ကို မှတ်မိတယ်မဟုတ်လား။ ကိုကို့နာမည်က မင်း ဂုဏ်ရှိန်ပါ၊ တစ်ခါတုန်းက မင်း ကူညီခဲ့ဖူးတယ်လေ"

အပြုံးရိပ်တွေဖြာပြီး မျက်ဝန်းနက်တွေက အံ့ဩရိပ်တွေ ဆင်လာပြီးပြောနေသည်။ တကယ်ဆို ကျွန်မ ခေါင်းညိတ်သင့်တာပါ။ ဒီလိုမဲ့ ယောင်ပြီး ခေါင်းခါမိသွားသည်။

"ဘာ"

အပြုံးတို့ ပြယ်လွင့်သွားကာ မျက်နှာချောချောက တည်သွား သည်။ နီမြန်းလာသော မျက်နှာဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး . . . ဒါဆို ငါ လူမှားသွားတာထင်တယ်"

ကိုကို ဒေါသထွက်သွားတာလား။

ပြောပြီး သူက ကော်ဖီဆိုင်အသစ်လေးထဲသို့ ဝင်သွားသည်။

ဒီဆိုင်က အသစ်ထင်သည်။ အရင်က ဒီနေရာမှာ ဒီဆိုင်ကို မတွေ့မိခဲ့။ ဖွင့်တာမကြာသေးဘူး ထင်သည်။

ကျွန်မရင်ထဲ တစ်ခုခုလစ်ဟာသွားသလို ခံစားလိုက်ရသည်။ တကယ်ဆို မှတ်မိနေရဲ့နဲ့ ဘာကြောင့် ခေါင်းခါလိုက်မိတာလဲ။

ပြန်မြင်တွေ့ချင်တဲ့ ကိုကို့ရဲ့မျက်နှာချောချောကို ထပ်ပြီး မြင်ခွင့်မရတော့ပါ။

လက်ဆောင်ဘူးလေးကို ကိုင်ကာ ကျွန်မ ထွက်လာခဲ့လိုက်သည်။

ရင်ထဲတွင်တော့ လစ်ဟာသွားသော ဝေဒနာကြီးကြီးတစ်ခုက စူးစူးနစ်နစ် စိုက်ဝင်လို့နေသည်။

နင် တကယ်ကို အသုံးမကျတဲ့မိန်းမပါလား နန်းစံရယ်။

ယောကျ်ားတစ်ယောက်နှင့်ယှဉ်တွဲသက်ပြီး အတွေ့အကြုံမရှိတဲ့ သူမို့ ဒီလို အယောင်ယောင်အမှားမှား ဖြစ်မိတာများလား။

ခွင့်လွှတ်ပေးပါ ကိုကိုရယ်။

ကယောင်ကတမ်းနှင့် တုန်ခါနေသောရင်ခုန်သံတွေကြားက





ယောင်ယမ်းကာ ခေါင်းခါမိလိုက်တာပါ။

အိမ်ပြန်ရောက်တော့ –

"ကြာလိုက်တာ နန်းစံရယ်၊ ဘာတွေလုပ်နေလို့ ကြာနေတာ လဲ"

"ဟိုလေ . . . ဆိုင်မှာ ကော်ဖီထိုင်မသောက်ဖြစ်တာကြာလို့ လက်ဆောင်ပစ္စည်းဝယ်တဲ့ ဆိုင်ဘေးက ကော်ဖီဆိုင်မှာ ခဏထိုင် သောက်နေတာပါ"

ကျွန်မ ညာလိုက်မိသည်။ တကယ်တော့ ကားမမောင်းနိုင်ဘဲ ကားပေါ်မှာ အကြာကြီး ငိုင်တွေနေမိတာပါ။

"ဘယ်နားက ကော်ဖီဆိုင်လဲ"

"ဒီလမ်းနဲ့ သုံးလမ်းကျော်က Mini Market ဘေးနားက ကော်ဖီဆိုင်အသစ်လေးမှာပါ။ အပြင်အဆင်လေးက အေးချမ်းတယ်"

"ဟုတ်လား၊ တစ်နေ့ တို့တွေသွားထိုင်ရအောင်လေ"

"ဟုတ်ကဲ့"

သူမက လက်ဆောင်ဘူးလေးကို နန်းစံလက်ထဲမှယူပြီး–

"ကဲ . . . တို့သွားမယ်"

နန်းစံကို နှုတ်ဆက်ပြီး သူမ ထွက်လာခဲ့လိုက်သည်။ သုံးလမ်းကျော်က Mini Market ကိုရောက်တော့ ဘေးမှ ကော်ဖီဆိုင်သစ်



www.burmeseclassic.com

www.burmeseclassic.com



လေးကို အကြည့်ကရောက်သွားသည်။

နန်းစံ ချီးမွမ်းတဲ့အတိုင်း တကယ့်ကို အေးချမ်းပုံရတဲ့ ဆိုင်လေးပါလား။

သူမအိမ်က ဘာမှ မစားခဲ့ဘဲ ထွက်လာတာမို့ ဗိုက်ဆာသလိုရှိလာသည်။ Dinner ချိန်ကလည်း လိုသေးတာမို့ ကော်ဖီတစ်ခွက်လောက်တော့ ဝင်သောက်ဦးမှပဲဟု ဆုံးဖြတ်လိုက်ကာ ကားကို ရပ်လိုက်သည်။

ဆိုင်ထဲသို့ဝင်ခဲ့ပြီး ကော်ဖီတစ်ခွက်မှာပြီး ဆိုင်ထဲကို အကဲခတ်လိုက်သည်။

တကယ်ပဲ အပြင်အဆင်က စိတ်ကို ငြိမ်းချမ်းစေပါလား။

သူမ ဒီဆိုင်လေးကို သိပ်သဘောကျသွားရသည်။

ထိုစဉ် သူမမျက်လုံး၏အကြည့်က ဆိုင်ကောင်တာပေါ်ရောက်သွားသည်။

ဟယ် ... အရမ်းကို Smart ကျပြီး ချောမောလွန်းတဲ့ တစ်ယောက်ပါလား။

ယောကျ်ားတန်မဲ့ ချောလိုက်တာ။ သူမမျက်ဝန်းထဲ စွဲသွားပြီး သူမ နှုတ်ခမ်းလေး ကော့ညွတ်စွာ ပြုံးလိုက်မိသည်။

ကော်ဖီလာချပေးသော ဝိတ်တာလေးကို –





"ဒီဆိုင်ပိုင်ရှင်က ဘယ်သူလဲ မောင်လေး"

"ဪ ... ကောင်တာမှာထိုင်နေတဲ့ အစ်ကိုပါ အစ်မ"

"တို့ သူနဲ့စကားပြောချင်တယ်၊ ဖြစ်မလား"

"ဟုတ်ကဲ့ ... ကျွန်တော်စီစဉ်ပေးပါ့မယ်"

ဝိတ်တာလေးက ထွက်သွားကာ သူ့ထံသွားပြောနေသည်။ ခဏကြာတော့ –

"ဒီက ကျွန်တော်နဲ့ စကားပြောချင်လို့ဆို"

အသံနှင့်အတူ ရောက်လာသော ကိုလူချော၏ ဇဝေဇဝါမျက်နှာလေးနှင့်။

"ဪ ... ဟုတ်တယ်၊ ထိုင်လေ၊ ဒီဆိုင်က ဖွင့်တာမကြာသေးဘူးထင်တယ်နော်၊ အရင်က ဒီနားမှာ မတွေ့ဖူးဘူးလေ၊ အခုတောင် ခုနကထိုင်သွားတဲ့ ညီမလေးက အေးချမ်းတယ်လို့ပြောလို့လာထိုင်ဖြစ်တာလေ"

"ဟို ကျွန်တော်တို့ဆိုင်က ဒီနေ့မှစဖွင့်တာပါ၊ မနက်ကတည်းက ဆိုင်ကိုလာတာ စုံတွဲတွေပဲလေ၊ ဒီကရဲ့ညီမလေးက စုံတွဲလာတဲ့ထဲက တစ်ယောက်ထင်တယ်"

"မဟုတ်ဘူး။ ညီမလေးကတစ်ယောက်တည်း လာထိုင်တာ၊ ခန်းဆီရောင်ဆံပင်လေးနဲ့ ဂါဝန်အဝါနုလေး ဝတ်ထားတဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ တို့က သူ့ကို သူငယ်ချင်းမွေးနေ့မှာပေးဖို့အတွက် လက်ဆောင်ဝယ်ခိုင်းလိုက်တာ၊ လက်ဆောင်ဝယ်ရင်း သူက ဒီဆိုင်မှာ ကော်ဖီဝင်သောက်ခဲ့တယ်တဲ့လေ''

''ဪ''

သူ့အတွေးထဲတွင် လက်ဆောင်ဘူးလေးကိုင်ထားသော အဝါနုရောင်ကောင်မလေး၏ပုံရိပ်လေး ပေါ်လာခဲ့သည်။

သူ့ကိုမှတ်မိရဲ့သားနဲ့ မမှတ်မိပါဘူး၊ မသိပါဘူးဟု အတင်းငြင်းသွားသော ကောင်မလေး။

သူမလေးက သူ့ဆိုင်မှာ ကော်ဖီမသောက်သွားဘဲနဲ့ ဘာလို့ သောက်ခဲ့တယ်လို့ ညာရတာလဲ။

''တို့နာမည်က ချစ်ရေစင်ပါ၊ တို့ညီမလေးနာမည်ကတော့ နှင်းစံထိပ်ထားတဲ့''

''ဟုတ်ကဲ့၊ ကျွန်တော်တို့ဆိုင်ကို အခုလို လာအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောက်လည်း မိတ်ဆွေတွေနဲ့ လာခဲ့ပါဗျာ၊ Disccount ပေးပါ့မယ်''

''တို့ကို ရေစင်လို့ပဲခေါ်ပါ၊ နောက်ဆို တို့က ဒီဆိုင်ရဲ့ဖောက်သည် ဖြစ်တော့မှာပဲ၊ တို့က ကော်ဖီသိပ်ကြိုက်တာ''

ကော်ဖီဆိုင်မှပြန်ခဲ့ပြီးနောက်ပိုင်း သူမအတွက် လက်တွဲဖော်





ဇာ ရည်ရွယ်ထားသော လက်ယာကို ဘယ်လိုမှ ရင်ခုန်လို့မရတော့ပေ။

ကော်ဖီမင်းသားလေးက သူမရင်ထဲ ငြိတွယ်လာခဲ့သည်။

''ဟား နှင်းစံရယ်... တို့တော့ ဒီတစ်ခါ တာကယ့်ကို ကြွေဆင်းခဲ့ပြီ၊ တို့ အဲဒီကော်ဖီဆိုင်ကို ခဏ ခဏ သွားထိုင်ဖြစ်တော့မှာ သေချာတယ်''

''ဘယ်လို''

''ဆိုင်ပိုင်ရှင်ကောင်လေးက အရမ်းချောတာဟဲ့''

ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွားတာကို စင်စင်ကတော့ သိမှာ မဟုတ်ပေ။

ကော်ဖီဆိုင်ထဲ ဝင်သွားသောကိုကိုဟာ စင်စင်ပြောတဲ့ ဆိုင်ပိုင်ရှင်မဖြစ်ပါစေနဲ့လို့ ဆုတောင်းရုံကလွဲလို့ ကျွန်မ ဘာမှမတတ်နိုင်ပါ။

စင်စင့်အချစ်ဂ၊ ပြောင်းလွယ်ဇိုက်တာ။

''စင်စင်ပြောတဲ့တစ်ယောက်က ဘယ်လိုအဝတ်အစား ဝတ်ထားတာလဲ''

''ဒီဗိုင်းကတော့ အမိုက်စားပဲ၊ ကြက်သွေးရောင်တီရှပ်လေးကို ရှူးအနက်နဲ့ တွဲဝတ်ထားတဲ့တစ်ယောက်လေ၊ နားမှာ နားကပ်ပါ ဆင့်ဝတ်ထားတာ''



www.burmeseclassic.com

www.burmeseclassic.com



သေချာနေပါပြီ။

ဒါဆို ကိုကိုက အဲဒီကော်ဖီဆိုင်လေးရဲ့ ပိုင်ရှင်ပေါ့။

"မင်းက အဲဒီဘဲချောချောလေးကို မတွေ့ခဲ့ဘူးလား"

ဘယ်လိုပြောလိုက်တာလဲ စင်စင်ရယ်။

တကယ်ဆို ကိုကို့ကိုမြင်ခဲ့ကတည်းက ကျွန်မရင်တွေ ပရုပ်ပတာ ခုန်ခဲ့ရတာပါ။

ဒါပေမဲ့ ရှင့်လို အတွေ့အကြုံမရှိတော့ ခက်ပြီလားကိုကိုရယ်

ကျွန်မ ဘယ်လိုလုပ်ရမလဲ။

ဟင့်အင်း ... ကျွန်မ ကျွန်မလေ ကိုကို့ကို ဆုံးရှုံးမှာကြောက်တယ်။

အထူးသဖြင့် ...

ချစ်ရေစင်ဆိုတဲ့ အချစ်နကွတ်တွေ တစ်ဘဝလုံး မြှုပ်တတ်တဲ့ ဒီမိန်းမရဲ့ညို့ကွင်းထဲကို ကိုကို့ကို မရောက်စေချင်ဘူး။

အဲဒါ အချစ်လား ကိုကိုရယ်။

❊ ❊ ❊



## အခန်း (၁၂)

"ဘာ ... ဘာပြောတယ် ချို၊ သမီး ... သမီးလေးကို တွေ့ပြီ ... ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ အစ်ကို့သမီးလေးကို ဘယ်မှာရှိတယ် ဆိုတာ ချိုသိခဲ့ပြီ"

"ဘယ် ... ဘယ်မှာလဲ ချိုရယ်၊ ကိုယ့်ကိုပြောစမ်းပါ"

"ချို့တူမလေးရဲ့အိမ်မှာပါ"

ဦးနေအောင်တစ်ယောက် နားမလည်နိုင်သောမျက်ဝန်းတွေနှင့် ကြည့်လာခဲ့သည်။

"ဒါ ... ဒါဆို သမီးလေးကို ဘာလို့ ပြန်မခေါ်လာခဲ့တာလဲ



www.burmeseclassic.com

www.burmeseclassic.com



ချိုရယ်''

''အစ်ကို စိတ်အေးအေးထားပါနော်၊ အခုချိန်မှာ နန်းစံထော ကို ဘယ်သူမှပြန်ခေါ်လို့မရနိုင်သေးဘူးလေ၊ သူက အစ်ကို့ကို စိတ် ဆိုပြီး ထွက်သွားခဲ့တာဆိုတော့ အစ်ကိုမသိအောင် ပုန်းနေတဲ့သဘော ပဲ၊ အခု သူ ဘယ်မှာရှိတယ်ဆိုတာ အစ်ကိုသိနေပြီပဲ၊ ဘာမှ စိတ် စရာမလိုတော့ပါဘူး အစ်ကိုရယ်''

သူမက အစ်ကိုသဘောပေါက်အောင် အခြေအနေအား ကို ရှင်းပြလိုက်သည်။

''သမီးအတွက် အားလုံးအဆင်ပြေအောင် ချို့တူမလေး အားလုံးပြောပြထားပါတယ်၊ သမီးလေးအတွက် ဘာမှလိုလေသော မရှိအောင်လည်း ချို စီစဉ်ပေးခိုင်းထားပါတယ် အစ်ကို''

''ကိုယ် သမီးနဲ့ တွေ့ချင်တယ်ချိုရယ်၊ မတွေ့ရရင်တော ဖုန်းနဲ့ပဲဖြစ်ဖြစ် စကားပြောချင်တယ်''

''အစ်ကို့ဘက်က အဲဒီလို ကြိုးစားလိုက်ရင် နန်းစံက ထွေ ထွက်သွားမှာပေါ့၊ အခု ချို့တူမလေးအိမ်မှာက သူ့အတွက် အား အဆင်ပြေနေတာ၊ သူ ဘာမှသိထားတာ မဟုတ်ဘူး၊ သိသွားခဲ့ တခြားနေရာကို သူထွက်သွားမှာ သေချာတယ်၊ အဲဒီတော့မှ ချို ရှာဖွေရခက်မှာ၊ အစ်ကို စဉ်းစားပါဦးနော်''





သူမက သေသေချာချာရှင်းပြတော့မှ အစ်ကိုက သက်ပြင်းချ ရင်း ခေါင်းညိတ်လက်ခံသည်။

အေးလေ ...ဘာပဲဖြစ်ဖြစ် သမီးလေးရှိနေတဲ့နေရာကို သိလိုက်ရတာမို့ ဝမ်းသာကျေနပ် စိတ်ချသွားတာတော့ အမှန်။

''သမီးက သူ အခုနေနေတာ ချို့ရဲ့တူမအိမ်ဆိုတာ မသိဘူး ညီ''

''ဘယ်သိမလဲ အစ်ကိုရဲ့၊ သမီးသာသိရင် အဲဒီကလဲ ရှောင် ထွက်သွားမှာစိုးလို့ ချိုတောင် မတွေ့ဘဲ တမင်ရှောင်ပေးနေခဲ့တာ ဒါ''

ချို့စကားကြောင့် သူ ငြိမ်သက်သွားရသည်။ တကယ်ပဲ သမီးက သူနဲ့အဝေးဆုံးမှာနေဖို့ ကြိုးစားနေပြီလား။

''ကိုယ်တော့ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး ချိုရယ်''

''လောလောဆယ်တော့ ဘာမှ ဆက်လုပ်လို့တော့ မရသေး ဘူး အစ်ကို၊ သမီးအတွက် စိုးရိမ်ပူပန်နေတဲ့စိတ်တွေ လျှော့လိုက် တော့၊ သူ့အတွက် အဆင်ပြေနေတာပဲ၊ သူ ချို့ကို စာနာနားလည်နိုင် အောင် ချို ကြိုးစားချင်သေးတယ်''

''ချိုရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို ... အစ်ကိုနဲ့ချို့အပေါ် သမီးက နာ
လည်ပေးနိုင်မှ ချိုတို့ဘဝက နီးစပ်နိုင်မှာလေ"

ချိုကတော့ စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောနေ မယ့် သူ့စိတ်ထဲမှာတော့ မောလို့နေသည်။

သူ့အရိပ်အောက်မှ သမီးထွက်သွားခဲ့တာ တစ်လကျော် ပြီ။ တစ်ခါပဲ ဖုန်းဆက်ခဲ့ကာ အဆက်အသွယ် လုံးဝဖြတ်ထားခဲ့သည်။

အခုတော့ သမီးရဲ့သတင်းကို ချိုက သယ်ဆောင်လာသည်။ သမီး အဆင်ပြေသောနေရာတွင် ရှိနေသည်ဆိုတော့ သူ ကျေနပ် ဝမ်းသာရသည်။

ဒါပေမဲ့ သူ့ကို သမီးက လုံးဝအဆက်အသွယ်ဖြတ်တောက် ထားတာတော့ ရင်ထဲမှာ နာကျင်မိသည်။

အားလုံးဟာ သမီးအတွက်ပဲ ရည်ရွယ်ပြီး အကောင်းဆုံး သူကြိုးစားခဲ့တာပဲ ဖြစ်သည်။

ဒါပေမဲ့ ... သမီးရင်ထဲမှာ အထင်လွဲနေတာကိုတော့ သူ မရှင်းနိုင်ခဲ့ပါ။

"ချိုလေ သမီးသာ ချို့ကို လက်ခံမယ်ဆိုရင် အရမ်းပျော် မှာပဲ"

သမီးအတွက်နှင့် ပူလောင်နေသော အစ်ကိုကိုကြည့်ပြီး





သူမ သနားမိပါသည်။

ပြီးတော့ ...

သူမအဖြစ်ကိုလည်း သူမ သနားဖို့မေ့နေခဲ့သည်လေ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဆိုင်ရှေ့တွင်ရပ်ထားသော လန့်ဗိုကီနီကားကြီးကြောင့် ချ
စိတ်ရှုပ်သွားရသည်။

ဒါဆိုရင် ဆိုင်ထဲမှာ ချစ်ရေစင်ရောက်နေပြီပေါ့။

သူတွေ့ချင်တာက တစ်ယောက်၊ ရောက်လာတာက ထ
ယောက် ဖြစ်နေသည်။ ဒါပေမဲ့ . . . ဆိုင်ထဲက ဗိတ်တာလေးတွေ
တော့ ချစ်ရေစင်၏ကွန်ရက်ထဲတွင် ငြိတွယ်နေကြသည်။

ရွှေအိုရောင်ပိုးချိတ်ဘမ်းဆက်လေးကို မြန်မာမဆန်တဲ့ 
ကျအောင် ချုပ်ဝတ်ထားတာမို့ သူမ၏ခန္ဓာကိုယ်ကောက်ကြောင်း
အထင်းသား။





ဂုတ်မထောက်တထောက် ဆံပင်တွေကို နောက်မှာစုချည်
ထားကာ နေကာမျက်မှန်ကို ခေါင်းပေါ်ပင့်တင်ထားသည်။

ဝင်းမွတ်နုဖပ်နေသောမျက်နှာနှင့် အရပ်အမောင်းကောင်းလှ
သော သူမကို လူတိုင်းငေးမောနေသည်။

ဆိုင်ထဲတွင် တစ်ယောက်တည်း သက်သောင့်သက်သာ
ထိုင်နေသောသူမကို ဗိတ်တာတွေသာမကပဲ ထက်မြက်ပါ ငြိတွယ်
နှစ်မျောနေတာကို ဆိုင်ထဲဝင်ဝင်ချင်းမှာပဲ သူ သတိထားလိုက်မိသည်။

ဆိုင်ထောင့်ကကောင်တာမှာ စာရင်းတွေလုပ်ရင်း ထက်မြက်
၏မျက်ဝန်းတွေက သူမဆီမှာ မမိုတ်မသုန် ငေးမောလို့ပါလား။

သူ နှုတ်ခမ်းတွန့်ကာ ပြုံးလိုက်မိသည်။

ချစ်ရေစင်က သူ့ကိုမြင်တော့ အပြုံးလေးနှင့် လက်ပြကာ–

“အခုမှ လာတာလား”

“ဟုတ်တယ်ဗျ၊ တခြားလုပ်စရာတွေရှိသေးလို့”

သူက သူမရှေ့မှခုံတွင် ဝင်ထိုင်ရင်း ဖြေလိုက်သည်။

“ရှင့်နာမည်က”

“ကျွန်တော့်နာမည်က မင်းဂုဏ်ရှိန်ပါ”

“မင်းဂုဏ်ရှိန်”

သူမက သူ့နာမည်ကို တိုးတိုးလေး ရေရွတ်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းတွေထဲ စူးစိုက်ကြည့်ကာ –

"ဂုဏ် . . . လို့ပဲ ခေါ်မယ်နော်"

"အားလုံးက အဲလိုပဲ ခေါ်ကြတာပါ"

"အင်း . . . တို့ကို ဂုဏ်ရဲ့မိတ်ဆွေတစ်ယောက်လို သတ်မှတ်ပေးမလား"

မြောင်းတွေတော့ဖောက်နေပြီဟု သူသိလိုက်သည်။ ထက်မြက်ကလည်း သူတို့နှစ်ယောက်အခြေအနေကို အကဲခတ်နေလိမ့်မည် ဆိုတာကို သူသိနေတာမို့။

"ဩော် . . . ရပါတယ်၊ ဆိုင်ကိုလာအားပေးတဲ့ ဖောက်သည်ပဲ၊ ကျွန်တော် ခင်ပါတယ်"

"ဟယ် . . . တကယ်နော်၊ တို့ အရမ်းပျော်သွားပြီ"

သူမနှင့်စကားနည်းနည်းပြောပြီးချိန်မှာတော့ သူမနှုတ်ဆက်ကာ ပြန်သွားသည်။

အားလုံး၏အကြည့်တွေက သူမနောက်ကျောသို့ ကပ်ပါသွားပေမယ့် သူကတော့ တမင်မကြည့်ဘဲ ကျိတ်ပြုံးလိုက်မိသည်။

ကံကြမ္မာက နည်းနည်းတော့ခွေပြီ။

သူစိတ်ဝင်စား ပတ်သက်ချင်တာက နန်းစံထိပ်ထားကို။

ဒါပေမဲ့ . . . သူ့ကို မြောင်းလာဖောက်တာက ချစ်ရေစင်





ဖြစ်နေသည်။

ချစ်ရေစင်ပြောတာကတော့ သူမ၏ညီမတဲ့၊

အရင်းတော့မဖြစ်နိုင်။

ဘာပဲဖြစ်ဖြစ် နန်းစံလေးရဲ့အကြောင်းတွေကို သိနိုင်ဖို့အတွက်တော့ ချစ်ရေစင်ကိုလိုအပ်သည်။

သူ အာရုံထဲမှာရှိတာကတော့ သူ ချစ်မြတ်နိုးနေသည့် နန်းစံလေးပါပဲ၊

သူ့ကို မှတ်မိရဲ့သားနဲ့ကွာ၊

မင်းလေးရဲ့အကြောင်းကို ကိုယ်သိချင်တယ်ကွာ၊

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သူ့နာမည်က . . . မင်းဂုဏ်ရှိန်တဲ့ဟယ်၊ တကယ်ပဲ ကျွဲ နာမည်နဲ့လိုက်တယ်၊ သူကလေ ယောကျ်ားတန်မဲ့ အရမ်းချောတာပဲ သူနဲ့ ဆုံဆည်းခွင့်ပေးလာတဲ့ ကံကြမ္မာကိုတော့ တကယ်ကျေးဇူးတင် တယ်"

ထမင်းဝိုင်းမှ စထိုင်ကတည်းက ဒီအကြောင်းတွေကိုပဲ စင်စင် က မနားတမ်းပြောနေတာဖြစ်သည်။ ကျွန်မမှာ နားမထောင်ချင်ဘဲ နားထောင်နေရသည့်အဖြစ်။

စားနေရသည့် ထမင်းဟင်းရဲ့အရသာကို မခံစားရဘဲ ရိုး ပစ်နေရသည်။





"တို့ ပတ်သက်ဖူးတဲ့ ယောကျ်ားတွေနဲ့မတူအောင်ကို သူက ထူးခြားတယ်၊ ဒါလား နန်းစံ"

အသည်းတစ်ဖက်ကို ကောက်ဝါးရင်း ပြောလာသော စင်စင် ကိုကြည့်ကာ ကျွန်မ အမြင်ကတ်လာမိသည်။ ယောကျ်ားတကာ၏ အသည်းကိုခွဲခဲ့သူက ဒီစကားပြောလာတော့ ဘယ်လိုယုံရမလဲ။

"အခုကိစ္စမှာ မင်းကျေးဇူးတွေလည်းပါတယ် နန်းစံ၊ မင်း သာ အဲဒီကော်ဖီဆိုင်အကြောင်း မပြောခဲ့ရင် တို့သွားဖြစ်မှာမဟုတ်ဘူး။ မင်းကပြောတော့ တို့ သူနဲ့ဆုံဖို့ ဖြစ်လာတယ်လေ"

ကျွန်မ၏ရင်ထဲ မားထက်ထက်နှင့် မွှမ်းသလိုစကားတွေကို စင်စင်က ပြောနေပြန်သည်။

ဒီအကြောင်းကိုတွေးမိတိုင်းလည်း ကျွန်မကိုယ်ကျွန်မ သတ် ပစ်ချင်လောက်အောင် မုန်းမိသည်။

ကိုကို့ကို စင်စင်နဲ့ ဆုံတွေ့နိုင်အောင် ကျွန်မကပဲ cupid ထုပ်လိုက်သလို ဖြစ်နေသည်။

"အဲဒီကျေးဇူးကို တို့ပြန်ဆပ်ရမယ်"

"ရပါတယ် စင်စင်၊ ကျွန်မအတွက် ဘာမှမလိုအပ်ပါဘူး"

"နေပါဦး နန်းစံရယ် . . . မင်း တို့အိမ်ကိုရောက်တာ ကြာလှ ပြီ၊ မင်းအကြောင်းကို တို့ ဘာမှမသိရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ကျွန်မဘက်ကို ဦးလှည့်လာသည်။

ကျွန်မရဲ့မိသားစုအတွင်းရေးတွေကို လူစိမ်းတစ်ယောက်ကို မပြောပြချင်ပါ။

ဒါပေမဲ့ . . . အလိုက်ကမ်းဆိုးမသိသော စင်စင်ကတော့ မေးရန် ကြံစည်နေသည်။

"မင်းမှာ မိဘတွေရှိသေးလား"

"ကျွန်မမှာ ဒယ်ဒီတစ်ယောက်ပဲရှိတယ်"

မေးလာတော့လည်း မဖြေလို့မဖြစ်။

လတ်တလောမှာ ကိုယ်က သူ့အိမ်မှာ ခိုကပ်နေရသူ။

သူ့ရဲ့ အလုပ်သမား။ အလိုက်အထိုက်တော့ ပြန်ပြောရမည်။

"ဟုတ်လား . . . ဒါဆို မင်းက ကံကောင်းတာပဲ၊ တို့မှာဆို မိဘတွေရော, ဆွေမျိုးတွေရော ဘာမှမရှိဘူး။ အဲ . . . အဒေါ်တစ်ယောက်တော့ ရှိတယ်"

ကျွန်မအကြောင်းတွေကိုမေးရင်း သူ့အကြောင်းတွေ ပြောပြန်သည်။

ဘာပဲဖြစ်ဖြစ် ဂုဏ်ဆိုသော ကိုကို့ဆီက အာရုံပြောင်းသွားတာကိုပဲ ကျေးဇူးတင်ရမည်။





နောက်မို့ဆို နာကျင်စွာနဲ့ ကျွန်မမှာ နားထောင်ပေးနေရတာလေ၊

"မင်းအဖေဆီ မပြန်ဘူးလား နန်းစံ၊ မင်း ပိုက်ဆံထောက်ပံ့ချင်တယ်ဆိုရင် တို့ဆီက လစာကြိုထုတ်သွားလေ"

"ဟင့်အင်း . . . ရတယ် စင်စင်၊ ကျွန်မဒယ်ဒီက ကျွန်မ ထောက်ပံ့စရာမလိုအောင် အဆင်ပြေပြည့်စုံသူတစ်ယောက်ပါ"

"ဟင် . . . ဒါဆို မင်းက တို့ဆီလာပြီး ဘာလို့ ဒီလိုအလုပ်တွေ လုပ်နေရတာလဲ"

"ကျွန်မအိမ်မှာ မနေချင်လို့ ဆင်းလာတာ"

"ဟုတ်လား၊ ဘယ်လိုဖြစ်နေတာလဲဟယ်၊ မိဘဆိုတာ အနှုတ်ကိုကျင်းဝင်ပဲဟာ၊ ဟို့က မိဘတွေမရှိတော့ မိဘမေတ္တာငတ်နေခဲ့တာ"

စင်စင်၏စကားတွေကို ငြိမ်သက်စွာ နားထောင်ရင်း ဒယ်ဒီကို သတိရလာပြန်သည်။ ဒယ်ဒီ့ကို ကျွန်မ ဥပေက္ခာပြုထားတာ ကြာပြီလေ။

"နန်းစံ ညီမလေး . . . ဘယ်တော့မှ မိဘကို စိတ်ဆင်းရဲအောင် မလုပ်နဲ့ကွယ်၊ တို့ မင်းကို ညီမလေးတစ်ယောက်လို ချစ်လို့ ပြောတာနော်၊ ဒါနဲ့ ဘာလို့ အိမ်ကဆင်းလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်သောအဖြေကို မေးခွန်းထုတ်လာပြန်သည်။ စား လက်စ ထမင်းပွဲကို လက်စသတ်လိုက်ရင်း –

"ကျွန်မ တောင်းပန်ပါတယ် စင်စင်ရယ်၊ အဲဒီအကြောင်းတွေ မပြောချင်ဘူး။ ကျွန်မမှာလည်း ကျွန်မခံစားချက်နဲ့ပါ"

ပြောပြီး ထမင်းပိုင်းက ထထွက်ခဲ့တော့ စင်စင်တစ်ယောက် တည်း တိတ်ဆိတ်စွာကျန်ရစ်ခဲ့သည်။

ထင်ချင်သလို ထင်ပါတော့။ ဒယ်ဒီနဲ့ပတ်သက်တဲ့ ဝေဒနာ တွေကို မေ့ထားချင်ပေမယ့် . . . စင်စင်ကြောင့် အသစ်ပြန်ဖြစ်လာခဲ့ ပြီ။

ညှော်ခန်းထဲရောက်တော့ ဒယ်ဒီ့ကို သတိရစိတ်တွေ တိုးလာ ကာ ခြေလှမ်းတွေက ဖုန်းနားကို မရည်ရွယ်ဘဲရောက်ခဲ့သည်။

အိမ်ဖုန်းကိုပဲ လှမ်းခေါ်လိုက်ကာ တစ်ဖက်ကအသံကို နားထောင်လိုက်မိသည်။

"ဟယ်လို"

"ဒေါ်ကြီးရွှေလား . . . သမီး နန်းစံပါ"

"ဟယ် သမီးလေး။ သမီးလေးနော်၊ ခဏကိုင်ထား။ အစ်ကို ကြီး စာဖတ်ခန်းထဲမှာ ရှိတယ်"

"မခေါ်နဲ့တော့ ဒေါ်ကြီး။ သမီး မေးစရာရှိလို့ ဒယ်ဒီ နေ ကောင်းလား"

"ဟုတ်ကဲ့ . . . နေကောင်းပေမယ့် သမီးလေးမရှိတော့ အစ်ကိုကြီး မျက်နှာလုံးဝမကောင်းဘူး"

ဒေါ်ကြီးရွှေ၏စကားကြောင့် ရင်ထဲအောင့်မျက်သွားရသည်။ အသက်ပြင်း ခပ်ဖွဖွချရင်း . . .

"ဒယ်ဒီကို ဂရုစိုက်ပေးပါ ဒေါ်ကြီးရယ်"

"စိတ်ချပါ သမီးရယ်၊ ဒါနဲ့ . . . သမီးလေးက အိမ်ပြန်မလာ သေးဘူးလားဟင်"

"သမီး ပြန်လာလို့မရသေးလို့ပါ။ ဒါနဲ့ . . . အိမ်ကို အန်တီချို လာသေးသလား"

"မနေ့ကတော့ ရွှေတောင်ခေါက်ဆွဲတွေ လာပို့တယ်၊ အစ်ကို ကြီးနဲ့ ခဏစကားပြောပြီး ပြန်သွားတယ်"

ဒါဆို ဒယ်ဒီနှင့်အန်တီချို စာရင်းမပြတ်သေးတာ သေချာ သည်။

လုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စ အပြီးပြတ်အောင် ဒယ်ဒီ့ကို ဖြတ်စေချင်ပေမယ့်၊ ဒယ်ဒီ့အခြေအနေက ခက်ခဲမှာတော့ ကျွန်မ နားလည်ပါသည်။

"ဒေါ်ကြီး . . . သမီးဖုန်းဆက်တာ ဒယ်ဒီမသိစေနဲ့နော်"




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟေ အေး ... စိတ်ချပါကွယ်၊ သမီးလေးရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ သမီးအတွက် စိတ်မပူနဲ့၊ ဒယ်ဒီ့ကိုပဲ ဂရုစိုက်နေ၊ ဒါပဲ ဒေါ်ကြီး"

ပြောချင်တာတွေပြောပြီး ဖုန်းကိုချပစ်လိုက်သည်။ ဒယ်ဒီ နေကောင်းတာ သိလိုက်ရတာမို့ စိတ်ထဲက ကျေနပ်အေးချမ်းသွားတာ တော့အမှန်ပါ။

မအိပ်ချင်သေးပေမယ့် အိပ်ခန်းထဲဝင်ခဲ့လိုက်သည်။ စင်စင်နှင့်ဆုံရင် မကြားချင်တာတွေ ကြားနေရဦးမည်။ တကယ်ဆို ကိုယ့်မှာက ကိုယ့်ဘဝနှင့်ကိုယ်။

စင်စင့်ဘဝနှင့် ကိုယ့်ဘဝက တူတာမှမဟုတ်တာ။

အသေအချာတွေးကြည့်တော့ ကျွန်မဘဝက ဆိုးလွန်းလှသည်။

ဒယ်ဒီနှင့်ပတ်သက်ပြီးတော့လည်း အလိုမကျမှုတွေ ပိုင်ဆိုင်ခဲ့ရသလို တစ်သက်မှာမှတစ်ခါ ရင်ထဲကငြိတွယ်မိသော ကိုကိုနှင့် ပတ်သက်လာပြန်တော့လည်း ကျွန်ရစ်ဖြစ်ရတော့မည်။

အချစ် ...

အချစ်ဆိုတာဘာလဲ။





ဘဝမှာ တစ်ခါမှမခံစားဖူးခဲ့တော့ ကိုကိုနှင့်ဆုံလိုက်မှပဲ နှလုံးသားက ထွေပြစ်ခတ်ခဲ့ရသည်။

ဒါဟာ ...

အချစ်ဆိုတဲ့အရာလား။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဆိုင်ရှေ့ကို သူမ၏ကားကြီး ထိုးရပ်လာကတည်းက ကျွန်တော့်ရင်တွေ တဒိုင်းဒိုင်းခုန်သွားခဲ့သည်။

ကားတံခါးဖွင့်ဆင်းလာသော သူမကို မြင်လိုက်ရတော့ ရင်ခုန်သံတွေ ပိုဆိုးသွားရတော့သည်။

ချစ်ရေစင် . . . တဲ့။

နာမည်လေးကလှသလို လူလေးကလည်း တောက်ပလွန်းသည်။ အမြဲတမ်း အေးအေးတည်ငြိမ်တတ်သော ထက်မြက်ဆိုသည့် ကျွန်တော့်နှလုံးသားဟာ အခုတစ်ကြိမ်မှာတော့ မြင်းရိုင်းတစ်ကောင်လို ခုန်ပေါက်နေခဲ့သည်။





ဆိုင်ထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာသော ဆီးရောင်ဂါဝန် အကျပ်လေးနှင့် သူမကို ငေးကြည့်နေမိတုန်းမှာပဲ နားနေခန်းထဲမှ ဂုဏ်ထွက်လာတာကို မြင်လိုက်သည်။ ခုန်နေမိတေသာ ကျွန်တော့် ရင်ခုန်သံတွေကြောင့် မလှုံမလဲတော့ ဖြစ်မိသည်။

"သြော် ရေစင် . . . ကော်ဖီလာသောက်တာလား"

"အဟင်း . . . ဟုတ်တယ်၊ ရှင်တို့ကော်ဖီကို စွဲနေပြီလေ၊ တစ်နေ့မသောက်ရရင် မနေနိုင်ဘူး။ ပြီးတော့ ဟိုဘက်ကဆိုင်မှာ ညီမလေးအတွက် လက်ဆောင်ဝယ်ပေးရဦးမယ်လေ"

"ရေစင် . . . ညီမအတွက်"

"အင်း . . . ဟုတ်တယ်"

ဂုဏ်နှင့်ချစ်ရေစင်တို့ကတော့ ရင်းနှီးစွာစကားတွေပြောနေသည်။ သူတို့ထိုင်သောဝိုင်းက ကျွန်တော်ထိုင်နေသော ကောင်တာနှင့် နီးနီးလေးမို့ သူတို့ပြောနေသောစကားတွေကို ကြားနေရသည်။

"ဒါနဲ့ . . . ရေစင်နဲ့သူက ညီအစ်မရင်းတွေလား"

"မဟုတ်ဘူး ဂုဏ်ရဲ့၊ တို့နဲ့ ဘာမှမတော်ဘူး"

"ဘယ်လို . . . ဘာမှမတော်ဘူး ဟုတ်လား"

ဂုဏ်က သူမ၏စကားကို စိတ်ဝင်စားသွားသလို မေးသည်။ သူမကလည်း ကော်ဖီသောက်ရင်း ပြောပြနေသည်။ အဲဒီတော့မှပဲ



www.burmeseclassic.com

www.burmeseclassic.com



နန်းစံထိပ်ထားဆိုတဲ့ကောင်မလေးတစ်ယောက်ကို သူမက ကျွ
စောင့်ရှောက်ပေးထားမှန်း သိလိုက်ကြရတာ ဖြစ်သည်။

“ဒါကို ရေစင်က အိမ်ပြေးကောင်မလေးတစ်ယောက်
လက်ခံပေးထားတာပေါ့လေ”

“ဖာတ်လမ်းတွေက အဲဒီထက် ရှုပ်ထွေးတယ် ဂုဏ်
နောက်မှပဲ အေးအေးဆေးဆေးပြောပြတော့မယ်”

“အင်း . . . ကျွန်တော်လည်း ဟိုဘက်ဆိုင်ကို ပစ္စည်းသွ
ဝယ်မလို့၊ ရေစင့်ညီမအတွက် ကျွန်တော် ရွေးခဲ့ရမလား။ ရေ
. . . ဒီမှာ ကော်ဖီသောက်ရင်း စောင့်နေလေ”

“အင်း . . . ကောင်းသားပဲ”

ဂုဏ်ထွက်သွားပြီး ခဏကြာတော့ လက်ဆောင်ပစ္စည်း
လေးနှင့် ဂုဏ်ရောက်လာကာ –

“ရော့”

“ဘယ်လောက်ကျလဲ ဂုဏ်”

“ရတယ် . . . မပေးနဲ့လေ၊ ရေစင့်ညီမအတွက်ပဲ
ကျွန်တော့်လက်ဆောင်ပေါ့”

သူတို့နှစ်ယောက် စကားပြောနေတာကို ကျွန်တော် နား
နေမိသည်။ အပြစ်ဆိုရက်စရာမရှိအောင် ချောမောခန့်ထည်





လှသော သူမ၏မျက်နှာလေးက ကျွန်တော့်ထံ ယောင်လို့တောင်
ကြည့်မလာခဲ့ပါ။

သူမမျက်ဝန်းထဲမှာ ဂုဏ်ကိုပဲ မြင်သည်ထင်ရဲ့။

ဘာကြောင့်မှန်းမသိ ကျွန်တော့်စိတ်ထဲမှာ ဂုဏ်အပေါ် ပထမ
ဆုံးအကြိမ် မနာလိုဖြစ်သွားရမိသည်။

“ကျေးဇူးပဲ ဂုဏ်၊ နောက်မှ တစ်ခုခုလိုက်ကျွေးတော့မယ်
နော်၊ ဂုဏ် အားတယ်မဟုတ်လားဟင်”

“အားပါတယ်၊ ဒါပေမဲ့ . . . ရေစင်ပြုစုရမှာမဟုတ်ဘူးလေ၊
ကျွန်တော်က ကျွေးရမှာပါ၊ ရေစင်က ကျွန်တော့်ဆိုင်ကို အမြဲလာ
အားပေးတဲ့ Customer ပဲဟာ”

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အတိုင်
အဖောက်ညီညီ ပြောနေကြတာကိုကြည့်ရင်း ကျွန်တော်ကတော့
ပွဲကြည့်ပရိသတ်လို ဖြစ်နေသည်။

“ထက်မြက် . . . ငါ အပြင်ခဏလိုက်သွားဦးမယ်”

ခေါင်းညိတ်မိလိုက်သလား၊ ခေါင်းခါမိလိုက်သလား ကျွန်
တော်ကိုယ်တိုင်တောင် မသိလိုက်ပါ။ ဂုဏ်ကတော့ ချစ်ရေစင်နှင့်အတူ
ထွက်သွားသည်။ ဝိတ်တာလေးတွေအားလုံးက အားကျသလို ငေးငေး
ဆိုမှာတော့ ကျွန်တော့်ရင်ထဲမှာ လစ်ဟာသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနှင်းကလေးတွေနှင့်ပတ်သက်ရင် အမြဲတမ်း ဂုဏ်ဏ ကာကြောင်းလွန်းလှသည်။

ဒီတစ်ခါတော့ ဂုဏ်ကို ကျွန်တော်ပထမဆုံးအကြိမ် အားကျ မိခဲ့ပြီလေ။

❊

ပေါ်တီကိုအောက်ကို စင်စင်၏ကားကြီးထိုးရပ်တော့ ကျွန် ဧည့်ခန်းထဲက ဆိုဖာပေါ်တွင် ထိုင်နေချိန်ဖြစ်သည်။

ကားတံခါးဖွင့်ဆင်းလာသော စင်စင်၏မျက်နှာပေါ်တွင် အပြုံးတွေသီးနေသည်။ ထိုင်နေသောကျွန်မကိုမြင်တော့ –

"နှင်းစံ ရော့ . . . မင်းအတွက် လက်ဆောင်"

ကမ်းပေးနေသော ဘူးအနက်လေးကို ကြည့်ရင်း ကျွန် မျက်ခုံးလေး တွန့်သွားကာ –

"ဘာလဲ စင်စင်"

"လက်စွပ်လေးလေ"

"ကျွန်မ မလိုချင်ဘူး"





စင်စင်က မျက်ခုံးလေးပင့်ရင်း သက်ပြင်းချသည်။ ပြီးတော့ ကျွန်မဘေးတွင်ဝင်ထိုင်ရင်း –

"အမှတ်တရတော့ ယူလိုက်ပါဟယ်၊ အဲဒါ . . . ဂုဏ်ကိုယ်တိုင် ရွေးပြီးဝယ်လာတာ။ တို့က ပိုက်ဆံပြန်ပေးတော့ လက်မခံဘူး"

ဖြစ်ခဲ့သမျှကို စင်စင်က ရှင်းပြသည်။

ဒါဆို ဒီပစ္စည်းလေးကို ကိုကိုကိုယ်တိုင် ဝယ်ပေးလိုက်တာပေါ့။ ကိုကိုက ကျွန်မကို သိနေလို့လား။

လက်စွပ်လေးတဲ့။

ဘာအဓိပ္ပာယ်လဲ ကိုကိုရယ်။

"အဟင်း . . . ဒီနေ့တော့ တို့အတွက် ဂုဏ်နဲ့အတူ နေ့လယ်စာ စားဖြစ်တာ အမြတ်ပဲသိလား"

ကျွန်မရင်ထဲကို လှံနဲ့ပစ်သွင်းလိုက်သလို စကားလုံးပါပဲ၊ အချိန်တိုလေးအတွင်းမှာ စင်စင်နဲ့ကိုကို့ရဲ့ ရင်းနှီးမှုက ခိုင်မြဲသွားခဲ့တာလား။

"တို့အတွက်တော့ အားလုံး အဆင်ပြေနေတယ်နှင်းစံ၊ နောက်မှ မင်းနဲ့မိတ်ဆက်ပေးမယ်၊ ဂုဏ်ကလည်း မင်းကို တွေ့ချင်တယ်တဲ့၊ တို့က မင်းအကြောင်းတွေ ပြောထားတယ်လေ"

"ကျွန်မအကြောင်း . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . မင်းက တို့ညီမပဲဟာ၊ အခုချိန်ထိ ရည်းစားတောင်မထားဘူးသေးလို့ ကြော်ငြာတဲ့သဘောပါ။ ဂုဏ်မှာ ထက်မြက်သု ဆိုတဲ့အစ်ကိုတစယောက် ရှိသေးတယ်လေ၊ မင်းအတွက် တို့ ရည်ရွယ်ထားတာ"

ကျွန်မ တွန့်ခနဲဖြစ်သွားတော့ စင်စင်ကရယ်သည်။

"အစ်ကိုဆိုလို့ လန့်သွားတာလား။ ဂုဏ်ထက် တစ်လလောက်ပဲကြီးတာပါဟယ်၊ ဂုဏ်လောက်မချောပေမယ့် သူလည်း လူချောလူခန့်တစ်ယောက်ပဲ၊ မင်းတွေ့ရင် သဘောကျမှာပါ၊ အရမ်းတည်တာနော်"

လမ်းကြောင်းတွေက ကျွန်မဘက်ကို ဦးလှည့်လာတာမို့ စောစောစီးစီး ရှောင်တိမ်းထားမှဖြစ်မည်။

"ကျွန်မ စိတ်မဝင်စားပါဘူး။ ကိုယ့်ပြဿနာနဲ့ကိုယ်တောင် ရှုပ်ထွေးနေတာကို"

"မင်းပြဿနာတွေက အေးဆေးပဲဟာ၊ ဘာမှ ပူနေစရာမလိုဘူး။ လူငယ်လေးပီပီ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေစမ်းပါဟယ်"

"ကျွန်မဘာသာပဲ အေးအေးနေပါရစေ စင်စင်ရယ်၊ ဘယ်ယောက်ျားကိုမှ ကျွန်မ စိတ်မဝင်စားဘူး။ စင်စင့်ဇာတ်လမ်းကိုသာ





ရဲရဲကပါနော်"

"မင်းကတော့လေ . . . တကယ်ပါပဲ၊ တို့အတွက်တော့ မဝိုးရိမ်နဲ့၊ တို့ဇာတ်ကို တို့နိုင်တယ်၊ နိဒါန်းကတော့ အငြိမ်ဇယားပဲ၊ ကဲ . . . တို့ ရေချိုးလိုက်ဦးမယ်"

စင်စင် ထထွက်သွားတော့ ကျွန်မတစ်ယောက်တည်း ကျန်ခဲ့သည်။ စားပွဲပေါ်ကဘူးလေးကို ကောက်ယူပြီး ဖွင့်ကြည့်လိုက်တော့–

ဟယ် . . . လှလိုက်တဲ့လက်စွပ်လေးပါလား။

ကိုကိုကိုယ်တိုင် ရွေးချယ်ဝတ်ပေးလိုက်တာဆိုတဲ့ အသိလေးက ကျွန်မရင်ထဲ တငြိမ့်ငြိမ့် ဖြစ်စေသည်။

ဂုဏ်ဟုသာ ကျွန်မကသိထားသော ကိုကို့နာမည်က မင်းဂုဏ်ရှိန်တဲ့၊

ဒါကို စင်စင်ကသိသွားပြီး ရင်နင်းမှုရသွားခဲ့ပြီ။ တကယ်ဆို ကိုကို့ကို ကျွန်မကပဲ အရင်ဆုံးတွေ့ခဲ့တာမဟုတ်လား။ ရင်းနှီးခင်မင်ဖို့ အခွင့်အရေးတွေ ရနိုင်ခဲ့တဲ့ကြားက မိုက်မဲစွာနှင့် ရှောင်ထွက်ခဲ့မိသည့် အဖြစ်။

အခုတော့ . . . ကိုကို့နှင့်စင်စင်တို့ဇာတ်လမ်းကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေရတဲ့ ကျွန်မအဖြစ်က ရင်မောစရာကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေစင် ...ဆိုတာ အချစ်နက္ခတ်ကိုအကြောင်းပြုပြီး ယောကျ်ားတွေရဲ့အသည်းကို ကစားတတ်သူ၊ ဖဲ့ခြွေတတ်သူ။

ထိုမိန်းမက ကိုကို့ကိုရော ဒီလိုပဲ ချူးခြွေသွားခဲ့ရင် ...။

တွေးကြည့်ရုံနှင့် ကျွန်မရင်တွေ ပူလောင်စိုးရိမ်မိသည်။

မရက်စက်လိုက်ပါနဲ့ စင်စင်ရယ်။

ကိုကို့အသည်းကို မကစားပါနဲ့လို့ တောင်းပန်ရင်ရော စင်စင် နှလုံးသားက သနားတတ်ပါရဲ့လား။

❊ ❊ ❊



အခန်း (၁၆)

"တီလေးရဲ့ကောင်မလေးက တကယ့်ပြဿနာမလေးပဲ ထင်တယ်"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ ဘာပြဿနာဖြစ်လို့လဲ"

ဖုန်းထဲတွင်ကြားရသော တီလေးအသံက စိုးရိမ်မှုတွေကို တွေ့နေရသည်။ သူမဆိုလိုသောအဓိပ္ပာယ်ကို သဘောမပေါက်ဘဲ တီလေး နားလည်မှုလွဲသွားတာပဲ ဖြစ်ရမည်။

"ဘာပြဿနာမှ မဖြစ်ပါဘူး။ ရေစင်ဆိုလိုတာက အပြောရ အဆိုရ ခက်တာကိုပြောတာ"

"အဲဒါတော့အမှန်ပဲ ရေစင်၊ အခုပဲကြည့်လေ ... သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com



စကားကို နားမထောင်ဘဲ မိန်းကလေးတန်မဲ့ ဘာမှမကြောက်ဘဲ အိမ်ပေါ်က ဆင်းသွားတာ သက်သေပဲ''

''တီလေးနဲ့အဆင်ပြေစေချင်လို့ ရေစင်က သူ့ကိုပြောင်းလဲဖို့ ကြိုးစားကြည့်တယ်သိလား၊ ဒါပေမဲ့ . . . မရဘူးတီလေးရ၊ သူ နားလည်ခံစားတတ်အောင် ရှည်းစားထားဖို့ တိုက်တွန်းတာတောင် ခါးခါးသီးသီး ငြင်းတယ်''

''ဒီကောင်မလေး ရည်းစားရပြီး လက်ထပ်သွားရင်လည်း ကောင်းသားပဲဟာယ်''

တီလေးရဲ့ စိတ်ရှုပ်ညစ်ညူးစွာပြောသော စကားသံတွေကို နားထောင်ပြီး သူမ ပြုံးလိုက်မိသည်။ အသက်ကြီးမှ ဝက်သက်ပေါက်ချင်သည့် တီလေးခမျာ ရင်ဆိုင်နေရတဲ့ဒုက္ခတွေက မသေးပါလား။

''တီလေး''

''ဟေ''

''အခု ရေစင်က ဘာဆက်လုပ်ပေးရမှာလဲ ပြော''

''ဘာမှဆက်မလုပ်ပါနဲ့ဦးဟယ်၊ ညည်းပဲ ဆက်စောင့်ရှောက်ထားပါ၊ အစ်ကိုကလည်း သူ့သမီးကို တွေ့ချင်နေတာ''

''အဲဒါဆိုလည်း လာတွေ့နိုင်းလိုက်လေ''

''ဟယ် . . . အဲလိုတော့ လုပ်လို့မရသေးဘူးလေ၊ ပြဿနာ





တက်သွားမှာပေါ့။ ညည်းဆီမှာမနေတော့ပဲ တခြားလစ်သွားရင် ဘယ်လိုလုပ်မလဲ''

''အာ . . . တီလေးဒုက္ခကလည်း မသေးပါလားနော်''

တကယ်ပဲ တီလေးရဲ့အဖြစ်ကို သူမ စာနာမိပါသည်။ တီလေးခမျာ ယောက်ျားတစ်ယောက်ရဖို့ ရင်ဆိုင်နေရတဲ့ အခက်အခဲဒုက္ခက ကြီးမားလွန်းလှသည်။

အဲဒါ တီလေးဝင့်လည်တာ။

အသက်ငယ်တုန်းက လာတောင်းသမျှ ယောက်ျားတွေကို အရိုးများတယ် ချီးခါးတယ်ဆိုပြီး ငြင်းခဲ့တာလေ၊

အခုတော့ ဝင့်လည်ပြီ။ မတော်ရသေးသည့် ဝမ်းမနာသမီးလေးအတွက် စေတနာတွေထားကာ စီစဉ်ပေးနေတာတွေကိုပဲ ကြည့်လေ၊

နန်းစံကို ချက်ပြုတ်ခိုင်းနေတာမသင့်တော်ဟုဆိုကာ သူ့ဒုက္ခအရောက်ခံပြီး သူ့လက်ထွဲပုဆိုးမကို သူမအိမ် ပို့ခဲ့တာပဲကြည့်တော့။ သူမမှာလည်း နန်းစံကို မခိုင်းရက် မစေရက်ပဲ အိမ်ပေါ်တင်ကာ ထားပေးထားရသည်။

အပြိုမ့်သား သက်သောင့်သက်သာနေပြီး အိမ်ကထွက်သွားမှာကိုတောင် စိုးနေရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"ရေစင် . . . ဒီမှာ တီလေးပြောထားတဲ့အတိုင်းသာ ဆက်ကူညီပါဟယ်၊ အခုအရေးကြီးတာက အစ်ကိုက ညည်းကိုတွေ့ချင်နေတယ်"

"အာ . . . တီလေးကလည်း ပြဿနာပဲ၊ တီလေးဘဲကြီးက ဘာလို့ ရေစင်ကိုတွေ့ချင်နေရပြန်တာလဲ"

"သူ့သမီးအတွက် ညည်းကို မေးမြန်းချင်တာကြောင့် ဖြစ်မှာပေါ့ဟဲ့"

ဇာတ်လမ်းကတော့ ပိုပြီး ရှုပ်သထက်ရှုပ်လာခဲ့ပြီ၊ တီလေးကို စာနာစိတ်နှင့် ကူညီနေခါမှ သူမပါ အစစ်ပါလာပြီ။

"ညည်းရဲ့ဖုန်းနံပါတ်ကို တီလေးပေးထားတယ်၊ အစ်ကိုက သူ့သမီးအကြောင်းကို ဖုန်းဆက်မေးရင် သူ စိတ်ချရအောင် ညည်း ပြောဦးနော်၊ တစ်တစ်ခွခွတွေ မပြောနဲ့ဦး"

"တီလေးကတော့ လုပ်ချလိုက်ပြန်ပြီဟယ်"

"ကူညီလက်စနဲ့ ကူညီပေးပါ ရေစင်ရယ်၊ တီလေး ကျေးဇူး မမေ့ပါဘူးနော်"

"ဒုက္ခပါပဲ . . . သူမနဲ့အခေါ်ကြားမှာ ကျေးဇူးစကားက ပြောစရာလိုလို့လား။ စိတ်ချ . . . တီလေးရဲ့အကောင်အိုဖုန်းဆက်ရင် ပြောပေးမယ်"





"ဟဲ့ . . . ဘယ်ကအကောင်အိုလဲ"

"တီလေးဘဲကြီးက အစ်ကိုအောင်မဟုတ်လား၊ အဲတော့ အကောင်အိုပေါ့ . . . အဟင်း"

"အေးပါ အေးပါ . . . ညည်းပဲပြော၊ နန်းစံကိုတော့ ညည်း အိမ်ကနေ ထွက်မသွားစေနဲ့နော်၊ အဲဒါ အရေးကြီးတယ်"

"တီလေးရဲ့ဟာလေးက ကုတ်နဲ့ကော်တောင် ထွက်သွားမှာ မဟုတ်ဘူး။ စိတ်ချ"

ပြောပြီး သူမ ဖုန်းပိတ်လိုက်သည်။ အိမ်ထဲ နန်းစံကို ရှာကြည့်တော့မတွေ့ပါ။ မီးဖိုခန်းထဲရောက်တော့လည်း ပူစူးမ တစ်ယောက်တည်း ချက်ပြုတ်နေတာတွေ့ရသည်။

"ပူစူးမ နန်းစံရော"

"အပြင်ခဏသွားတယ် မမလေး"

"ဟုတ်လား . . . ဘယ်သွားမယ်လို့ ပြောလဲ"

"လမ်းထိပ်တင်လို့ပဲ ပြောသွားတယ်၊ ဘယ်သွားတာလဲတော့ မသိဘူး"

သူမ စိတ်ထဲထင့်ခနဲဖြစ်သွားတာတော့ အမှန်ပင်။ နန်းစံက ပြောင်းသွားတတ်သူမဟုတ်။ သွားမယ်ဆိုရင်လည်း သူမကိုပြောပြီးမှ သွားတတ်တာလေ၊ အခုတော့ ဘာမှပြောမသွားတာတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးထင်သည်။

အာရုံထဲမှာ ထင်းခနဲပေါ်လာတာက တီလေးရဲ့မျက်နှာ။ နန်း ကို သူမ အိမ်မှထွက်မသွားစေဖို့ တီလေးက သေသေချာချာ မှာထ ခဲ့တာ။

စိုးရိမ်ပူပန်သောစိတ်တို့နှင့် ကားပေါ်တက်ကာ မောင်းထွ ခဲ့သည်။ နန်းစံဆိုတဲ့တာဝန်ကြီးက သူမပခုံးပေါ် ရောက်နေတာ ထ ဒုက္ခပင်။

ကားကို လမ်းထိပ်အထိ မောင်းလာရင်း မျက်ဝန်းတွေ လည်း မနားတမ်း ဘေးပတ်ဝန်းကျင်ကိုလည်း ရှာဖွေရသေးသည် မမလေးကတော့ လမ်းထိပ်အအေးဆိုင်လေးတွင် တစ်ယောက်တည် ငုပ်တုတ်လေးထိုင်နေသည်။

သူမကားကို ထိုးရပ်ပြီး တစ်ယောက်တည်းထိုင်နေသေ နန်းစံ၏ စားပွဲလေးဆီ လျှောက်လာခဲ့သည်။ သူမကိုမြင်တော့ နန်းစံ မော့ကြည့်ရင်း –

"ကျွန်မကို ခိုင်းစရာရှိလို့လား"

"မရှိပါဘူး။ မင်းအပြင်ထွက်သွားတယ်ဆိုလို့၊ ဒီမှာ ယောက်တည်း ဘာလာလုပ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး စင်စင်ရယ်၊ ကျွန်မ စိတ်ပြေလ





ျှောက် လာထိုင်နေတာ၊ အခုပဲ ပြန်တော့မလို့"

အခုတစ်လော နန်းစံ ထူးခြားနေတာတော့ သေချာသည်။ အိမ်မှာလည်း ငူငူငိုင်ငိုင်ကြီး ဖြစ်နေတတ်သည်။ ဘာတွေ ကြံစည်နေ ာလဲလို့တော့ သူမ သံသယဖြစ်လာမိသည်။

သူမအိမ်မှာ မနေချင်တော့တာကြောင့်လား။

"မင်းကလည်း ထိုင်ပါဦး။ တို့လည်း ပျားသံပုရာလက်ဖျော် စ်ခွက်လောက်တော့ သောက်ချင်သေးလို့ ပြီးမှ အတူပြန်တာပေါ့"

"အင်း . . . သောက်လေ"

"ဒါနဲ့ . . . မင်းက ဘာဖြစ်နေတာလဲ"

"ဟင် . . . ဘာဖြစ်နေလို့လဲ၊ မဖြစ်ပါဘူး"

နန်းစံက မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ပြောသည်။

သူမက နန်းစံ၏မျက်နှာလေးကို အကဲခတ်ရင်းမှ –

"မသိဘူးလေ၊ မင်း တစ်ခုခုညစ်နေသလားလို့၊ ပြဿနာ ရှိရင် တို့ကိုပြောနော်၊ တိုင်ပင်စရာရှိရင်လည်း တိုင်ပင်လို့ရတယ်၊ တို့က မင်းကို ညီမလေးလို သဘောထားတာ"

စကားလမ်းကြောင်းခင်းပြီး မေးတော့လည်း နန်းစံက ခေါင်း ခါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်လိုအစ်အောက်မေးရမလဲ စဉ်းစားရင်း စားပွဲထိုးလေး လာချပေးသော ဖျားသံပုရာဖျော်ရည်ကို တစ်ငုံသောက်လိုက်သည်။

ထိုအချိန်လေးမှာပဲ ဆိုင်ထဲကို လှမ်းဝင်လာသော အရိပ်တစ်ခုကြောင့် သူမ မှင်တက်အံ့သြသွားရသည်။

"ဂုဏ်"

သူမ၏နှုတ်မှ ရေရွတ်သံကြောင့် နန်းစံကလည်း ဆိုင်ရှေ့ကိုဆတ်ခနဲ လှည့်ကြည့်သည်။

စိမ်းပြာရောင် T-Shirt လေးကို ကွာတားဘောင်းဘီအဖြူစွတ်စွတ်လေးနှင့် တွဲဝတ်ထားကာ နေကာမျက်မှန်ကိုချွတ်ရင်း ဂုဏ်ကသူမတို့ထံ တန်းတန်းမတ်မတ် လျှောက်ဝင်လာခဲ့သည်။

"ဂုဏ် ... ဘယ်လာတာလဲ"

"ဒီနားက ဖြတ်သွားရင်း ရေစင်ကားကို တွေ့လို့ ဝင်လာတာ"

"လာ ... ထိုင်လေ၊ တစ်ခုခုသောက်ဦး"

"အင်း"

ပြောရင်း သူက ရောက်ချိုလက်ဖျော်တစ်ခွက်မှာသည်။ သူ့အကြည့်တွေက နန်းစံထံတွင် ဝဲနေတာကို သူမ သတိပြုလိုက်မိသည်။ နန်းစံကတော့ ခေါင်းလေးငုံ့ကာ ကုန်နေပြီဖြစ်သော အအေးခွက်ကို





စိုက်ကြည့်နေသည်။

"ဂုဏ် ... ဒါ နန်းစံလေ၊ နန်းစံထိပ်ထားတဲ့"

"ဟုတ်လား။ ရေစင်ရဲ့ မွေးစားညီမလေးဆိုတာလား။ အခုမှပဲ သေချာမြင်ဖူးတော့တယ်၊ အဟွန်း ဟွန်း"

"နန်းစံ ... ဒါက ဂုဏ်လေ ... မင်းဂုဏ်ရှိန်တဲ့၊ Green ကော်ဖီဆိုင်ပိုင်ရှင်လေ၊ သိတယ်မဟုတ်လား"

သူမက မိတ်ဆက်ပေးတော့ နန်းစံက ခေါင်းဆတ်ခနဲညိတ်ပြီးမှ ပြန်ငုံ့ပြီးခေါင်းယမ်းတာမို့ နန်းစံ၏ အူတူတူ လုပ်ရပ်လေးကို သူမရော ဂုဏ်ပါ သဘောတကျ ရယ်မိကြသည်။

"ဟား ဟား ... မင်းကလည်း ခေါင်းညိတ်တွေရော ခေါင်းခါတာတွေရော စုံနေတာပဲ နန်းစံရယ်"

"ဟို ... ကျွန်မနဲ့မှ မသိတာ"

"တကယ်မသိတာလား။ မင်းကိုတော့ ကိုယ်သိတယ်နော် ... အဟွန်း ဟွန်း"

"အာ ... တကယ်မသိတာပေါ့"

ဂုဏ်က ရယ်ဟဟလေး နောက်ပြောင်တာကိုပင် နန်းစံက အမှန်ဖြေရှင်းနေတော့ သူမတို့ရယ်မိကြပြန်သည်။

နန်းစံကတော့ မျက်နှာလေးရဲလျက် ခေါင်းလေးငုံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရယ်လည်း ရယ်စရာကောင်းသည်။

ဒါပေမဲ့ . . . နန်းစံဆိုတဲ့ကောင်မလေးဟာ သူမအတွက်တော့ လက်ကီးလေးပါပဲ။

အခုလည်း ကြည့်လေ . . . နန်းစံကိုလိုက်ရှာရင်း ဒီဆိုင်လေးကို ရောက်ခဲ့တာကြောင့် ဂုဏ်နဲ့မထင်မှတ်ဘဲ လာဆုံဖြစ်တာလေ။

ကျေးဇူးတင်ပါတယ် နန်းစံရယ်။

❊ ❊ ❊



## အခန်း (၁၇)

သူမလေးအပေါ် မကျေမနပ်ဖြစ်ခဲ့ရသော စိတ်တွေ သူ့ရင်ထဲက ပျောက်ဆုံးသွားခဲ့ရသည်။ သူမအကြောင်းတွေ မသိခင်ကတော့ သူ့စိတ်ထဲက သူမအပေါ် တစ်မျိုးထင်မိခဲ့သည်။

ချစ်ရေစင်ပြောပြမှပဲ သူမဘဝလေးကို သေသေချာချာ သိခဲ့ရတာပဲ ဖြစ်သည်။

အဖေကိုစိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းလာတဲ့ ကောင်မလေးတဲ့လား။ သူ တကယ်ကို သူမလေးကို သနားမိသွားသည်။

တကယ်ဆိုရင် သူနဲ့သူမလေး၏အသက်က သိပ်မကွာပေမယ့် ကောင်မလေး၏မျက်နှာလေးက နုဖပ်ဝင်းမွတ်နေတာမို့ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟု ခေါ်နေမိသည်။

"တို့သိထားသလောက်ကတော့ နန်းစံက သူ့အဖေ နော
အိမ်ထောင်ပြုမှာကို စိတ်ဆိုးပြီး အိမ်ကဆင်းလာတာ ဂုဏ်ရဲ့"

ချစ်ရေစင်ပြောပြကတည်းက သူမလေး၏ခံစားချက်တွေ
သူနားလည်ပေးနိုင်ခဲ့တာဖြစ်သည်။ သိမ်ငယ်စိတ်၊ အားငယ်စိတ်တွေ
ပြည့်နေသော သူမမျက်ဝန်းလေးကို သူ သနားမိသလို ချစ်သည်။

အခုချိန်ထိတော့ သူမလေးက သူ့ကို မမှတ်မိချင်ယော
ဆောင်ထားသည်။

ဒါပေမဲ့ သူမလေး၏မျက်ဝန်းလေးတွေက မညာတတ်ကော
သူ မြင်သိခဲ့ပြီ။

"ဂုဏ်"

ခပ်တိုးတိုးခေါ်သံကြောင့် သူ လှည့်ကြည့်တော့ တံခါးတွေ
ရပ်နေသော ထက်မြက်ကို တွေ့ရသည်။

"ဘာလဲ ထက်မြက် . . . ဘာပြောမလို့လဲ"

"မင်း မအိပ်သေးဘူးဆိုရင် မေးစရာရှိလို့"

"အေး . . . မေးလေ၊ ဘာမေးမလို့လဲ၊ ငါ မအိပ်သေးပါဘူး"

ထက်မြက်က သူ့အခန်းထဲသို့ဝင်လာသည်။ ထက်မြက်က
သူ့ခုတင်ဘေးမှ ခုံလေးတွင် ဝင်ထိုင်သည်။





ထက်မြက် မမေးသေးဘဲ ခဏတော့ ငြိမ်သက်နေသည်။
မျက်ဝန်းတွေကတော့ သူ့ကို အကဲခတ်ကြည့်နေတာကိုတော့ သူသိ
နေသည်။

"ထက်မြက် . . . မင်း ငါ့ကို ဘာမေးစရာရှိလို့လဲ"

"ဩော် . . . တခြားတော့မဟုတ်ပါဘူးကွာ၊ ဆိုင်ကို ခဏ
ခဏလာနေတတ်တဲ့ ချစ်ရေစင်ဆိုတဲ့ တစ်ယောက်နဲ့ မင်း ဘယ်အခြေ
အနေအထိ ရောက်နေပြီလဲဆိုတာ သိချင်လို့ပါကွာ"

သူ အံ့ဩသွားမိသည်။ ထက်မြက်၏ပါးစပ်မှ ထွက်လာသော
စကားက ဆိုင်နှင့်ပတ်သက်သောကိစ္စပဲ ဖြစ်မည်ဟု ထင်ထားခဲ့သည်။
အခုတော့ သူထင်ထားတာနှင့် တခြားစီဖြစ်နေသည်။

မထင်မှတ်ထားသော မေးခွန်းကြောင့် သူ ချက်ချင်းမဖြေနိုင်
သေးဘဲ ထက်မြက်၏မျက်နှာကိုပဲ စေ့စေ့ကြည့်နေသော ထက်မြက်က
ရင်မဆိုင်ရဲစွာနှင့် မျက်နှာလွှဲသွားသည်။

"မင်းက ဘာလို့မေးတာလဲ၊ ဘာသိချင်လို့လဲ"

"မဟုတ်ပါဘူး။ မနေ့က မင်းဆိုင်မှာမရှိတုန်း ရောက်လာပြီး
မေးနေလို့ပါ"

သူနှင့် မျက်လုံးချင်း ရင်မဆိုင်ရဲဘဲ ရှောင်နေသော ထက်
မြက်၏ရင်ထဲကို သူ မြင်သလိုလိုရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . ငါနဲ့တော့ မချိန်းထားပါဘူး။ တွေ့ချင်လို့ လာတာနေမှာပေါ့၊ ဘာပြောသွားလို့လဲ"

"ဘာမှတော့ မပြောပါဘူး။ မင်း ခဏနေရင် ပြန်လာမယ်လို့ ငါကပြောလိုက်တာ။ ကော်ဖီသောက်ရင်း စောင့်သေးတယ်၊ မင်း မလာတော့ သူ ပြန်သွားတယ်"

သူ့ကိုတွေ့ဖို့လာသော မိန်းမတစ်ယောက်ကို စောင့်နေဖို့ ထက်မြက်က ပြောသည်တဲ့၊

အံ့သြစရာကောင်းမနေဘူးလား။

"ချစ်ရေစင် စောင့်နေမယ်ဆိုတာကိုသိရင် ငါစောစော ပြန်ခဲ့ တာပေါ့ကွာ"

နံရံဘက်သို့ ငေးနေသော ထက်မြက်၏မျက်နှာက သူ့ဘက် ဖျတ်ခနဲလှည့်လာသည်။ ထက်မြက်၏မျက်လုံးတွေက အညိုရောင် သမ်းနေသည်။

ယောက်ျားချင်းပဲကွာ မင်းပွင့်လင်းစမ်းပါ။

"မင်းနဲ့သူက ပတ်သက်နေကြပြီကိုး"

"မပတ်သက်ပါဘူးကွာ၊ ငါတို့က မိတ်ဆွေတွေပါ"

လက်ခနဲဖြာသွားသော မျက်ဝန်းထဲကအရိပ်တွေက မှော်လင့် ခြင်းတွေလား။





"ကဲ . . . ငါသွားမယ်ကွာ၊ မင်း အိပ်ချင်နေပြီမဟုတ်လား"

ပြောပြီး ထက်မြက်က သူ့အခန်းထဲမှ ထွက်သွားသည်။ ကျန်ရစ်ခဲ့သောသူ့မှာသာ အတွေးတွေတစ်ပုံကြီးနှင့် ပတ်ချာလည်နေ သည်။

ထက်မြက်၏ရည်ရွယ်ချက်က ဘာလဲ။ သူနှင့် ချစ်ရေစင်၏ ရင်းနှီးမှုတွေက ထက်မြက်ကို ပူလောင်မှုတွေခံစားစေချင်လို့လား။

ဒါဆို ထက်မြက်က ချစ်ရေစင်ကို ချစ်နေစဲ့တာပေါ့။ ထက်မြက်ရဲ့နှလုံးသားက ချစ်ရေစင်ထံမှ ညွှတ်ခသွားတာပေါ့။

ဒါဆိုရင် ဒီပွဲမှာ မင်းထပ်ရှုံးနိမ့်ရဦးမှာပဲ ထက်မြက်။ စိတ် တော့မကောင်းပါဘူးကွာ။

ငါ့နှလုံးသားက ချစ်ရေစင်ကို အလိုမရှိပေမယ့် မင်းကို အနိုင် ယူဖို့အတွက်တော့။

❊

အခန်းထဲပြန်ရောက်တဲ့အထိ ကျွန်တော့်မျက်လုံးတွေက အိပ်စက်ခြင်းကို လက်မခံနိုင်ကြတာ သေချာနေသည်။ မျက်လုံးတွေ

www.burmeseclassic.com



သာမကပဲ ကျွန်တော့်စိတ်တွေကလည်း အနားယူဖို့ ငြင်းဆန်နေခဲ့ကြသည်။

အံ့ဩစရာကောင်းလောက်အောင်ပဲ အချစ်ကို သူ့နှလုံးသားက ခံစားတတ်သွားခဲ့တာ ကိုယ်တိုင်တောင် မသိလိုက်ပါ။

ချစ်ရေစင်တဲ့။

စမြင်တွေ့လိုက်ရတဲ့အချိန်မှာပဲ ကျွန်တော့် နှလုံးသားထဲအထိ ခင်ဖျားလေး ထိုးဖောက်နေရာယူသွားခဲ့တာလေ။

ဒါပေမဲ့ ခင်ဖျားရဲ့မျက်ဝန်းတွေ အာရုံတွေဟာ ကျွန်တော့်ဆီမှာ ရှိမနေခဲ့ဘူးဆိုတာကို ကျွန်တော် သိပါတယ်။ ဂုဏ်ဆီမှာပဲ ခင်ဖျားရဲ့ ဦးတည်ချက်တွေအားလုံးက ဆုံမှတ်တစ်ခုလို ဖြစ်နေခဲ့တာ။

ဒါ ဂုဏ်ရဲ့ ချောမောမှုကြောင့်လား။ ရိုးသားစွာဝန်ခံရရင် ကျွန်တော်နဲ့ဂုဏ်က မယှဉ်နိုင်ဘူးလေ၊

ရုပ်ရည်က ဂုဏ်က ကျွန်တော့်ထက်ပိုသာသည်။ ဒါပေမဲ့ နှလုံးသားကတော့ ခင်ဖျားကို လုံးဝချစ်မြတ်နိုးသွားခဲ့တာပါ ရေစင်ရယ်။

တစ်ခါမှ မချစ်ဘူးတဲ့အချစ်ပါ။

ဂုဏ်ဆီမှာပဲရောက်နေတဲ့ ခင်ဖျားရဲ့အာရုံတွေကတော့ ကျွန်တော့်ရင်ထဲကို မြင်နိုင်ဖို့ ခက်ခက်ပါပဲ။

အမှန်တရားတစ်ခုကို သိချင်လို့ ဂုဏ်ကို ဖွင့်ပေးခဲ့ပြီးပြီ။





ဂုဏ်နဲ့ခင်ဖျားကြားမှာ ကျွန်တော်ထင်သလို နှောင်တွယ်မှုတွေ မရှိကြသေးဘူးဆို။ ဒါဆိုရင် ကျွန်တော့်အတွက် မျှော်လင့်ချက်တစ်ခုတော့ရှိတာပေါ့၊

ဒီမျှော်လင့်ချက်နဲ့ပဲ မျှော်လင့်ကြိုးစားခွင့်ပေးပါ။ ဒါ ကျွန်တော့်ဘဝမှာ အချစ်ဦးမို့ပါဗျာ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ခြံထဲတွင် ရှင်းလင်းစရာလေးတွေကို ကျွန်မ လုပ်နိုင်သလောက်လေး ရှင်းလင်းပြီး အိမ်ထဲပြန်အဝင် မှာကြားလိုက်ရတာက ရှုံးကော့စ်ပေါ်မှ အဆက်မပြတ်မြည်နေသော စင်စင်ရဲ့ဖုန်းသံပဲဖြစ်သည်။

ကိုင်မည့်သူလည်းမရှိ။ စင်စင်က ရေချိုးနေသည်ထင်ရဲ့။ မတတ်သာတော့သည့်အဆုံး ကျွန်မပဲ ဖုန်းကိုနားထောင်လိုက်ရတော့သည်။

"ဟယ်လို"

"သမီးက ချစ်ရေစင်လားကွယ်"

"ရှင်"





နားထဲကို စီးဝင်လာတာက ဒယ်ဒီ၏အသံဆိုတာကို ကျွန်မ ချက်ချင်းသိလိုက်တာမို့ တွန့်ခနဲဖြစ်သွားရသည်။ ဖုန်းနံပါတ်ကိုကြည့်တော့လည်း ဒယ်ဒီ၏ဖုန်းနံပါတ် ဖြစ်နေသည်။

"ချစ်ရေစင်လားကွယ်"

ဖုန်းခလုတ်လေးကို ကျွန်မ ချက်ချင်းပဲ ပိတ်လိုက်မိသည်။ ဖုန်းလေးကို ရှုံးကော့စ်ပေါ်ပြန်တင်ရင်း ကျွန်မ တလှပ်လှပ်ခုန်နေသောရင်အစုံနှင့် ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

ဒယ်ဒီနဲ့စင်စင်က ဘယ်လိုဆက်သွယ်မှုတွေရှိနေတာလဲ။ ဘယ်လိုမှ ဆက်သွယ်ပတ်သက်စရာအကြောင်းတော့ မရှိနိုင်ပေ။

ဘာတွေလဲ။ ကျွန်မ ဒီမှာရှိနေတာကို ဒယ်ဒီသိထားတာလား။ စင်စင်နဲ့ ဆက်သွယ်မှုတွေ ရှိနေခဲ့တာလား။

အတွေးတွေက ရှုပ်ထွေးလာသလို စိတ်ကလည်း မွန်းကျပ်လာသည်။

စင်စင့်ဖုန်းကိုပြန်ယူကာ ခေါ်ထားသော call ကို delect လုပ်ပစ်လိုက်သည်။ ဒယ်ဒီခေါ်ထားတာကို စင်စင်တွေ့သွားလို့မဖြစ်။

ဒယ်ဒီနဲ့စင်စင်က လုပ်ငန်းကိစ္စများ ပတ်သက်မှုရှိနေတာလား။

ဒါဆိုရင် ... တော်သေးတယ်၊ ဒယ်ဒီ့နာမည်ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို မှ ပြောပြဖူးတာမဟုတ်တော့ ပြဿနာမရှိပါ။

"တီ တီ တီ"

ထိုစဉ် ခြံတံခါးဆီမှ ကားဟွန်းသံကြောင့် ကျွန်မရော စင်စင်ပါ ထွက်လာကာ ခြံတံခါးထံ မျှော်ကြည့်လိုက်မိသည်။

"ဟယ် . . . ပြဿနာအိုးပဲ"

စင်စင်က ခပ်တိုးတိုးရေရွတ်သည်။ ပြီးတော့ ကျွန်မကို အားကိုးတကြီးပုံစံနှင့် လှည့်ကြည့်ရင်း –

"နန်းစံ . . . သွား မြန်မြန်သွားလိုက်၊ တို့မရှိဘူးလို့ ပြောလိုက်ကွာနော်"

ရှိုးကေ့စ်ပေါ်ကဖုန်းကို ကောက်ယူပြီး ကမန်းကတမ်းမှာသည်။ ပြီးတော့ အခန်းထဲသို့ သုတ်ခနဲ အပြေးတစ်ပိုင်းဝင်သွားသည်။ စင်စင် ရေချိုးခန်းမှထွက်လာပုံရသည်။

ကျွန်မမှာ ဘာမှ မေးချိန်မရလိုက်ဘဲ ကျန်ရစ်ခဲ့ရသည်။ နောက်ထပ် တတီတီနှင့် ကားဟွန်းသံကြားတော့ ကျွန်မ ခြံတံခါးနား ခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။

သေချာတာကတော့ စင်စင်ရဲ့ မရှင်းမလင်းသော ပြဿနာတစ်ခုကြောင့်ပဲဖြစ်ရမည်။

ကြားထဲက မလိမ်ချင်ပါပဲ လိမ်ရမည့်အဖြစ်။





ခြံတံခါးဆီ ကျွန်မရောက်သွားတော့ စိတ်မရှည်စွာ ရပ်စောင့်နေသော ယောကျ်ားတစ်ယောက်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မသိဘူး"

"ချစ်ရေစင်ရှိလား"

"မရှိဘူးရှင့်၊ ခရီးသွားတယ်"

"ဗျာ"

ညှိုးကျသွားသော မျက်နှာပေါ်မှာ စိတ်ပျက်ညစ်ညူးခြင်းတွေ အထင်းသား ပေါ်လွင်နေသည်။

"ဟို ညီမ . . . သူ ဘယ်တော့လောက် ပြန်လာမလဲဟင်၊ ဘယ်ကိုသွားတာလဲ"

"ဟို . . . အဲဒါတော့ မသိဘူးရှင့်၊ အလုပ်ကိစ္စနဲ့လို့တော့ ပြောတာပဲ၊ ကျွန်မက သူ အိမ်စောင့်ထားခဲ့လို့ နေရတဲ့သူပါ"

လောလောဆယ်တော့ ယုံတာမယုံတာထက် ကျွန်မဘက်က စင်စင်အတွက် လိမ်ညာပေးနေရသည်။

"အင်းလေ . . . သူ ပြန်ရောက်ရင် ကျော်စွာအောင်လာသွားတယ်လို့ ပြောပေးပါဗျာ၊ ရောက်တာနဲ့ ဖုန်းဆက်ပါလို့"

"ဟုတ်ကဲ့ . . . ပြောပေးပါ့မယ်"

မျက်နှာညှိုးညှိုးနှင့် လှည့်ပြန်သွားသော ထိုယောကျ်ား၏ကား



www.burmeseclassic.com

www.burmeseclassic.com



ကို မောင်းထွက်သွားသည်အထိ ကျွန်မ ရပ်ကြည့်နေမိသည်။

စင်စင်ရဲ့အရိပ်မှာ ခိုနေရသောဘဝက စင်စင့်ရဲ့ပြဿနာတွေကို မှသာဝဒါကဲတွေကျူးလွန်ပြီး လိမ်ညာပေးနေရသည်။ ဒီပြဿနာတွေကို စင်စင် ရှုပ်ထွေးခဲ့တာမို့ ဘာတွေလဲဆိုတာကိုတော့ ကျွန်မ သေသေချာချာ မသိပါ။

ကြာရင်တော့ မကောင်းဘူးထင်သည်။ ခက်တာက ကျွန်မ အခြေအနေကလည်း ဒီအရိပ်အောက်က လွတ်အောင် ထွက်မသွားနိုင်သေးတာက ပြဿနာလေ၊ စိတ်ညစ်လွန်းတာမို့ ကျွန်မ သက်ပြင်းရှိုက်ရင်း ပြန်လာခဲ့တော့ စင်စင်က အဝတ်အစားလဲပြီး ဧည့်ခန်းထဲတွင် ထိုင်နေသည်။

"ပြန်သွားပြီလား"

"သွားပြီ၊ ကျော်စွာအောင်တဲ့၊ ပြန်လာရင် ဖုန်းဆက်ဖို့ မှာသွားတယ်"

"ဟုတ်တယ်၊ ထားလိုက်ပါဟယ်၊ အာရုံနောက်တယ်၊ ပြီးနေပြီဟာကို လာရစ်နေသေးတယ်၊ ကဲ တို့သွားစရာရှိသေးတယ် ဂုဏ်နဲ့ချိန်းထားတာ"

ဒီနာမည်ကိုကြားတိုင်း ရင်ထဲမှာ အောင့်မျက်သွားရသည်။

စင်စင်က လုလုပပ ပြင်ဆင်ကာထွက်သွားပေမယ့် ကျွန်မ ရင်ထဲမှာတော့ နံ့ချိုစွာ ကျန်နေခဲ့ရသည်။

❊

ဆိုင်အတွက် လိုအပ်သောပစ္စည်းတွေ သွားဝယ်မလို့ ပြင်နေတုန်းမှာပင် ချစ်ရေစင်ရောက်လာကာ သူမလည်းလိုက်မည်ဟု ပြောကာ ကျွန်တော်တို့ကားနှင့် လိုက်ခဲ့တော့ ကျွန်တော် ပျော်ရွှင်မိသည်။

"လိုအပ်တာတွေဝယ်ပြီးရင် လျှောက်လည်ရအောင်လေ"

"လည်လေ၊ ဒီနေ့ တစ်နေ့လုံး တို့အားတယ်"

ဂုဏ်က ရုတ်တရက် အစီအစဉ်ထဲခွဲတာကို သူမက မငြင်းဘူး ဂုဏ် ဆန္ဒတွေကို သူမက ဖြည့်ဆည်းမှုပေးချင်ပုံရသည်။

တစ်နေကုန် လျှောက်လည်ကြပေမယ့် ကျွန်တော်က သေးသူ ဖြစ်နေပြီး ဂုဏ်တို့နှစ်ယောက်က တစ်တွဲဖြစ်နေသည်။ သက်ပြင်းချရင်း သူမမျက်နှာလေးကို ခိုးကြည့်မိတာလည်းအခါခါ။

တော်ဝင်ကိုဝင်တော့လည်း သူမက ဂုဏ်အတွက် အင်္ကျီတစ်ထည် လက်ဆောင်ဝယ်ပေးပြန်သည်။ ဂုဏ်တို့နှစ်ယောက်ကြားမှာ ကျွန်တော်က လူပိုကြီးလို ဖြစ်နေသည်။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ကားငှားပြီးပြန်ခဲ့ချင်ပြီ။ ဒါပေမဲ့ အသိနှင့် သိက္ခာတရားကို ထိန်းသိမ်းကာ အံကြိတ်ရင်း တင်းခံထားရသည်။

တကယ်ဆို ဂုဏ် ဒီလိုမလုပ်သင့်ပါ။ အခုတော့ ကျွန်တော့် ခံစားချက်တွေကို ဥပေက္ခာပြုကာ သူမနှင့်ရယ်မောနေကြလိုက်တာ ကျွန်တော့်ကိုတောင် မေ့ထားကြသည့်ပုံ။

နေ့လယ်စာစားကြတော့လည်း ဂုဏ်ကြိုက်တတ်သည့်ဆိုင်။

"ထက်မြက် ... စားနော်"

မကောင်းတတ်၍ ပြောသည့်ပုံစံမျိုးနှင့် သူမ မေးဖော် ပြော ဖော်တော့ရပါသည်။ ကျွန်တော် ခေါင်းညိတ်ပြပေမယ့် စားလို့တော့ မဝင်တော့ပါ။

"စားပြီးရင် ဘယ်သွားဦးမလဲ"

သူမကမေးတော့ ကျွန်တော်ကပဲ ကပျာကယာ ဝင်ပြော တော့သည်။

"ပြန်မှဖြစ်မယ်ဗျ၊ ဆိုင်မှာ ကလေးတွေပဲထားခဲ့ရတာ တော့လေ"

ကျွန်တော့်ရှေ့မှာ ကျွန်တော့်ကို သက်မဲ့အရုပ်တစ်ခုလိုထား ကြည်နူးပျော်ရွှင်နေကြတာကိုတော့ ကျွန်တော် ဆက်မကြည့်နိုင်တော့ ချေ။





"ဟုတ်တယ် ပြန်ရအောင်၊ နောက်မှ ကျွန်တော်တို့ အေး အေးဆေးဆေး သွားရအောင်လေ ... အဟွန်း"

ဂုဏ်ရဲ့စကားက ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲဆိုတာ ကျွန်တော်နားမလည်တော့ပါ။

ဘာမှ မပတ်သက်သေးပါဘူးဆိုတဲ့စကားကို ပြောခဲ့သော ဂုဏ်ရဲ့မျက်လုံးတွေထဲမှာ အောင်နိုင်သူတစ်ယောက်ရဲ့ ကြွားဝါခြင်း အရိပ်တွေ ခိုတွယ်နေတာပါလား။

ဂုဏ်ရာ၊ မင်းသိရဲ့သားနဲ့ ဒီလောက်ရက်စက်ရသလား။

တကယ်ဆို မင်းဘက်က တစ်ချက်သာဝန်ခံလိုက်ပါ။ ငါ နောက်ဆုတ် အရှုံးပေးလိုက်မှာ။

အခုတော့ ငါ့နှလုံးသားကမျက်ရည်တွေကို မင်းက အရသာခံကြည့်ချင်နေတာမဟုတ်လား။

ကြည့်စေတော့ ညီလေးရယ်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဂုဏ်ကလည်းဟယ် ... တွေ့ချင်လို့ ဖုန်းဆက်တာပေ့ါ"

နားထဲ ခေတ်ဝင်လာသော ချိုအီနေသောအသံကြောင့် ကျွန်မ စိတ်ပျက်သွားရသည်။ လှည့်ကြည့်လိုက်တော့ ခြံထဲထိ ဆင်းလာကာ ဖုန်းပြောနေသော စင်စင့်ကိုတွေ့လိုက်ရသည်။

"ဆိုင်မှာကျတော့ အကြာကြီးထိုင်လို့ ဘယ်ကောင်းမလဲ တို့က ဂုဏ်နဲ့ထိုင်ပြီး စကားတွေ အကြာကြီးပြောချင်တာ"

ဒီအသံ ဒီစကားတွေကို မကြားချင်တာမို့ ကျွန်မ စင်စင်ကို တတ်နိုင်သလောက် ရှောင်နေခဲ့တာ။ ထမင်းဝိုင်းမှာ အတူစားရ တောင် ကိုကို့အကြောင်း စကားစပ်မိမှာစိုးလို့ ကြောက်စိတ်နှင့်အ





ထမင်းတောင် အတူမစားဖြစ်ခဲ့တာ ကြာပေ့ါ။

ကျွန်မက အရင်စားရင်စားထား။ ဒါမှမဟုတ် စင်စင်စားပြီးမှ စားလိုက်တာမျိုးအထိ ရှောင်ခဲ့တာပါ။

အခုလည်း စင်စင်အိမ်ထဲမှာရှိနေတာမို့ ကျွန်မက ပန်းပင် လေးတွေ ရေလောင်းနေခဲ့တာ။ ဒါကိုတောင် ခြံထဲအထိ ဆင်းလာကာ ဖုန်းပြောနေတော့ ပြဿနာ။

"အိုကေ ... တကယ်နော်၊ ဒါဆိုရင် တို့ဘက်က လိုက်လဲ့ မှာ ကြိုဆိုရမှာပေ့ါ ဂုဏ်ရဲ့ ... အဟင်း ဟင်း"

ချွဲပျစ်နေသော စင်စင်ရဲ့စကားသံတွေကို ကြားရတာ ကျွန်မ နားကြားပြင်းကပ်လာရတဲ့အထိပါပဲ၊ ယောကျ်ားတကာကို ဒီလို အညှု အခရာတွေနှင့် ဆွဲဆောင်ခဲ့သည်ထင်ပါရဲ့၊

အခုလည်း ကိုကိုတစ်ယောက် စင်စင်ရဲ့ မာယာကွန်ရက်ထဲ မှာ ပိတ်လှောင်နေပြီလားမသိ။

"အိုကေပါ ... တို့ လုံးဝယုံတယ်၊ တို့ကိုလည်း ယုံနော်"

ဘာတွေကိုယုံပြီး ဘာကို ပြန်ယုံခိုင်းနေသည်မသိ။ ဆက်ပြီး နားထောင်နေရင် ကိုယ်ပဲ အကုသိုလ်များရမှာ။ ကျွန်မ ရေဘုံဘိုင်ကို ပိတ်လိုက်ပြီး ပိုက်တွေကိုသိမ်းလိုက်သည်။

ပြီးတော့ အိမ်ထဲဝင်ပြီး အစိမ်းနုရောင် ဘောင်းဘီတိုလေးကို



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်စွပ်ကျယ်ပုံ ကိုယ်ကျပ်လေးနှင့် တွဲဝတ်လိုက်ပြီး လေဒီ
အနက်ကလေးစီးကာ အပြင်သို့ ထွက်လာခဲ့လိုက်သည်။ အအေးဆိုင်
လေးသွားတာပဲ ကောင်းသည်။

"ဟော့ နန်းစံ ... ဘယ်သွားမလို့လဲ"

"လမ်းထိပ်က အအေးဆိုင်ကို"

"ဪ အေး ... သွား သွား"

ဖုန်းပြောနေရင်းမှ ကျွန်မကို လှမ်းမေးတာမို့ ပြန်ဖြေရသေ
သည်။ ကျွန်မကိုမေးသံကို ကစ်ဖက်က ကြားသွားသည်ထင်သည်
စင်စင်၏ဖြေရှင်းပြနေသောအသံကို ကြားရသည်။

"ဪ ... နန်းစံလေ၊ လမ်းထိပ်က အအေးဆိုင်ကို သွား
တာ စိတ်မချလို့ မေးတာပါ၊ ထားပါ အဲဒါက၊ ဂုဏ်နဲ့တို့ ဘယ်
ထပ်ဆုံမှာလဲ"

မကြားချင်သောစကားတွေကတော့ ကျွန်မနောက်ကျေ
ဘက် လွင့်ကျန်ခဲ့ပြီလေ။ ဒါပေမဲ့ ရင်ထဲမှာတော့ ငြိုပါလာသည်

ကျွန်မကို ပြန်တွေးမိပြီး စိတ်နာသည်။ ဘဝမှာ ဘာတစ်
အဆင်မပြေခဲ့။ ဒယ်ဒီနဲ့ကျွန်မကြားမှာလည်း ပြဿနာနှင့်။ ရင်
တစ်ခါပဲ ပေါ်ပေါက်လာတဲ့အချစ်ကလည်း –

"ဘာသောက်မလဲ အစ်မ၊ ထုံးစံအတိုင်းပဲလား"



ကျွန်မ ခေါင်းညိတ်လိုက်သည်။

တစ်ယောက်တည်း စိတ်ညစ်တိုင်း ဒီဆိုင်လေးမှာ လာထိုင်
နေကျမို့ စားပွဲထိုးလေးနှင့်တောင် ခင်နေပြီ။

ခဏကြာတော့ ကျွန်မ သောက်နေကျ စတော်ဘယ်ရီ လက်
ဖျော်တစ်ခွက် ရောက်လာသည်။

အအေးကို အရသာခံသောက်ရင်း ကျွန်မစိတ်တွေကို လွှင့်
မျောထားခိုက်မှာပဲ အရိပ်တစ်ခုက အုပ်မိုးလာခဲ့သည်။

"ဟင်"

ဘယ်လိုမှ ထင်မှတ်မထားသောသူ။ ကျွန်မစားပွဲရှေ့တွင်
ပြုံးပြုံးလေးကြည့်ပြီး ကျွန်မကို တုန်လှုပ်ချောက်ချားစေသူက ကျွန်မ
ရင်ထဲက ကိုကို။

"ကိုယ် ခဏထိုင်လို့ရမလား နန်းစံ"

ကျွန်မ အံ့သြလွန်းစွာ မှင်တက်ငေးမောနေရာမှ သတိပြန်ဝင်
လာကာ ခေါင်းကိုညိတ်ရင်း –

"ဟုတ် ဟုတ် ... ထိုင်ပါ ကိုကို"

ကျွန်မအသံတွေ တုန်ခါနေတာကိုတောင် ကိုကိုက အပြုံး
မျက်နှာနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်သည်။ ကျွန်မရင်ထဲ
အံ့သြနေမိတာက စောစောကပဲ စင်စင်နှင့် ဖုန်းပြောနေသောကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကျွန်မရှေ့ရောက်နေတာကြောင့်ပဲ ဖြစ်သည်။

ဘာဖြစ်တာလဲ။

စင်စင်နဲ့များ ချိန်းထားတာလား။

ဇဝေဇဝါအတွေးတွေနှင့် ကျွန်မ ကြောင်တောင်တောင်ဖြစ်နေဆဲမှာပဲ ကိုကိုက ကျွန်မကို ပြုံးကြည့်ရင်းမှ –

"နန်းစံကို ကိုကိုမေးချင်နေတဲ့မေးခွန်းတစ်ခု ရှိလို့ ဒီဆိုင်ကို လာခဲ့တာ"

"ရှင်"

"ဟုတ်တယ်၊ စောစောက ဖုန်းထဲမှာ မင်း အအေးဆိုင်ထွက်သွားတယ်ဆိုတာ သိလိုက်လို့ ကိုကို တမင်လိုက်လာတာ"

ကျွန်မ တကယ်ပဲ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။ ဒါဆို ကိုကိုက ကျွန်မဆီကိုပဲ တမင်လာခဲ့တာပေါ့။

ဘာကြောင့်လဲ၊ ဘာအတွက်ကြောင့်လဲ။

"အံ့ဩနေတာလား။ ကိုကို့ရင်ထဲမှာ မတင်မကျရှိနေတဲ့ အရာတစ်ခုကို မေးချင်လို့"

"ရှင် ... ဘာလဲဟင်၊ ဘာကိစ္စလဲ"

စူးစူးနစ်နစ် မျက်ဝန်းအကြည့်တွေနှင့် ကျွန်မကို စိုက်ကြည့်ကာ –





"ကလေး ... အမှန်အတိုင်း ဖြေနော်၊ မင်းနဲ့ကိုကို ဆုံခဲ့ဖူးတယ် မဟုတ်လား"

ကျွန်မ မျက်ခုံးလေးတွန့်ကာ ခဏတော့ တွေဝေသွားခဲ့သည်။ တကယ်ဆို ရိုးရိုးသားသားပဲ ဝန်ခံခေါင်းညိတ်သင့်တာပါ။ ဒါပေမဲ့ ကိုကို့ကိုကြည့်ရင်း အာရုံထဲဝင်လာတာက စင်စင်ရဲ့မျက်နှာဖြစ်နေသည်။

ဒီကိစ္စကို ကျွန်မဘက်က သိုဝှက်ထားခဲ့တာ။ စင်စင်ကိုတောင် အသိမပေးခဲ့သောကိစ္စ။

ကိုကို့ကိုလည်း ညာခဲ့ပြီးပြီ။ အခုမှ ဘာကြောင့် ကျွန်မက အမှန်ကိုဝန်ခံရမှာလဲ။

ကြားနေ မြင်နေရသော အတွေ့အသိအရတော့ ကိုကိုနှင့် စင်စင်တို့ အခြေအနေက ကျွန်မ ကြားဝင်နှောင့်ယှက်လို့တောင် မသင့်သည့် အခြေအနေတစ်ခု။

ပြီးတော့ စင်စင်ဆိုတာ ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ကျေးဇူးရှင် တစ်ယောက်ပါပဲ၊

"ကိုကိုမေးတဲ့မေးခွန်းက စဉ်းစားစရာဖြစ်နေလို့လား"

"ရှင် ... မဟုတ်ပါဘူး"

"ဒါဆို ... ဖြေလေ"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေ ခိုတွယ်နေသော နှုတ်ခမ်းတွေနှင့် မေးလာသော ကိုကို့မျက်နှာကို ကျွန်မအကြည့်လွှဲပစ်ရင်း တိတ်တဆိတ် သက်ပြင်း ရှိုက်လိုက်မိသည်။

"ဟင့်အင်း ... ရှင် အထင်မှားနေတာပါ။ ကျွန်မနဲ့ရှင် တစ်ခါမှ မဆုံခဲ့ဖူးပါဘူး"

"ဟာ"

"ဟုတ်တယ်၊ ကျွန်မနဲ့ရှင်က စင်စင်နဲ့ပတ်သက်ပြီးမှ သိခွင့်ရခဲ့တာ"

"ဒါဆို ... ငါ စဝင်လာတုန်းက ကိုကိုလို့ မင်းပါးစပ်က ဘာလို့ခေါ်လိုက်တာလဲ"

"ဟို ... အဲဒါက အစ်ကိုအရွယ်မို့"

တုံ့ပြန်စကား ထပ်မပြောတော့ဘဲ တိတ်ဆိတ်နေသော ကိုကို့မျက်နှာကို ကျွန်မကြည့်လိုက်မိသည်။ အပြုံးတွေ ကွယ်ပျောက်သွားသော နှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။

စိတ်ဆိုးသွားတာလား။

ကျွန်မဘက်က မျက်စိနှိတ်ကာ လိမ်ညာမိသော အမှန်တရားကို ကိုကိုသိနေတော့ အခက်သားလား။

ဒါပေမဲ့ ကျွန်မက ငြင်းဆိုပြီးနေခဲ့ပြီ။





"ဆောရီးပဲကွာ ... ငါ မှားသွားတယ်၊ သိပ်ကို မှားယွင်းသွားတယ်၊ ဘာကယ်ဆို ပထမတစ်ကြိမ်ကတည်းက မင်းရဲ့ငြင်းဆိုမှုကို လက်ခံသင့်ခဲ့တာ၊ အခုတော့ကွာ ... တောက်"

နောင်တနှင့် ခံရခက်သွားတာလား။

ကိုကို့နှုတ်ခမ်းလေးတွေ တင်းစေ့ထားသည်မို့ မေးရိုးတွေ တင်းနေသည်။

"ခွင့်ပြုပါဦး နန်းစံထိပ်ထား"

ခွင့်တောင်းစကားအဆုံးမှာပဲ ကိုကို ထွက်သွားခဲ့သည်။ ကျွန်မ ကယောင်ကတမ်းနှင့် လှမ်းခေါ်မိတော့မည့် နှုတ်ခမ်းတွေကို ဘရိတ်အုပ်ပစ်လိုက်သည်။

နေပါစေတော့။

ပြီးဆုံးနေတဲ့ဇာတ်လမ်းကို ကျွန်မ မဆက်လိုတော့။ ကိုကို့နဲ့ ကျွန်မဘဝက အရမ်းကွာဝေးလွန်းသည်။

ကိုကို့ရဲ့အမြင်မှာတော့ နန်းစံထိပ်ထားဆိုတဲ့ ကျွန်မဟာ ချစ်ရေစင်ရဲ့အရိပ်မှာ ခိုလှုံနေရသူတစ်ယောက်ပဲ ဖြစ်သည်။ ရုပ်ရည်၊ ဂုဏ်ဒြပ် ဘာပဲယှဉ်ယှဉ် ကျွန်မက ချစ်ရေစင်ထက် အစစအရာရာ နိမ့်ကျပြီးသားပဲလေ၊

ဘာကြောင့်များ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကြားထဲက ဝင်နှောင့်ယှက်ရမှာလဲ။

ကိုကို တစ်ဝုံမှ သောက်မသွားသော သံပုရာရည်ခွက်လေးကို ကျွန်မ ငေးလိုက်နေမိသည်။

ရင်ထဲမှာလည်း ဝေဒနာတွေက အေးစက်နေခဲ့သည်။

❊ ❊ ❊



## အခန်း (၂၀)

မနေ့ကတည်းက လူခေါ်ပြီး ကြက်တောင်ကွင်းကို စင်စင် မြှုပြင်နေခဲ့သည်။

ကျွန်မရောက်ကတည်းက တစ်ခါမှ ကြက်တောင်ရိုက် မကာ စားသော စင်စင်ကိုတော့ အံ့သြမိသည်။

"စင်စင် . . . အားကစားပြန်လုပ်မလို့လား"

"အင်း . . . ဟုတ်တယ်၊ မနက်ဖြန်ကျရင် တို့ရဲ့ VIP တစ်ယောက် လာမယ်လေ၊ သူနဲ့ကစားမလို့"

"ဪ"

နောက်တစ်နေ့မနက်ရောက်တော့ စင်စင်က –



www.burmeseclassic.com

www.burmeseclassic.com



"တို့နဲ့ ဒီနေ့ ကြက်တောင်လာရိုက်မှာ ဘယ်သူလို့ မင်းထင်လဲ နန်းစံ"

"ရှင် . . . ဒါတော့ ကျွန်မ ဘယ်သိမလဲ"

ပဟေဠိဆန်သော စင်စင်ရဲ့မေးခွန်းကို နားမလည်သလို ကျွန်မက ဖြေတော့ စင်စင်က ကျေနပ်စွာပြုံးရင်း . . .

"ဂုဏ်လေ၊ ဂုဏ် . . . ဒီနေ့ အိမ်လာမှာ"

"ရှင်"

"မင်း အံ့ဩသွားတယ်မဟုတ်လား။ အေး . . . မင်းကို အံ့ဩစေချင်လို့ တမင်မပြောဘဲထားတာ"

ဩော် . . . ကျွန်မကို အံ့ဩစေချင်လို့တဲ့လား။ ဘာမှတော့ အံ့ဩစရာမရှိပါဘူး။

"ကျွန်မကတော့ မကစားတတ်ဘူးနော် . . . ကြိုပြောထားတာ"

"မင်း မကစားတတ်တာ အသာထားပါ၊ တို့ကစားတဲ့ပွဲကိုတော့ မင်းပရိသတ်အဖြစ် အားပေးရမယ်နော်"

"အာ ကျွန်မမှ နားမလည်ဘဲ"

"နားလည်စရာမှ မလိုတာ . . . ကြည့်ရုံသက်သက်ပဲ၊ တို့ကလည်း ကစားချင်တာ မဟုတ်ဘူး။ ဂုဏ်တို့အိမ်ကို လာတာကို





ကျေနပ်နေတာ"

ကျွန်မဘက်က ဘယ်လိုမှ ငြင်းမရအောင်ကို စင်စင်က ချုပ်ထားသည်။ တကယ်ဆို ကျွန်မရှောင်ချင်ခဲ့တာပါ။ ဒါပေမဲ့ ဖွတ်တောင်းဆိုနေသော စင်စင်ကြောင့်ပဲ အူလည်လည်နှင့် ခေါင်းညိတ်လိုက်ရသည်။

မနက်ကိုးနာရီလောက်တွင်တော့ ပြိုင်ကားကော်ဖီရောင်လေးနှင့် ကိုကို ရောက်လာသည်။

"ဂုဏ်ကို မလာတော့ဘူးတောင် တို့က ထင်နေတာ"

"ကတိပေးထားတာပဲ၊ ရောက်အောင်လာမှာပေါ့"

ဝတ်စုံပြည့်ဝတ်ထားသော ကိုကို့ပုံရိပ်လေးက ကျွန်မမျက်ဝန်းထဲ ငြိတွယ်သွားရသည်။

"ဂုဏ်က တို့ကို အပြတ်ဖိုက်တော့မယ်ပေါ့"

"ဒါပေါ့"

"အိုကေ . . . ဒါဆို စရအောင်၊ နန်းစံ မင်းက ဘယ်သူ့ကို အားပေးမှာလဲ"

ကျွန်မဘက်က ပြန်မဖြေခင်မှာပဲ . . .

"အားပေးတဲ့ပရိသတ် မလိုပါဘူး။ လိုအပ်တာက ကျွန်တော်တို့နားရင်သောက်ဖို့ ရေပုလင်းတွေ နန်းစံက စီစဉ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုကြည့်ရင်း ပြောလာသောကိုကို့စကားကြောင့် စင်စင် မျက်နှာပျက်သွားသည်။ စင်စင်အိမ်မှာ ကျွန်မက အလုပ်သမား တစ်ယောက်ဆိုပေမယ့် စင်စင်က ကျွန်မကို ညီမတစ်ယောက်လို ဆက်ဆံခဲ့တာလေ။

"ရပါတယ်၊ ကျွန်မ စီစဉ်ပေးပါ့မယ်"

"နန်းစံ ... ပွဲရုံးမကို စီစဉ်နိုင်းလိုက် ဟုတ်လား"

စင်စင်ကပြောတော့ ကျွန်မ ခေါင်းညိတ်လိုက်သည်။ နောက် တော့ သူတို့ ကြက်တောင်ရိုက်ကြတော့သည်။

ကျွန်မကတော့ ဘေးက ပွဲကြည့်သူတစ်ယောက်။

❊

နောက်တော့ ကိုကိုနှင့် အရမ်းရင်းနှီးသွားကာ စင်စင် ကိုကို့အိမ်အထိတောင် သွားလည်ခွင့်ရသွားခဲ့ပြီ။

"အခု ... တို့က ဂုဏ် လေးလေးနဲ့ပါ ခင်သွားပြီ သိလား ဘိုးတော်က အငြိမ်ဖယားပဲ၊ လုံးဝ အိုကေတယ်"

မနက်ခင်းတိုင်းမှာ ကိုကိုကတော့ ပုံမှန်ရောက်လာ





ကစားတတ်သည်။ ကျွန်မက ကွင်းဘေးက အအေးဘူးတွေ အသင့် စီစဉ်ထားကာ ပွဲကြည့်ပရိသတ်။

ကစားပွဲပြီးဆုံးရင်တော့ ကိုကို ချွေးသုတ်ဖို့ တဘက်လေး ကမ်းပေးဖို့ ကျွန်မက အဆင်သင့်ဖြစ်နေတတ်သည်။ တကယ်ဆို ချွေးစတွေ ခိုသီးနေသော ကိုကို့နဖူးပြင်ကို ကျွန်မကိုယ်တိုင် ချွေးသုတ် ပေးချင်ခဲ့တာပါ။

ဒါပေမဲ့ ... ကျွန်မဘဝက ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ထားရတဲ့ဘဝလေ၊

"နန်းစံ ... ဂုဏ်အပေါ် မင်း ဘယ်လိုမြင်လဲ"

စင်စင်က ရုတ်တရက်မေးလာတော့ ကျွန်မ ဘာပြန်ပြောရ မှန်းမသိလောက်အောင် ဖြစ်သွားရသည်။

"တိုမေးတာကို သဘောမပေါက်ဘူးလား၊ ဒီလိုလေ ... ဂုဏ် တို့အပေါ် ဘယ်လိုသဘောထားပုံရလဲလို့မေးတာ"

"ဒါတော့ ... ကျွန်မ ဘယ်သိမလဲ၊ သူပဲအသိဆုံး ဖြစ်မှာ ပေါ့"

"အေး ... တို့လည်း သူ့စိတ်ကို နားမလည်သေးဘူး။ သူ တို့ကို အခုထိ propose မလုပ်သေးဘူး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"တို့ သူ့ဆီက မျှော်လင့်နေတာတစ်ခုပဲ၊ အဲဒီတစ်ခုကို သူ ဘာလို့ တို့ကိုမပေးသေးတာလဲ"

စင်စင်က မချင့်မရဲဆိုလာသောစကားအတွက် ကျွန်မစိတ်ထဲကတော့ ကြိတ်ပြီး ကျေနပ်သွားမိသည်။

"ဒီကိစ္စကို တို့ တကယ်မကျေမနပ်ဖြစ်နေတာ၊ တို့ဘက်က လည်း သူ့ကို အခွင့်အရေးတွေ ပေးထားတယ်လေ၊ တို့ပါးစပ်က ဖွင့်မပြောရုံတမယ်ပဲ၊ တို့ တော်တော်ခံရခက်တယ် သိလား။ ဘယ်ယောကျ်ားကိုမှ တို့ ဒီလောက်ထိ ခယစိတ်ရှည်ခဲ့တာ မဟုတ်ဘူး ဂုဏ်နဲ့ကျမှုဟာယ်"

ဒီသို့ပဲလေ ... အလွယ်တကူမရမှ လူတွေ တန်ဖိုးထားတတ်ကြတာ စင်စင်မေ့နေသည်ထင်ရဲ့၊ ဘာပဲဖြစ်ဖြစ် ကိုကိုနဲ့စင်စင် အကြေ အနေမှန်ကို သိလိုက်ရတာ ကျွန်မအတွက် ကျေနပ်စရာပါပဲ၊

"တို့ ဘာဆက်လုပ်ရမလဲ"

"သိဘူးလေ"

"ဒုက္ခပဲ၊ မင်းကလည်း ဘာမှ အားကိုးမရဘူး၊ အေးလေ အတွေ့အကြုံမှ မရှိတာကိုး၊ ယောကျ်ားတစ်ယောက်ကို ချစ်တတ်ဖို့ အသည်း မင်းမှာမပါဘူး ထင်ပါတယ်ဟယ်"

ကျွန်မ ပြုံးလိုက်မိသည် ထင်ပါရဲ့။





အချစ်ဆိုတာကို ကျွန်မက မခံစားတတ်ဘူးလို့ ထင်နေတာလား။

ကျွန်မဘဝမှာ နှလုံးသားကို ပထမဆုံး လှုပ်ရှားအောင်လုပ်ခဲ့သူဟာ ကိုကိုပါ။

ကျွန်မကိုယ်တိုင်က မိုက်မဲစွာ ကိုကို့ကို ငြင်းပယ်ခဲ့တာပါ။ ဒါကို စင်စင်သိခဲ့လို့လား။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

တကယ့်ကို နားလည်ရခက်ပါလား ကလေးရယ်။ ကိုကို လိုချင်တာက မင်းနဲ့ရင်းနှီးမှု။ ပြီးတော့ မင်းဆီကအချစ်။

ဒါကြောင့်လည်း မင်းနဲ့ နီးစပ်ခွင့်ရအောင် ကိုကို ဖန်တီးယူနေတာ။ ချစ်ရေစင်ကို ပတ်သက်နေခဲ့တာလည်း မင်းကို တွေ့ချင်လို့ပါ။

ပြီးတော့ ထက်မြက်ကို အနိုင်လိုချင်လို့။

ထက်မြက်အပေါ် ကိုကို အနိုင်ရခဲ့ပေမယ့် မင်းနဲ့ပတ်သက်တဲ့ ရည်ရွယ်ချက်ကတော့ မတင်မကျ မသေမချာကြီးပဲ။ မင်းကပဲ ဟန်ဆောင်ကောင်းတာလား။ ကိုကိုကပဲ ကံဆိုးလွန်းတာလား။

မင်း သိပ်ရက်စက်တယ် ကလေးရယ်၊ ကိုကို့ကို သိရက်





ခြင်းရက်တယ်နော်။

မင်းရဲ့နှလုံးသားမှာ ကိုကို မရှိနိုင်မှန်းသိရက်နဲ့ ကြိုးစားနေမိတာ ရူးသွပ်ခြင်းတစ်ခုများ ဖြစ်နေပြီလား။ ကိုကို့နှလုံးသားထဲမှာ တကယ်ပဲ ချစ်ခဲ့ရသူဟာ ကလေးတစ်ယောက်တည်းပါပဲကွာ။

အတွေးမဆုံးခင်မှာပဲ မြည်လာသော ဖုန်းသံကြောင့် သူ့အတွေးပျက်သွားရသည်။

"သေစမ်းကွာ"

ချစ်ရေစင်ထံမှ ဖြစ်နေတာမို့ ဖုန်းကို power offf လုပ်ပစ်လိုက်သည်။

အဲဒီအတွက် ချစ်ရေစင် စိတ်ပျက်သွားမလား။ မတတ်နိုင်ဘူးလေ၊ အချစ်ဆိုတာ ဆန်းကြယ်သားပဲ၊ သူငြိတွယ်မိသူကလည်း တစ်ယောက်တည်းပဲလေ၊

❋

"ဒီနေ့ ဂုဏ် ဆိုင်ကိုမလာဘူး"

ထက်မြက်စကားကြောင့် စိတ်ထဲ မျက်ခနဲဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကတည်းက သူမ ဂုဏ်ထံ ဖုန်းဆက်ကာ သေချာချိန်းထားခဲ့တာ ဖြစ်သည်။

အခုတော့ ဂုဏ် ဆိုင်ကိုတောင် ရောက်မလာဟု ထက်မြက်က ပြောလာသည်။

"ရေစင်နဲ့ချိန်းထားလို့လား"

"အသေအချာ ဖုန်းဆက်မှာထားတာ၊ ဒီနေ့ ကျွန်မမွေးနေ့လေ"

"ဟုတ်လား . . . ဂုဏ်က ဘာမှမပြောဘူး။ သူ့ဘော်ဒါတွေနဲ့ သန်လျင်သွားမလို့လို့တော့ ပြောတယ်"

ထက်မြက်၏စကားက သူမရင်ကို ထိရှစေသည်။ ဘော်ဒါတွေနဲ့ သန်လျင်ကိုသွားတဲ့ကိစ္စက သူမကိစ္စထက် အရေးကြီးနေလို့လား။ သူမအပေါ် ဂုဏ်ရဲ့ အလေးမထားမှုတွေက ခံရခက်စရာကောင်းနေသည်။

ထက်မြက်က သူမကို ရီရီဝေဝေလေး ကြည့်ရင်း –

"ရေစင်တို့များ မွေးနေ့ဆိုတာတောင် ကျွန်တော်တို့ကို မပြောဘူးနော်"

မျက်နှာညှိုးညှိုးနှင့် ထက်မြက်ကပြောတော့ သူမ သက်ပြင်းချမိသည်။ မိန်းကလေးသဘာဝအရ ထက်မြက်ရဲ့ အပြုအမူတွေ



တစ်ဆင့် ထက်မြက်ရဲ့နှလုံးသားကို သူမနားလည်ခဲ့ပေမယ့် သူမရဲ့စိတ်က ဂုဏ်မှ ဂုဏ်ပဲ ဖြစ်နေခဲ့သည်။ တကယ်ဆို ယောကျ်ားတစ်ယောက်အပေါ်မှာ ချစ်ရေစင်ဆိုတဲ့ သူမက ဘယ်တုန်းကမှ အောက်ကျမခံခဲ့ဖူးပါ။

ထားခဲ့မှုသော ရည်းစားအများနှင့် ပြတ်စဲခဲ့တာတောင် စာမဖွဲ့ခဲ့တဲ့သူမဟာ ဂုဏ်နဲ့ကျမှ။

ဒါကိုများသိနေလို့ ဂုဏ်က ပညာပြနေတာလား။ တွေးရင်းနှင့် စိတ်ထဲမှာ မလုံမလဲဖြစ်ကာ ခံပြင်းလာရသည်။

ရတယ် ဂုဏ်။ ချစ်ရေစင်ဆိုတဲ့ကျွန်မအတွက် ယောကျ်ားမရှားဘူးဆိုတာ ရှင်က လက်တွေ့ပြမှ ယုံမယ်ဆိုတော့ –

"ရေစင် happy birthday ပါ။ ဒါ . . . ကျွန်တော့်ရဲ့ လက်ဆောင်"

ဝိတ်တာလေးတစ်ယောက်ကို သွားဝယ်ခိုင်းလိုက်ပုံရသည်။ ထက်မြက်ပေးသော လက်ဆောင်ဘူးလေးကို သူမယူလိုက်တော့ ထက်မြက်၏မျက်ဝန်းတွေ လက်ဖြာနေခဲ့သည်။

"ကျေးဇူးပဲ ထက်မြက်၊ ထက်မြက်အားရင် ကျွန်မနဲ့ ဘုရားကို လိုက်ခဲ့ပါလား"

ထက်မြက်၏မျက်နှာက ချက်ချင်း ဝင်းပသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တ ... တကယ်လား ရေစင်၊ ကျွန်တော် ... ကျွန်တော် လိုက်ခဲ့မယ်လေ"

"တကယ်ပေါ့"

သူမဘေးတွင် ထက်မြက်ကတော့ ပျော်ရွှင်စွာ လိုက်ပါလာသည်။

ရှင် ဘယ်လိုခံစားရမလဲဆိုတာ ကျွန်မ သိချင်တယ် ဂုဏ်။

ကျွန်မမွေးနေ့ပွဲကို ငြင်းပယ်ခဲ့တဲ့အတွက် ရှင့်အတွက် ဒါဟာ ကျွန်မဘက်က တုံ့ပြန်မှုပဲ၊

သူမရင်ထဲက ကျိတ်ပြီး ကြိမ်းဝါးလိုက်မိသည်။ တကယ်ဆို ဒီနေ့တစ်နေ့လုံး ဂုဏ်နဲ့အတူ ကုန်ဆုံးချင်တာပါ။

အခုတော့ ထက်မြက်သာ သူမအနားမှာ။

ရှင့်ရင်ထဲက သိုဝှက်ထားတဲ့ ခံစားချက်တွေကို ကျွန်မ မြင်ချင်တယ် ဂုဏ်ရယ်၊

ရှင့်ရဲ့ဟန်ဆောင်မျက်နှာဖုံးကြီးကို ခွာပစ်လိုက်စမ်းပါ။

*





တကယ်တမ်းကျတော့ သူမ ထင်မှတ်ထားတာနှင့် တက်တက်စင်အောင်လွဲတော့သည်။

ထိုညမှာပဲ ဂုဏ့်ဆီ သူမဖုန်းဆက်တော့ –

"happy birthday ရေစင်၊ ကျွန်တော်ကြားတယ်၊ ရေစင့်မွေးနေ့က ထက်မြက်ကြောင့် ပြည့်စုံသွားတယ်ဆို"

"ဂုဏ်မရှိလို့ ထက်မြက်ကိုခေါ်သွားတာလေ၊ ဘုရားလည်း ရောက်တယ်၊ happy world လည်းရောက်တယ်၊ ရုပ်ရှင်လည်း ကြည့်ဖြစ်တယ်"

"အင်း ... ထက်မြက်ပြောလို့ ကျွန်တော် အားလုံးသိပြီးပြီ တော်သေးတာပေါ့၊ ကျွန်တော်မလိုက်ဖြစ်လို့ ရေစင် စိတ်ညစ်သွားမယ် ထင်နေတာ၊ ထက်မြက်ကတော့ ဝမ်းသာနေတယ်၊ ကျွန်တော်လည်း ပျော်ပါတယ်"

"ဘာကိုပျော်တာလဲ ဂုဏ်"

"ဪ ... ကျွန်တော့်ကိုယ်စား ထက်မြက်က ရေစင်နဲ့ အဖော်လိုက်ပေးလို့လေ၊ ဘာပဲဖြစ်ဖြစ် ရေစင်ရော မွေးနေ့မှာ ပျော်တာပဲ မဟုတ်လား"

"ဂုဏ် ... ရှင့်ရင်ထဲမှာ ဘယ်လိုခံစားနေရလဲဟင်"

"အို ... ဝမ်းသာနေတာပေါ့၊ ထက်မြက်ရော ရေစင်ရော



www.burmeseclassic.com

ပျော်စရာကောင်းတာတွေပဲ လုပ်ခဲ့တာမဟုတ်လား''

သူမဘက်က ဘာစကားမှ မပြောနိုင်အောင် အံကြိတ်မျက်ရည်ဝဲနေဆဲမှာပဲ သူက နှုတ်ဆက်ကာ ဖုန်းပိတ်သွားခဲ့သည်။

''တောက်''

ရင်ထဲက မကျေနပ်တာတွေကို တောက်ခေါက်ကာ ပေါက်ကွဲပစ်လိုက်ရသည်။

တကယ့်ကို ခုတ်ရာတလွဲ ရှရာတခြား ဖြစ်နေပါလား။ သူမလိုချင်တာက ဂုဏ်ရဲ့ ဝန်တိုမနာလိုစိတ်ကို ဖြစ်သည်။ အခုတော့ သူ့စကားတွေက သူမနှင့်ထက်မြက်ကိုကပဲ ကြည်ဖြူနေသလိုလို။

ဆိုးဝါးလိုက်တာ။ ဂုဏ် သိသိကြီးနဲ့ သူမကို အလျှော်ဖယားခင်းနေတာကိုတော့ ဘယ်လိုမှ လက်မခံနိုင်ပေ။

သူမကို ချည်နှောင်ပြီးမှ ကန့်ထုတ်ဖို့ကြိုးစားတာ ဘာသဘောလဲ။

ချစ်ရေစင်ဘဝမှာ ဒီလို ကွက်ကျော်ရိုက်ကာ လှည့်စားခံရတဲ့အဖြစ် ရာဇဝင်မရှိစေရ။

ဂုဏ်အပေါ် သူမ မျှော်လင့်ခဲ့တာ အများကြီး။ ဒါပေမဲ့ သူမ ပြန်ရခဲ့တာ ဘာတစ်ခုမှမရှိခဲ့။

ဒီလိုတော့ ရှင် ကျွန်မကို မလှည့်စားလိုက်ပါနဲ့။





ကျွန်မနှလုံးသားက တကယ်တောင့်တခဲ့တာ ရှင် တစ်ယောက်တည်းကိုပါ။ အဲဒါကြောင့်လည်း ကျွန်မဘက်က မျှော်လင့်ချက်တွေနဲ့ စောင့်စားခဲ့ရတာ ရှင်အသိပဲလေ၊

ကျွန်မက ကျွန်မလိုချင်တဲ့အရာတစ်ခုကို ရအောင်ယူတတ်တယ်၊ အဲဒါ ကျွန်မရဲ့ခံယူချက်ပဲ၊ ပြီးတော့ အသည်းကွဲဇာတ်လမ်းဆိုတာ ကျွန်မဘဝမှာ ဘယ်တုန်းကမှ မရှိခဲ့ဘူး။

ရှင် ယုံကြည်လိုက်ပါ ဂုဏ်။ ကျွန်မချစ်တာ ရှင် တစ်ယောက်တည်းပဲ၊

❊ ❊ ❊



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အာ တီလေးတို့ပြုသနာက ရှုပ်နေတာပဲ"

"- - - -"

"အင်း အင်း ရေစင် ခုပဲလာခဲ့မယ်"

စင်စင်တစ်ယောက် ဖုန်းကိုပိတ်ရင်း စိတ်ပျက်သလို ခေါင်းခါယမ်းနေတာကို ကျွန်မ မမြင်ချင်ဘဲ ဂျာနယ်ဖတ်ရင်းမှ မြင်နေရသည်။

"နန်းစံ"

"ရှင်"

"တို့သွားစရာရှိတယ်၊ တို့အဒေါ်က အရေးတကြီး လှမ်းခေါ်နေလို့"





"ကျွန်မ လိုက်ခဲ့ရမလား"

"အယ် . . . မင်းလိုက်လို့မရဘူး၊ လုံးဝမဖြစ်ဘူး၊ ခက်နေတာက ဒီနေ့ ဂုဏ် တို့ဆီကိုလာလိမ့်မယ်၊ အဲဒါကို မင်းစောင့်ပြီး အကျိုးအကြောင်း ပြောပြလိုက်ပါ"

"ပြန်နိုင်းလိုက်ရမှာလား"

"အေး . . . သူ့သဘောပဲလေ၊ တို့က ကြာချင်ကြာမှာ၊ တကယ်ပါပဲဟယ်၊ တီလေးဒုက္ခကလည်း တို့အတွက် တာဝန်ဖြစ်နေတယ်"

ဘာတွေမှန်းမသိ ညည်းတွားရင်း စင်စင်က အဝတ်အစားလဲပြီး ထွက်လာသည်။

"နန်းစံ . . . ဂုဏ်ကို မင်းရှင်းပြလိုက်နော်"

ပေါ်တီကိုအောက်တွင် ရပ်ထားသော ကားပေါ်တက်ကာ စင်စင်မောင်းထွက်သွားသည်။ စင်စင့်အဒေါ်က ဖုန်းဆက်ခေါ်တာဆိုတော့ ဘာကိစ္စမှန်း ကျွန်မ မသိပါ။

ဘာပဲဖြစ်ဖြစ် ကျွန်မ ကျေနပ်မိတာက ကိုကိုနှင့်စင်စင် ထွဲချော်သွားတာကောင်းသည်။

နောက်မို့ဆို သူတို့ကစားပွဲကို ကျွန်မမှာ ထိုင်ကြည့်ပွဲဝေဒနာတွေ ဖြစ်နေရမည်။



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲမှာပဲထိုင်ပြီး ကိုကိုရောက်အလာကို ကျွန်မ စောင့်နေလိုက်သည်။

ခဏကြာတော့ ကိုကို့ကားလေး ခြံထဲကိုဝင်လာသည်။ ဆင်စွယ်ရောင် T-shirt လေးကို ဂျင်းအနက်နှင့်တွဲဝတ်ထားသော ကိုကိုက ကျွန်မကိုမြင်တော့ ပြုံးပြနှုတ်ဆက်ရင်း –

"ရေစင်ရော ကလေး"

ကိုကိုက ကလေးဟုခေါ်သောအသံလေးတွင် ကြင်နာသံတချို့ ပါဝင်နေသလို။ ဘာဖြစ်လဲ ကျွန်မလည်း ကိုကိုလို့ပဲ ခေါ်လိုက်မယ်၊

"မရှိဘူးကိုကို၊ သူ့အခေါ်ဖုန်းဆက်ခေါ်လို့ သွားတယ်၊ ကိုကိုလာရင် ပြောဖို့ပဲမှာသွားတယ်"

"ဘာမှာသွားလဲ"

"သူ နောက်ကျမယ်တဲ့၊ ကိုကို့ကို မစောင့်နဲ့တော့တဲ့"

မြန်မြန်ပြန်စေချင်သည့်စိတ်နှင့် ကျွန်မ ပိုပိုသာသာ ပြောပစ်လိုက်သည်။ ချောမောတည်တံ့သောကိုကို့ကို စင်စင်နှင့် မဆုံတွေ့စေချင်တော့ပါ။

အခုတစ်လော ဘာကြောင့်မှန်းမသိ ကျွန်မစိတ်မှာ ကိုကို့ကို သဝန်တိုစိတ်တွေပဲ ဖြစ်နေမိသည်။





"ကိုကို့ဆိုင်ပိတ်လို့ အားနေတာလေ၊ မပြန်သေးဘူး ကလေးနဲ့ စကားပြောပြီး ပူရူးမလက်ရာ မနက်စာစားပြီးမှပဲ ပြန်တော့မယ်"

ကျွန်မမှာ တားမြစ်ပိုင်ခွင့်မှ မရှိတာပဲ။

ချစ်ရေစင်ဆိုတာ ဘယ်လိုမိန်းမလဲဆိုတာ ကိုကိုမသိဘူးလား။ ကျွန်မကတော့ အနီးကပ်နေခဲ့တာ ကြာပြီမို့ ကိုကို့အတွက် စိုးရိမ်သည်။

အခုချိန်မှာတော့ ကျွန်မ ဘာမှမတတ်နိုင်သလို စင်စင် ပြန်မရောက်လာပါစေနဲ့လို့သာ ဆုတောင်းရင်း ခြံတံခါးရှိရာကို ခဏခဏ လှမ်းကြည့်မိသည်။

ညည့်ခန်းထဲကဆိုဖာတွင် ထိုင်နေသောကိုကိုက ကျွန်မကို ခပ်ငေးငေးကြည့်နေသည်။

"ကလေး"

ခပ်ထိုးတိုးခေါ်သံကြောင့် ကျွန်မ မဝံ့မရဲ ခေါင်းမော့ကြည့်မိတော့ ကိုကို့မျက်ဝန်းတွေက ကျွန်မကို စူးစူးနစ်နစ် စိုက်ကြည့်နေသည်။

"ကိုကို ကိုကို ကလေးကို အရမ်းချစ်တာပဲ"

"ရှင်"

ကိုကို့စကားတွေအတွက် ကျွန်မ အံ့သြသွားမိသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စင်စင့်ကို စိတ်ဝင်စားနေခဲ့တာ မဟုတ်ဘူးလား။

"ကိုကို ရေစင်ကို ပတ်သက်နေတာ ကလေးကို သိပ်ချစ်လို့ ကလေးနဲ့ နီးစပ်ချင်လို့ပါ"

ကျွန်မ အံ့ဩကာ ဆွံ့အနေခဲ့သည်။

"ကလေး . . . အေးအေးဆေးဆေး စဉ်းစားပါကွာ၊ ကိုယ့် မင်းကို တကယ်ချစ်တာပါ"

ကိုကိုက ပြောပြီးပြန်သွားသည်။ မနက်စာတောင် စားမသွားခဲ့။

ကျွန်မရင်ထဲမှာ တသိမ့်သိမ့်နွေးနေသောခံစားမှုနှင့်အတူ ကြည်နူးစိတ်လေးက တဒိတ်ဒိတ်တိုးနေသည်။

ကျွန်မ ဝန်မခံခဲ့တာကို ကိုကိုက နားလည်ပေးခဲ့တယ်ဆိုး

ကျွန်မရဲ့နှလုံးသားဟာ ကိုကိုနဲ့တွေ့မှ ချစ်တတ်ခဲ့တာပါ ကိုကို ရယ်။

❊

"ထက်မြက်"





"ဟင်"

ခုတင်ပေါ်မှာ မျက်လုံးမှိတ်ပြီး ရေစင်အကြောင်း တွေးနေတုန်း ခေါ်သံနှင့်အတူ ဝင်လာသောဂုဏ်ကြောင့် ကျွန်တော် အိပ်နေရာမှ ထိုင်လိုက်ရင်း –

"မအိပ်သေးဘူးလား ဂုဏ်၊ လာ . . . ထိုင်လေ"

ဂုဏ်က အပြုံးနှင့်အတူ ကျွန်တော့်ခုတင်ပေါ်တွင် ဝင်ထိုင်သည်။

"ထက်မြက် . . . မင်း ငါ့ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ကွာ၊ ငါ နားထောင်ပေးမယ်"

ဂုဏ် ရိပ်မိနေခဲ့ပြီလား။ ဂုဏ်အသံက ညင်သာရင်းနှီးနေသည်။ အပြုံးတွေက နွေးထွေးနေသည်။ ဂုဏ်နဲ့စကားပြောခဲ့သည့် သက်တမ်းတစ်လျှောက် ဂုဏ် ကျွန်တော့်အပေါ် ခုလောက် မချိုသာ ရှုခဲ့။

"ထက်မြက် . . . တကယ်တော့ ငါတို့ဟာ လေးနိုင်ရဲ့သားတွေ ညီအစ်ကိုတွေပါ၊ ငါ မင်းကို မနာလိုစိတ်နဲ့ ပြိုင်ဖို့ကြိုးစားခဲ့တယ်၊ ရေစင်ကိစ္စမှာလည်း ငါ မင်းကို အနှောင့်အယှက်ပေးခဲ့တယ်၊ တကယ်တော့ ငါနဲ့ရေစင်က မိတ်ဆွေအဆင့်ပါ၊ အခု ငါ နောင်တရနေပြီ . . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပါးစပ်က ဝန်ခံပြောလာသောစကားတွေကြောင့် ကျွန်တော် အံ့ဩရသည်။ ဂုဏ် တကယ်ပြောနေတာလား။

"ငါ့ကိုယုံပါ ထက်မြက်ရ၊ အချစ်ကို ငါ့နှလုံးသားက ခံစားတတ်သွားတဲ့အချိန်မှာ မင်းနှလုံးသားကိုလည်း ငါ စာနာတတ်သွားတယ်"

"ဂုဏ် ... မင်း မင်း ဘာကိုဆိုလိုတာလဲကွာ၊ ရေစင်း"

"မဟုတ်ဘူးကွ၊ ရေစင်ကို ငါ ခင်ရုံပဲခင်တာ၊ ဘာခံစားချက်မှ မရှိဘူး"

"မင်း ... တကယ်ပြောတာနော်"

"တကယ်ပေါ့ကွ၊ ငါ့မှာ တကယ်ချစ်မြတ်နိုးရတဲ့ ကောင်မလေးက ရှိပြီးသား"

"ဘယ်သူလဲ"

"နန်းစံထိပ်ထားလေ၊ ရေစင်အိမ်မှာနေတဲ့ ကောင်မလေးပေါ့၊ သူနဲ့ငါ ဆုံခဲ့ကြတာ ရေစင်နဲ့ မဆုံခင်ကတည်းက"

ဂုဏ် ရှင်းပြတာတွေနားထောင်ရင်း ကျွန်တော် အံ့ဩနေမိသည်။ ဒီကောင့်နှလုံးသားက အချစ်ကို ခံစားတတ်ပြီတဲ့။ ဒီစကားမျိုး ဂုဏ့်ဆီက ကျွန်တော်ကြားဖူးတာ ပထမဆုံးအကြိမ် ဖြစ်သည်။





"ငါ သူ့ကို အရမ်းချစ်တာကွာ၊ ဒါပေမဲ့ သူက အဖြေမပေးသေးဘူး၊ Propose တော့လုပ်ပြီးသွားပြီ"

"အခ်ိက,ကတော့ ရေစင်ပါပဲကွာ၊ သူက မင်းအပေါ် အလေးသာနေတာ၊ ငါ အခု propose လုပ်လိုက်ရင် ခုလို ခင်မင်ခွင့်ရနေတဲ့ အခြေအနေလေးတောင် ပျောက်သွားမှာစိုးတယ်"

ထက်မြက်၏ ရင်ထဲကခံစားချက်နှင့်ပြောလာသော စကားကြောင့် သူ စိတ်မကောင်းဖြစ်ရပါသည်။ တကယ်ဆို သူ့နှလုံးသားကလည်း အချစ်ကို တစ်ခါပဲ ကြုံတွေ့ခံစားဖူးခဲ့တာဆိုတာ သူသာ အသိဆုံး။

"ရေစင့်အကြောင်းကို ငါအားလုံးသိပါတယ်ကွာ၊ ဟိုးအရင်ကတည်းက သူ့မှာ ရည်းစားတွေ အများကြီးထားခဲ့တာတွေလေ၊ ဒါပေမဲ့ ... ငါ သူ့ကို တကယ်ချစ်တာ၊ အဲဒါကြောင့် ငါပိုင်ချင်တာကလည်း သူ့ရဲ့နှလုံးသားက စစ်မှန်တဲ့အချစ်ပဲလေ၊ အချစ်ဆိုတာက ပေးဆပ်တိုင်းလည်း ရချင်မှရတတ်တာမျိုးလေ"

"ငါ ခံစားလို့ရပါတယ်၊ မင်း ကံကောင်းပါစေလို့ ငါ ဆုတောင်းတယ်၊ ကြိုးစားကြည့်ကွာ"

"ကိုယ်က ချစ်နေပေမယ့်လည်း သူက ရင်ခုန်ငြိမှလေ၊ ရေစင်ဆီက တုံ့ပြန်မှုမရရင်လည်း ငါ့အချစ်က တည်မြဲမှာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ထက်မြက်၏သစ္စာတရားကို လေးစားသွားရသည်။ ဒါကို ရေစင်သာလက်ခံရင် ဘယ်လောက်ကောင်းမလဲ။

ကလေးကရော သူ့ကို လက်ခံမှာလား။ ချစ်ရေစင်ကများ ကလေးအတွက် ခလုတ်တစ်ခုဖြစ်နေလို့လား။

ဒါပေမဲ့ တကယ်ချစ်ပြီဆိုရင်တော့ အရာရာကိုရင်ဆိုင်ရဲတဲ့ သတ္တိတွေ ကလေးရင်ထဲမှာ အလိုလို ပေါက်ဖွားလာမှာဟု သူယုံသည်။

အိမ်တွင်းပြဿနာတွေရှိနေသော ကလေးကို သူ ဖိအားလည်း သိပ်မပေးချင်ပါ။

သေချာတဲ့တစ်နေ့ကြရင်တော့။

❊ ❊ ❊



## အခန်း (၂၃)

သေချာတာကတော့ ဂုဏ် သူမကို ရှောင်နေခဲ့သည်။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်။ ဆိုင်ကိုရောက်တော့လည်း မတွေ့ရ။ လေးငါးရက်ကြာလာတော့ သူမ ဒေါသထွက်လာသည်။

ဘာသဘောလဲ။ ချစ်ရေစင်ဆိုတဲ့မိန်းမက အဲဒီလောက်အထိ တောင် မာနသိက္ခာတွေ မဲ့နေတာမို့လား။

မခံချင်စိတ်အတွေးတွေနှင့်ပဲ သူမ ပြန်တိုက်ခိုက်ဖို့ ကြိုးစားမိတော့သည်။

ဂုဏ်ဘက်က ရှောင်နေသည်ဆိုတော့လည်း သူ့အတွက် ယောက်ျားမရှားကြောင်း သက်သေပြရမည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်ဆိုတာ ဂုဏ်ထက် မသာပေမယ့် မနိမ့်ကျဘူးဆိုတာ သေချာသည်။

သူမခေါ်တိုင်းလည်း မငြင်းဆိုဘဲ နားလည်ပေးတတ်သော ထက်မြက်ကို coffee village ကိုခေါ်ခဲ့သည်။

အိန္ဒြေတွေ သိက္ခာတွေကိုတောင် မငဲ့နိုင်ဘဲ ထက်မြက်၏ မျက်ဝန်းတွေထဲ စိုက်ကြည့်ကာ –

"ထက်မြက်"

"ဟင်"

"ရှင် . . . ကျွန်မကိုချစ်လား"

"ဟင်"

"ကျွန်မကတော့ ရှင့်ကိုချစ်တယ်"

သူမ မျှော်လင့်ထားတာက အံ့ဩဝမ်းသာမှုတွေလွှမ်းသော မျက်ဝန်းတွေကိုဖြစ်သည်။ အခုတော့ သူမကို မော့ကြည့်နေသော ထက်မြက်၏မျက်ဝန်းတွေက ချောက်ချားထိတ်လန့်နေပါလား။

"ရှင် . . . ကျွန်မကို ချစ်လား"

"———"

ထက်မြက်က သူမကို ရိုဝေစွာကြည့်လာသည်။

"ထက်မြက် . . . ရှင်မညာပါနဲ့နော်၊ ရှင့်မျက်ဝန်းတွေထဲကို





ကျွန်မ မြင်နေရတယ်"

"ကျွန်တော် မညာပါဘူး။ ရေစင်လည်း ကျွန်တော့်ကို မညာပါနဲ့၊ ရေစင်က ကျွန်တော့်ကို ဘာလို့ ဒီစကားပြောတာလဲဟင်"

"ဘာကိုဆိုလိုတာလဲ ထက်မြက်"

"ကျွန်တော့်ကို ချစ်တယ်ဆိုတဲ့စကားက ရေစင့်ရင်ထဲက ခံစားချက်အစစ်အမှန်မှ ဟုတ်ရဲ့လား"

"ဟင်"

သူမ ထိတ်ခနဲ တုန်လှုပ်သွားခဲ့သည်။

"ကျွန်တော် သိနေပါတယ်ရေစင်ရယ်၊ ဒီစကားကို ရေစင် သွေးရူးသွေးတန်းနဲ့ ပြောလာတာဟာ ဂုဏ်ကြောင့်မဟုတ်လား။ ဂုဏ်ကို အရွဲ့တိုက်ချင်စိတ်နဲ့တော့ ကျွန်တော့်အချစ်ကို မလှည့်စား မပိုင်ဆိုင်ချင်ပါနဲ့ ရေစင်ရယ်"

သူမဘက်က ဘာမှ မတုံ့ပြန်နိုင်လောက်အောင် အာစေးမိနေခဲ့သည်။ ထက်မြက်ရဲ့စကားသံတွေက တိုးတိတ်စွာ ပေါ်ထွက်နေသည်။

"အမှန်အတိုင်းဝန်ခံရရင် ရေစင်ကို ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ အရမ်းချစ်ခဲ့တာပါ၊ ပိုင်ဆိုင်ခွင့်မရရင်လည်း ရင်ထဲကပဲ ချစ်နေနိုင်ပါတယ်၊ အရမ်းချစ်ခဲ့လို့ လွမ်းတတ်အောင်လည်း ကြိုးစားထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်၊ ရေစင်နဲ့ကျွန် ခတ်ဘဝက အတူတူပဲလေ''

''ဘယ်လို ထက်မြက် . . . ဂုဏ်က ကျွန်မကိုတကယ်မချစ်ဘဲ ကစားနေတယ်လို့ ပြောတာလား။ သူ ကျွန်မအပေါ် မျှော်လင့်ချက်တွေ အများကြီးပေးထားခဲ့တာလေ''

''မဟုတ်ဘူး ရေစင်၊ ဂုဏ်က ရေစင့်အပေါ် မျှော်လင့်ချက်တွေ ပေးနေတာ မဟုတ်ဘူး။ သူ့ရင်ထဲက အချစ်အတွက် ကြိုးစားနေတာ''

''ဘာ ဘယ်လို . . . ကျွန်မ နားမလည်ဘူး''

သူမက မယုံနိုင်သလိုမေးတော့ ထက်မြက်က ပြုံးရင်းမှ–

''ဂုဏ်ချစ်နေတဲ့သူက ဘယ်သူလဲဆိုတာ ရေစင်သိလား''

''ဟင့်အင်း . . . ဘယ်သူလဲ''

''နန်းစံထိပ်ထား''

''ဘာ''

အံ့သြလွန်းသောစိတ်ကြောင့် သူမအသံက ကျယ်လောင်သွားတာမို့ စားပွဲဝိုင်းမှလူအချို့က လှည့်ကြည့်ကြသည်။

''ထက်မြက် . . . ရှင်ပြောတာ တကယ်ပဲလား''

''ဂုဏ်ကိုယ်တိုင် ဝန်ခံတဲ့စကားပါ၊ နန်းစံကို သူ Propose လုပ်ထားပြီးပြီတဲ့''





''ဒါဆို သူတို့က ချစ်သူတွေလား။ ကြည့်စမ်း . . . ကျွန်မ လုံးဝမသိခဲ့ဘူး။ နန်းစံကလည်း လုံးဝမပြောဘူး။ ကျွန်မကို အရူးလုပ်နေကြတာပေါ့''

ရင်ထဲကနာကြည်းခံပြင်းစိတ်နှင့် သူမကဆိုတော့ ထက်မြက်က ခေါင်းကိုခါယမ်းငြင်းရင်း –

''မဟုတ်ဘူး၊ ဂုဏ်က Propose လုပ်ထားရုံပါ၊ နန်းစံက အဖြေမပေးသေးဘူး''

သူမ နားလည်သဘောပေါက်သွားရသည်။ နန်းစံဆိုတဲ့ ကောင်မလေးက ဘယ်ယောကျ်ားကိုမှ စိတ်ဝင်စားတာမှ မဟုတ်တာ။

တွေးရင်း ရင်ထဲမှ မခံချင့်စိတ်တွေ ကြွတက်လာမိသည်။

ချစ်ရေစင်ဆိုတဲ့ သူမကိုကျော်ပြီး နန်းစံကိုမှ ဂုဏ်က ချစ်နေခဲ့သလား။ ဘယ်လိုအခြေအနေပဲယှဉ်ယှဉ် သူမက သာလွန်ပြီးသားကို။

ဒါတောင်မှ ဂုဏ်က နန်းစံကိုတဲ့လား။

ဟင့်အင်း။

ရှင့်ရဲ့ ခပ်ကြောင်ကြောင်စိတ်ကူးတွေ ဘယ်တော့မှ ဖြစ်မလာစေရဘူး ဂုဏ်။

ရှင် ရွေးချယ်ရမှာက ကျွန်မပဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေစင်ဆိုဟဲ့ ကျွန်မဘဝထဲက ရှင် ဘယ်တော့မှ ထွက်သွားလို့မရဘူး မှတ်။

❊

ညေ့ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသော စင်စင်ကိုကြည့်ကာ ကျွန်မ နားမလည်နိုင်အောင်ဖြစ်နေသည်။ အရင်က ဒီလိုပုံစံမျိုးနှင့် စင်စင့်ကို ကျွန်မ တစ်ခါမှမမြင်ဖူးခဲ့ပါ။

ဘာတွေဖြစ်နေတာလဲ။ လမ်းလျှောက်ရင်မှ ခြံတံခါးကိုလည်း လှမ်းကြည့်သေးသည်။ ဘာကိုမျှော်နေတာလဲ။

ကိုကို့ကိုလား။ မဖြစ်နိုင်။

ကိုကိုသာ အိမ်ကိုလာမယ်ဆိုရင် ကျွန်မကို အမြဲတမ်း ကြို ပြောနေကျပဲ။ ကိုကို ဒီကိုရောက်မလာတာ တစ်ပတ်လောက်ကြာခဲ့ပြီ။

'တီ တီ'

ဖွင့်ထားသောခြံတံခါးဆီမှ ဟွန်းသံနှင့်အတူ ကိုကို့ကားလေး ဝင်လာခဲ့သည်။ လမ်းလျှောက်နေသောစင်စင် အခုမှ ရပ်သွားက





မျက်နှာလေး ဝင်းပသွားသည်။

"မျှော်လိုက်ရတာ ဂုဏ်ရယ်၊ လာမှ လာပါ့မလားလို့"

"လာမယ်လို့ ပြောထားတာပဲ ... လာမှာပေါ့"

ခဏကြာတော့ ကျွန်မကို စင်စင်က အသာလက်တို့ခေါ်ကာ အိမ်ခန်းထဲရောက်တော့ –

"မင်း ဈေးသွားပြီး အသားစုံနဲ့ အသီးအရွက်တွေ ဝယ်ခဲ့ပါယ်၊ ပုစွန်မ မရှိတော့ မင်းခဏလုပ်ပေါ့"

ကျွန်မ စဉ်းစားမိလိုက်သည်။ ဈေးသွားခိုင်းတာ မနက်က သွားခိုင်းရင် ရတာပဲ၊ ဘာလို့ အခုမှ ခိုင်းတာလဲ။ ပုစွန်မကိုလည်း မနေ့ကတည်းက သူ့အဒေါ်အိမ် ပြန်လွှတ်လိုက်သည်။

ခွဲခြင်းယူပြီးထွက်လာခဲ့ပေမယ့် စင်စင့်ပုံစံက ထူးခြားနေတာတော့ အမှန်။ ကိုကိုရောက်လာတာကြောင့် ကျွန်မကို အိမ်မှာ ရှိမနေစေချင်လို့လား။

"ဂုဏ် တို့အခန်းထဲက ညအိပ်မီးသီးလေးကျွမ်းသွားလို့ အသစ်ပြန်လဲပေးပါလား"

"အသစ်ဝယ်ထားပြီးသားလား"

"အင်း ... ဝယ်ထားတယ်"

ကျွန်မ ဖိနပ်စီးနေရင်းမှ နားမလည်နိုင်အောင် ဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မနက်ကပဲ စင်စင့်အခန်း ကျွန်မဝင်ရှင်းပေးခဲ့တာ။

မီးသီးတွေရော ဖန်ချောင်းတွေပါ အကောင်းပဲဟာ။ ဘာလို့ ညှာနေတာလဲ။

စင်စင် မရှိသားတာတော့ သေချာနေပြီ၊ ရင်ထဲမှာ သံသယတွေနှင့်အတူ ကိုကို့အတွက် စိုးရိမ်မိသည်။

ဒီမိန်းမ မာယာကုန်ထုတ်သုံးတော့မယ်ထင်တယ်၊

ကျွန်မ ခြံဘေးကပန်းပင်လေးတွေကြားထဲ အသာပုန်းနေခဲ့သည်။

"အပေါ်ထပ်က တွေ့တွေ့ချင်းအခန်းက တို့အခန်းပဲ၊ ခုတင်ပေါ်မှာ ဖန်သီးအသစ်ရှိတယ် လဲလိုက်နော်၊ တို့ အအေးဖျော်ပြီးလိုက်လာခဲ့မယ်"

ကိုကိုက အပေါ်ထပ်သို့တက်သွားပြီး စင်စင်က နောက်ဖေးကိုဝင်သွားသည်။

ကျွန်မ အပေါ်ထပ်သို့ အသာတက်ခဲ့ကာ အခန်းထဲသို့ အသာဝင်ခဲ့သည်။

"ဟင် ကလေး"

"ကိုကို"

"ကလေး ဈေးသွားမယ်ဆို"



"ကိုကို ဒီကမြန်မြန်ထွက်ရအောင်၊ ချစ်ရေစင် ချစ်ရေစင် ကိုကို့ကိုယုတ်မာတော့မယ်၊ လမ်းရောက်မှရှင်းပြမယ်၊ အခု ဒီကသွားရအောင်"

ကိုကို့လက်ကိုဆွဲကာ အိမ်ပေါ်မှ အသာဆင်းခဲ့သည်။

❊

လိမ္မော်ရည်ထဲမှာ တက်ကြွစေသောဆေးအနည်းငယ်ကို ထည့်လိုက်ပြီး ရေခဲတုံးသုံးတုံးထည့်လိုက်ကာ အပေါ်ထပ်သို့ တက်ရန်ထွက်လာခဲ့သည်။

ဒီဖျော်ရည်ကို သောက်ပြီး စိတ်တွေကြွနေသည့်အချိန်မှာ သူမ အဝတ်အစားချွတ်ပြလိုက်ရင် ပွဲကသိမ်းပြီပဲ၊

မီးဖိုခန်းမှအထွက် ဝူးခနဲ မောင်းထွက်သွားသော သူ့ကားကြောင့် သူမ လန့်သွားမိသည်။

အိမ်ရှေ့ပြေးထွက်ကြည့်ပြီး အပေါ်ထပ်သို့ တက်ခဲ့တော့ သူမခုတင်ပေါ်မှာ ဖန်သီးအသစ်က လက်ရာမပျက် ရှိနေသည်။ သူ သူ ... သူမအကြံအစည်ကို ရိပ်မိသွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



သွေးရူးသွေးတန်းနှင့် ညည်ခန်းထဲကို ဘယ်လိုပြန်ဆင်းလာခဲ့မိသည်မသိ။

ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော သူမစိတ်တွေကို တည်ငြိမ်အောင်ထိန်းပြီး တွေးမိသည်။

အာရုံထဲဝင်လာတာက နန်းစံဧ်မျက်နှာ။ နန်းစံက သူမအကြံအစည်ကို ရိပ်မိပြီး ဂုဏ်ကို ပြောလိုက်တာလား။ မနေ့က ဒီဆေးတွေဝယ်လာတာကို နန်းစံသိနေသည်။

သေချာတယ်၊

"တောက် . . . နန်းစံ"

ရင်ထဲကဒေါသတွေ ပေါက်ကွဲကာ သူမ ရေရွတ်နေရုံမှအပ ဘာမှ မတတ်နိုင်။

ကိုကိုက ကားကို ပဲခူးဘက်မောင်းနေသည်။ လူရှင်းသော လမ်းဘေးတစ်နေရာရောက်တော့ ကားကိုရပ်လိုက်ပြီး –

"ကဲ ပြောပါဦး . . . ကလေးသိထားတဲ့အကြောင်းတွေ"

"မနေ့က ပုရူးမကို ချစ်ရေစင်က သူ့အဒေါ်အိမ် ပြန်လွှတ်လိုက်တယ်၊ မနက်က ဈေးဝယ်လွှတ်ရင် ရတာကို အခု ကိုကိုလာမှ ကျွန်မကို ဈေးသွားခိုင်းတယ်၊ ပြီးတော့ . . . မနေ့က ဟိုစိတ်တက်ကြွတဲ့ ဆေးတွေဆိုလားပဲ ဝယ်လာတယ်၊ သုံးစရာရှိလို့တဲ့၊ ပြီးတော့ . . .





ကျွန်မ မနက်ကပဲ သူ့အခန်းထဲဝင်ရှင်းတာ ဖန်သီးတွေရော ပန်ချောင်းတွေရော အကောင်းတွေပဲ၊ တစ်ချောင်းမှ မကျွမ်းဘူး"

အခုလောက်ဆို ချစ်ရေစင်တစ်ယောက် ဒေါ်တွေပွနေလောက်ပြီ။

"ချစ်ရေစင်က တော်တော်ယုတ်မာပက်စက်ပြီး အရှက်မရှိတဲ့ မိန်းမပဲ၊ သူ ဒီလိုလုပ်ရင်ရော ကိုကိုက သူ့ကိုချစ်မှာတဲ့လား"

"ကဲပါ ပြန်ရအောင်လေ"

"ကလေးက ချစ်ရေစင်ဆီပြန်မလို့လား၊ အခုလောက်ဆို ကလေးကြောင့်ဆိုတာ ချစ်ရေစင်သိနေလောက်ပြီ"

"ဘယ်လိုသိမှာလဲ၊ ကျွန်မကို သူက ဈေးသွားတယ်ပဲ ထင်မှာပေါ့"

"လှေကားမှာကျွတ်ကျန်ခဲ့တဲ့ ကလေးရဲ့ဖိနပ်တစ်ဖက်ကို အခုချိန်လောက်ဆို ချစ်ရေစင်တွေ့ပြီးနေလောက်ပြီလေ"

ဟုတ်သားပဲ။

ကိုကိုနဲ့ အဆင်းကလှေကားမှာ ကျွန်မဖိနပ်တစ်ဖက် ကျွတ်ကျန်နေခဲ့သည်။

ပြန်ကောက်စီးဖို့ အချိန်မရခဲ့။

"ကျွန်မ ဒယ်ဒီဆီကိုပဲ ပြန်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။

ကျွန်မအတွက် နိဂုံးစရာရင်ခွင်အရိပ်က ဒယ်ဒီ့အရိပ်ပဲရှိတော့တာ။ ဒယ်ဒီ့ကို ကျွန်မ ဥပေက္ခာပြုထားခဲ့တာ ကြာခဲ့ပြီပဲလေ။

❊ ❊ ❊



## အခန်း (၂၄)

"ဘယ်လိုလုပ်လိုက်တာလဲ သားရာ"

သူ ကားရပ်လိုက်တာနှင့် အိမ်ထဲမှ ဆင်းလာကာ ပြောသော လေးနိုင်၏စကားကြောင့် သူ နားမလည်စွာဖြင့် မော့ကြည့်မိသည်။

"သားတို့ရှင်း အဆင်ပြေတယ်ဆိုရင် လေးနိုင်ဆီ ခွင့်တောင်းလေ၊ အခုတော့ သားက ချစ်ရေစင်လေးကို ဘာလို့ခိုးသွားရတာလဲကွာ"

"ဘာ ... ဘယ်လိုလေးနိုင်"

"ချစ်ရေစင်ကိုယ်တိုင် ဖုန်းဆက်မှ"

"လေးနိုင် ... ချစ်ရေစင်က ဖုန်းဆက်တယ် ဟုတ်သား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ညနေလောက်က ဆက်တာ၊ သားက သူ့ကို ဖွတ်အတင်းခိုးသွားတယ်တဲ့၊ သူက ချစ်နေတော့လည်း မငြင်းနိုင်ဘူးတဲ့လေ"

အိမ်ထဲတွင်လည်း ရက်ကွက်ထဲက လေးနိုင်၏မိတ်ဆွေ နှစ်ယောက်ရောက်နေသည်။

ထိုထဲကတစ်ယောက်က –

"သားရှင်ဘက်က ဟိုဘက်ကို ပြန်အပ်လိုက်ဦးနော်"

တကယ်ဆို မနေ့က ကလေးကို သူ့ဒယ်ဒီထံ ပြန်အပ်ပြီး စိတ်ရှုပ်နေတာမို့ အိမ်ပြန်မအိပ်တဲ့ မော်တီက သူငယ်ချင်းထံ သွားနေခဲ့တာပါ။

ညှိုသည်နှစ်ယောက် ပြန်သွားတော့မှ –

"လေးနိုင်တို့ ထင်နေတာတွေ တစ်ခုမှ မဟုတ်ဘူး၊ သားက ချစ်ရေစင်ကို ဘာလို့ခိုးရမှာလဲ"

"ဘာကွ"

"ဟုတ်တယ် . . . အဖြစ်အပျက်က"

သူအားလုံးကို ရှင်းပြလိုက်တော့ တစ်ချိန်လုံးငြိမ်သက်နေသော ထက်မြက်က တအံ့တသြနှင့် မယုံနိုင်စွာမေးလာသည်။

"ငါ အမှန်ပြောတာ ထက်မြက်၊ ငါ ချစ်ရေစင်ကို မချစ်တာ





မင်းအသိပဲ"

"ဒါပေမဲ့ . . . ချစ်ရေစင်ကိုယ်တိုင်က မင်း သူ့ကိုခိုးပြေးပါတယ်လို့ ဒီတစ်ရပ်ကွက်လုံးသိအောင် သတင်းလွှင့်ထားပြီးပြီလေ"

သူ ခံပြင်းစွာဖြင့် –

"တောက်"

အံကြိတ်တောက်ခေါက်မိသည်။ ချစ်ရေစင် ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်ရတာလဲ။ သူမ ကျူးလွန်ခဲ့သောအပြစ်က လွတ်အောင် ထွေးဖာတ်ခင်းနေတာလား။

"ဒါ . . . လုံးဝလက်မခံနိုင်တဲ့ ကောဒပဲဗျာ"

"လက်မခံလို့တော့မရဘူးကွတ်"

"မဟုတ်ဘူး လေးနိုင်၊ ဒါ . . . မှားနေတာလေ"

"အဲဒီအမှားကို မင်း ဖန်တီးခဲ့တာလေ၊ ချစ်ရေစင်နဲ့ မင်းတွဲနေတာ အားလုံးအသိပဲ"

သူ့ရင်ထဲ နာကြည်းဒေါသထွက်မိသူက ချစ်ရေစင်ကို။

"တောက် . . . မိန်းမယုတ်မ"

သူ ဘာဆက်လုပ်ရမလဲ။ စဉ်းစားစမ်း။

❋



www.burmeseclassic.com

www.burmeseclassic.com



''သမီး . . . သမီးလေးရယ် . . . ဒယ်ဒီ ဝမ်းသာလိုက်တာကွာ''

ကျွန်မကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ဖက်ထားရင်း ဒယ်ဒီကပြောသည်။

''ဒယ်ဒီ့ရင်ခွင်ထဲက ဘယ်တော့မှ ထွက်မသွားပါနဲ့သမီးရယ်နော်''

ဒယ်ဒီက ကျွန်မပခုံးကို ကိုင်ရင်းပြောပြန်သည်။

''သမီး ကတိပေးပါတယ် ဒယ်ဒီ၊ ဘယ်တော့မှ ဒယ်ဒီ့အနားကို သမီးမစွန့်ခွာသွားတော့ပါဘူး။ ဒယ်ဒီမေတ္တာတွေကို စွန့်ခွာစော်ကားခဲ့တဲ့အတွက် သမီးကို ခွင့်လွှတ်ပေးပါနော်''

''ခွင့်လွှတ်ပါတယ်သမီးရယ်၊ မိဘဆိုတာ သားသမီးအပေါ် ဘယ်တော့မှ အဲပြစ်မယူဘဲ ခွင့်လွှတ်တတ်သူပဲ သမီးရယ်''

နှစ်လကျော်အောင် ကျွန်မပစ်ထားခဲ့တဲ့ ဒယ်ဒီ သိသိသာသာ ပိန်ချုံးသွားခဲ့သည်။

ဒါကို မြင်ရတော့ ကျွန်မ ဝမ်းနည်းကြေကွဲမဆုံး။

''အစ်ကိုကြီး နေမကောင်းလို့ ဆေးရုံတင်ရတာ သုံးကြိမ်





တောင်ပဲ သမီးရယ်၊ အဲဒီအချိန်မှာ မချိုလဲ့က အချိန်ပြည့်ကူညီပေးခဲ့လို့သာပေါ့၊ ဒေါ်ကြီးတစ်ယောက်တည်းဆိုရင် ဘာမှလုပ်တတ်မှာ မဟုတ်ဘူး''

ကျွန်မ ပြန်ရောက်ရောက်ချင်းမှာပဲ ဒေါ်ကြီးရွှေက ပြောပြခဲ့တာပါ။ ဆေးရုံရောက်ရသော ဒယ်ဒီ့ရဲ့သတင်းကို ဒေါ်ကြီးရွှေမပြောခင်မှာပဲ ကျွန်မ အားလုံးသိနေခဲ့တာပါ။

ကိုကိုနှင့်လမ်းခွဲခဲ့ပြီး ဒယ်ဒီ့ဆီမပြန်ဖြစ်ဘဲ မာမီ့ဆီကို အရင်သွားဖြစ်ခဲ့တာလေ။

''သမီးမှားတယ်၊ တကယ်ဆို သမီးဒယ်ဒီက သမီးအပေါ်မှာ မာမီ့ထက်တောင်မှ တာဝန်ကျေခဲ့သူပါ သမီးရယ်၊ ဒီအသက်အရွယ်အထိ သမီးတစ်ယောက်တည်းကလွဲပြီး သူဟာ ယောက်ျားတစ်ယောက်တန်မဲ့ ဘယ်အပျော်ကိုမှ ရှာခဲ့တာမဟုတ်ဘူး။ သမီးအတွက် စဉ်းစားပြီး သူ ဒီအစီအစဉ်ကို စီစဉ်တာပါကွယ်၊ သမီးလက်ခံပေးလိုက်ပါ၊ မာမီ ဆေးရုံမှာ သတင်းသွားမေးတော့ မချိုလဲ့နဲ့တွေ့ခဲ့တယ်''

''ရှင် . . . မာမီက အဲဒီမိန်းမနဲ့ဆုံတယ်''

ဒယ်ဒီကိုလက်ထပ်ဖို့ ကြိုးစားနေသော ဒေါ်ချိုလဲ့နှင့် ရင်ဆိုင်တိုးချိန်မှာ မာမီ ဘယ်လိုခံစားရမလဲ ကျွန်မသိချင်မိသည်။

မာမီက နှုတ်ခမ်းသိမ်မွှေ့စွာပြုံးရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ချိုလဲ့နဲ့မာမိက အရမ်းကိုရင်းနှီးပါတယ် သမီးရယ်၊ တကယ် စိတ်ရင်းကောင်းတဲ့သူပါကွယ်၊ သမီးရဲ့ဒယ်ဒီအပေါ်မှာလည်း အချစ်ကြီးရှာပါတယ်"

"မာမိက သဘောတူသလားဟင်"

"သမီးရယ် . . . သမီးဒယ်ဒီရွေးချယ်တဲ့ ဘယ်သူ့ကိုမဆို မာမိ လက်ခံသဘောတူပါတယ်၊ မာမိကိုယ်တိုင်က စမှားခဲ့သူလေ၊ မချိုလဲ့က သမီးဒယ်ဒီအတွက် အကောင်းဆုံးလက်တွဲဖော်ပါ၊ သမီး ဒယ်ဒီ စီးပွားရေးတွေကျဆင်းနေတဲ့အချိန်မှာ ချိုလဲ့က အများကြီးကူညီပေးခဲ့တယ်လေ၊ သမီးကိုလည်း ချစ်ရှာတယ်"

မာမို့စကားတွေကို နားထောင်ရင်း ကျွန်မတွေဝေခဲ့ရသည်။ တကယ်ဆို နှလုံးသားက ချစ်တတ်တာကို ကျွန်မကိုယ်တိုင်လည်း ကြုံခဲ့ရတာပဲ။

"သမီး . . . ဘာတွေတွေးနေတာလဲ"

ဒယ်ဒီ့စကားကြောင့် ကျွန်မ အတွေးတွေထဲ နစ်မျောနေရာမှ သတိပြန်ဝင်လာသည်။

"ဒယ်ဒီ . . . ဒယ်ဒီ့ဆီကို အန်တီချိုလဲ့ လာသေးလားဟင်"

ဒယ်ဒီ ကွက်ခနဲ မျက်နှာပျက်သွားသည်။ ကျွန်မက ဒယ်ဒီ့ကို ပြုံးပြရင်းမှ –





"သမီး . . . ဒယ်ဒီ့ကို အပြစ်မမြင်တော့ပါဘူး ဒယ်ဒီရယ်၊ အန်တီချိုနဲ့ဒယ်ဒီ့ကို သမီး သဘောတူလိုက်ပါပြီ"

"ဟင်"

"အန်တီချိုလဲ့ဟာ ဒယ်ဒီ့အတွက် အကောင်းဆုံးအဖော်ဆိုတာ သမီးယုံကြည်လက်ခံလိုက်ပါပြီ"

"သမီးရယ်"

ဒယ်ဒီ ကျွန်မကြောင့် စိတ်မဆင်းရဲစေချင်ပါ။ ဒယ်ဒီ့ရဲ့ မေတ္တာတွေကိုလည်း ကျွန်မ နားလည်တတ်ခဲ့ပြီလေ။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

သခွားရောင်ပိုးချိတ်ဝတ်စုံလေးနှင့် ချစ်ရေစင်ကို မြင်လိုက်ကတည်းက သူ အံကို တင်းတင်းကြိတ်ထားမိသည်။ အနားတွင်ရှိနေသော ထက်မြက်ကတော့ သူ့ခံစားချက်တွေကို နားလည်စွာဖြင့် မျက်ဝန်းနှင့် သတိပေးနေသည်။

ဒီနေ့ လူကြီးစုံရာနှင့် မင်္ဂလာကိစ္စ ဆွေးနွေးသည့်နေ့။ ဒီအချိန်မှာသာ သူပေါက်ကွဲလိုက်ရင် လေးနိုင် ဘယ်လိုဖြစ်သွားမလဲ။

လေးနိုင်ဆိုတာ . . . ရပ်ကွက်ထဲမှာ လူကြီးလူကောင်းတစ်ယောက်အဖြစ် သိက္ခာရှိမှု တစ်ရပ်ကွက်လုံး၏လေးစားမှုကို ခံနေရသူ။





ရင်ထဲက နာကြည်းခံပြင်းမှုတွေကို ကြိတ်မှိတ်မျိုချရင်း အံကိုသာ တင်းသထက်တင်းအောင် ကြိတ်ထားမိသည်။ ချစ်ရေစင်၏ မျက်နှာကိုတော့ မမြင်မိအောင် အကြည့်လွှဲထားရသည်။

အနိုင်ရသူတစ်ယောက်၏ ကျေနပ်ပြုံးတွေကို မြင်ရင် သူ ပိုပြီး ဒေါသထွက်နေရမည်။

"ကျွန်မကတော့ မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ချင်ပါတယ်၊ ဂုဏ်နဲ့မခွဲနိုင်လို့လေ . . . အဟင်း"

အရှက်မရှိဝင်ပြောသောအသံကြောင့် သူ ဒေါသထွက်သွားမိသည်။

မြွေပောက်မ။

အယုတ်တမာမ။

လူကြီးတွေ ထပြန်သွားမှ ဆွေးနွေးပွဲပြီးတာ သူ သိလိုက်ရသည်။

"ဂုဏ် . . . မနက်ဖြန် မင်္ဂလာဝတ်စုံသွားအပ်ရအောင်နော်"

ရွှံစရာကောင်းလိုက်တဲ့မိန်းမ။

သူ့ဘဝကို ဒီမိန်းမရင်ခွင်ထဲမှာ စတေးရမှာလား။

အခန်းထဲရောက်တော့ နံရံကိုလက်သီးနှင့် အကြိမ်ကြိမ်ထိုးရင်း ပေါက်ကွဲမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေး ... ဂလေးကရော သူ့ကို လက်ခံပေဦးမှာလား။

❊

"ကြည့်စမ်း ... ဒယ်ဒီ့သမီးက ဒါကြောင့် ဒယ်ဒီ့ရင်ခွင်ထဲ ပြေးဝင်လာခဲ့တာပေါ့ ဟုတ်လား"

ဒယ်ဒီက ကျွန်မကို နောက်ပြောင်လာတော့ ကျွန်မ တကယ် ရှက်သွားရသည်။

"ဒယ်ဒီကလည်း ... သမီးက သူ့ကို အဖြေတောင်မပေးရသေးဘူး"

"မလိုအပ်တဲ့ ဘာလို့ အချိန်တွေဆွဲနေတာလဲ သမီး။ ချစ်နေတာကို ချစ်တယ်လို့ ပြောရဲတဲ့သတ္တိရှိရမှာပေါ့။ လူ့ဘဝက တိုတိုလေးရယ်"

"သမီး သူ့ကို အဖြေပေးတော့မှာပါ ဒယ်ဒီ"

လမ်းခွဲလာခဲ့တုန်းက အဖြေမြန်မြန်ပေးပါလို့ ကိုကို တောင်းဆိုခဲ့သေးသည်။ တကယ်ဆို အဲဒီအချိန်ကတည်းက အဖြေပေးဝန်ခံချင်ပေမယ့် ဘာတွေ ဆွံ့အနေသည်မသိ။





ကိုကို့အနားကို ကျွန်မရောက်အောင် ပြန်သွားပြီး ဝန်ခံရမယ်၊ ဟုတ်တယ်၊

❊

"သား ... မကြာခင် ချစ်ရေစင်ဟာ မင်းမိန်းမဖြစ်တော့မယ်၊ မင်းခံစားချက်တွေကို နာကြည်းချက်တွေကို မေ့ပစ်လိုက်တော့ကွာ"

လေးနိုင်က သူ့ကို ဆုံးမနေစဉ်မှာပဲ ချစ်ရေစင်ရောက်လာခဲ့သည်။

"ဂုဏ် ... သွားရအောင်လေ၊ ရော့ ... ကားသော့"

သူမပေးသော ကားသော့ကိုယူကာ မောင်းသူနေရာမှာ သူ ဝင်ထိုင်လိုက်သည်။ ကားလေး ခြံထဲကထွက်ခဲ့သော် –

"ဂုဏ်"

ခေါ်သံကြားပေမယ့် သူမထူးမိ။

"ဂုဏ်"

"ပြော"

"ကျွန်မကို ရှင် စိတ်ဆိုးနေလားဟင်၊ ကျွန်မလေ ရှင့်ကို ချစ်တဲ့စိတ်တွေကြောင့် အမှားတွေ လုပ်ခဲ့မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမရှက်ဘူးလား ချစ်ရေစင်"

ပြောမယ်ပြင်ပြီးမှ ဆက်ပြောချင်စိတ်မရှိလောက်အောင်ကို စိတ်ပျက်သွားရသည်။

"မရှက်ပါဘူး ဂုဏ်ရယ်၊ ဘာလို့ရှက်ရမှာလဲ၊ ကိုယ်ချစ်တဲ့သူကို ရအောင်ယူတာ ရှက်စရာမှမဟုတ်တာ"

"တောက်"

သူက တောက်ခေါက်တော့ –

"ဂုဏ်က ဘာဖြစ်နေတာလဲ၊ ရှင် ကျွန်မကို အဲလောက် အထိ အငြိုးမကြီးသင့်ဘူး။ မကြာခင်ပဲ ရှင်နဲ့ကျွန်မက လင်မယားတွေ ဖြစ်တော့မှာကို"

"အေး ... မင်း ငါ့နှလုံးသားကိုတော့ တစ်သက်လုံးမရဘူး မှတ်၊ ငါ့နှလုံးသား နန်းစံထိုင်ထားကလွှဲပြီး ဘယ်သူ့အတွက်မှ မပေး နိုင်ဘူး"

"ဘာ"

မယုံနိုင်လောက်အောင် ချစ်ရေစင်၏မျက်နှာကြီး ညိုမည်း သွားခဲ့သည်။ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းတွေ လှုပ်ခတ် ပြီး ချစ်ရေစင်တစ်ယောက် ဘာစကားမှ ချက်ချင်းမပြောနိုင်ခဲ့။

"မှတ်ထား ချစ်ရေစင် ... အချစ်ဆိုတဲ့အရာကို မာယာနဲ့





သိမ်းပိုက်လို့မရဘူး၊ လိုချင်အတ္တစိတ်တွေနဲ့ လုယူလို့မရဘူးဆိုတာ မင်း တစ်သက်လုံး ယုံထား။ မင်း ငါ့ကိုလက်ထပ်တဲ့အတွက် နောင်တ ရစေရမယ်"

သူမမျက်နှာကို စေ့စေ့ကြည့်ပြီး ကားရပ်ကာပြောချလိုက် သည်။

သူမက သူ့ကိုကြည့်ရင်း မျက်ရည်တွေကျလာရာမှ –

"ဟား ဟား ဟား ဟား ဟား"

အားပါးတရ ရယ်မောလိုက်သောသူမကြောင့် သူ လန့်သွား ရသည်။ ချက်ချင်းပဲ ရူးသွားတာလား။

သူ အံ့သြတကြီးကြည့်နေတုန်းမှာပဲ သူမရယ်သံတွေ တိခနဲ ရပ်သွားခဲ့သည်။

ပြီးမှ သူ့ကို ရူးရှသောအကြည့်တွေနှင့် ကြည့်လာရင်း ...

"ဒီမှာ ဂုဏ် ... ကျွန်မဘဝမှာ မရဘူးဆိုတဲ့အရာတစ်ခုမှ မရှိခဲ့ဘူး။ ရှင့်ရဲ့ဘဝကို ရအောင်ယူခဲ့ပြီးပြီ၊ ရှင့်ရဲ့နှလုံးသား ရှင့်ရဲ့ အသွေးအသားအားလုံး ကျွန်မပိုင်ဆိုင်သွားရအောင် လုပ်ဦးမယ်၊ အဲဒါ ဘာလို့လဲ သိလား ... ရှင့်ကိုသိပ်ချစ်လို့ ရှင့်ကို ရှင့်ကို ကျွန်မဘဝ ကျွန်မအသက်ထက် ပိုပြီးချစ်ခဲ့လို့"

သူ နှုတ်ခမ်းတွန့်ကာ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း စိတ်ကူးယဉ်တာတွေ ဘယ်တော့မှ မဖြစ်စေရဘူး ချစ်ရေစင်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ ငါ့ရဲ့နှလုံးသားထဲမှာ အမုန်းတီးဆုံး မိန်းမတစ်ယောက်ဖြစ်နေလို့ပဲ။

❊ ❊ ❊



# အခန်း (၂၆)

"ဟယ်"

သတင်းစာထဲတွင်ပါလာသော စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ဆိုတဲ့သတင်းအောက်မှာ မောင်မင်းဂုဏ်ရှိန်နှင့် မချစ်ရေစင်တဲ့၊ ဘာတွေ ဖြစ်ကုန်တာလဲ။

သူတို့ သူတို့ ဘာလို့စေ့စပ်လိုက်တာလဲ။

ကျွန်မအတွက် ချောက်ချားတုန်လှုပ်စေတဲ့သတင်းဆိုးပါပဲ။ ချစ်ရေစင်က ကိုကို့ကို သိမ်းပိုက်သွားပြီလား။

သွားပြီ။ ကျွန်မရဲ့မျှော်လင့်ချက်တွေ ပြိုလဲသွားပြီ။

"သမီး . . . သမီး ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သတင်းကိုကြည့်ပြီး ငိုနေသောကျွန်မကို ဒယ်ဒီက စိုးရိမ်စွာနှင့် လာမေးသည်။

"ဒယ်ဒီ . . . ကိုကို့ကို သူရအောင်ယူသွားပြီ"

"ဘယ်သူလဲ သမီး၊ ဘယ်သူက ယူသွားတာလဲ"

"ကိုကို စေ့စပ်သွားပြီ"

"ဘာ"

ဒယ်ဒီက ကျွန်မလက်ထဲမှသတင်းစာကို ဆွဲယူကာ ကြော်ငြာကို ရှာဖွေဖတ်ရှုသည်။

"မချစ်ရေစင် . . . ဟုတ်လား"

"ဟုတ်တယ် ဒယ်ဒီ၊ အဲဒီမိန်းမက အရမ်းယုတ်မာကောက်ကျစ်တာ၊ အခု သူ ကိုကို့ကို ဘယ်လိုရအောင်ယူလိုက်လဲမသိဘူး . . . အဟင့် ဟင့်"

သူ့ရင်ခွင်ထဲကိုဝင်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေသော သမီးအဖြစ်ကိုကြည့်ရင်း သူ့ရင်ထဲ ပူလောင်လာရသည်။

ချစ်ရေစင်။ ဒီမိန်းကလေးဟာ ချို့တူမဆိုတာကို သမီးလေး မသိခဲ့။ သမီးလေးသာသိသွားရင် ဘာတွေဖြစ်လာနိုင်သလဲ။

မင်းဂုဏ်ရှိန်ဆိုတဲ့ ယောကျ်ားဟာ သမီးရဲ့နှလုံးသားဆိုတာ သူသိခဲ့ပြီ။





သမီးအတွက် စိတ်ချမ်းသာအောင် သူ စီစဉ်ပေးဖို့အတွက်လည်း ဆုံးဖြတ်ထားခဲ့သည်။

အခုတော့။

❋

"ဘယ်လို . . . ချို့တူမလက်ထပ်မယ့် ကောင်လေးက နန်းစံရဲ့ချစ်သူ ဟုတ်လား"

"ဟုတ်တယ် ချို၊ ဒီအကြောင်းတွေကို သမီးက ကိုယ့်ကို ပြောပြခဲ့တာ၊ သမီးက ချိုနဲ့ချစ်ရေစင်ကို တူဝရီးဆိုတာ မသိဘူး"

ချိုလှဲ့တစ်ယောက် တကယ်ကို အံ့သြမိသလို ထူပူသွားရသည်။ ဒီလောကအထိတောင် ကံကြမ္မာက လှောင်ပြောင်လိုက်ဆိုင်လွန်းနေတာလား။ သမီးနန်းစံနှင့်တူမဖြစ်သူကြားမှာ ဒီပြဿနာကြီးက အမှိုက်တစ်စ ဖြစ်နေခဲ့ပြီလား။

"နေ . . . နေပါဦးအစ်ကိုရယ်၊ အစ်ကို့ကို သမီးက ဘာတွေ ပြောပြသလဲ၊ ချို့ကို ပြောပြစမ်းပါဦး"

အစ်ကိုက သူသိသမျှအားလုံးကို ပြောပြသည်။ ချစ်ရေစင်က



www.burmeseclassic.com

www.burmeseclassic.com



မင်းဂုဏ်ရှိန်ကို မာယာတွေနှင့် သိမ်းပိုက်မည့်အစီအစဉ်တွေက အစ ပေါ့။

"ဟယ် ... ဒါအမှန်တွေပဲလား။ ဒါဆို ... မိရေစင် ချို့ကို လှည့်စားလိမ်ညာခဲ့တာပေါ့၊ တော်တော်ဆိုးတာပဲ"

သူမ အံတကြိတ်ကြိတ်နှင့် စိတ်တိုမိသည်။ ကိုယ့်တူမ အကြောင်း ကိုယ်သာအသိဆုံး။ ရည်းစားတွေတစ်ပုံကြီးနှင့် ပွေရှုပ်တာလည်း လွန်လွန်းသည်။

ဒီလိုမိန်းမက ရုတ်တရက် ယောကျ်ားကောက်ယူမယ်ဆိုတော့ သူမ အံ့ဩမိရသည်။ အခုတော့ အဖြေမှန်က ရှင်းရှင်းကြီး ပေါ်ခဲ့ပြီ။ တော်တော်ဆိုးတဲ့ဟာမ။ ဒါကြောင့် စေ့စပ်ပွဲတုန်းက ကောင်လေးမျက်နှာ သုန်မှုန်နေခဲ့တာကိုး။

နန်းစံလေး သူ့အိမ်ကထွက်သွားတာကိုတောင် သူက သိမ်ညာထားသေးသည်။ တကယ်ကို မဖြစ်သင့် မဖြစ်အပ်သော အခြေအနေတွေကို ရေစင် ဖန်တီးနေခဲ့တာပါလား။

"ချို့ သူနဲ့သွားတွေ့မယ် ကိုကို"

"စေ့စပ်လို့တောင်ပြီးသွားပြီပဲ ချို့ရယ်"

"ဘာပဲဖြစ်ဖြစ် သူက ချို့အစ်မရဲ့သမီး။ ချို့တူမလေး ချို့ သတိပေး ဆုံးမရလိမ့်မယ်"





သူမကပြောတော့ အစ်ကိုက ဘာမှ မဆိုတော့ဘဲ ငြိမ်သက်နေတော့သည်။ သူမရင်ထဲမှာတော့ ချစ်ရေစင်၏လုပ်ရပ်အတွက် ရှက်လည်းရှက်မိသလို ရွံလည်းရွံမိသည်။

❋

"ညည်း ... အမှန်ကိုဝန်မခံဘဲ ဘာလို့ ကျုပ်ကိုညာခဲ့ရတာလဲ မိရေစင်၊ ညည်းလုပ်ရပ်က တကယ်မဖြစ်သင့်တဲ့ကိစ္စပဲ"

"တီလေး ဘာတွေလာပြောနေတာလဲ၊ ဒါ ... ရေစင့်ကိစ္စပါ"

"ဟဲ့ ... ညည်းကိစ္စဆိုပေမယ့် ကျုပ်က လူကြီးတစ်ယောက်အနေနဲ့ တာဝန်ယူကူညီခဲ့တယ်၊ ဒါပေမဲ့ ညည်းလုပ်ရပ်ကြီးက တကယ် ရှက်စရာကောင်းတယ်"

"အဟင်း ... ဘာလဲ တီလေးက တီလေးရဲ့လင်ပါသမီး ဘက်က နာနေတာလား"

"မိရေစင် ... ညည်း ကျုပ်ကိုမစော်ကားနဲ့"

အဒေါ်ဖြစ်သူကိုတောင် ခွန်းတုံ့ပြန်နေသော ချစ်ရေစင်ကို



www.burmeseclassic.com

www.burmeseclassic.com



သူမ ဒေါသဖြစ်မိသည်။

"ကျုပ်က မဖြစ်သင့်တာ မဖြစ်ရအောင် ညည်းကို တားမြစ်ဆုံးမနေတာ၊ အခု ညည်းလက်ထပ်မယ့်ကောင်လေးက ညည်းကို အထင်သေးပြီး ရွံရှာမုန်းတီးနေတာ၊ ညည်းတို့အိမ်ထောင်ရေး ဘယ်လိုသာယာမှာလဲ၊ ညည်းစဉ်းစားကြည့်စမ်း။ သူက ညည်းကို တန်ဖိုးရှေထားမှာလား"

"ရေစင် ဘာကိုမှ ဂရုမစိုက်ဘူးတီလေး၊ အဓိက,က ရေစင်လိုချင်တာကိုရအောင်ယူဖို့ပဲ၊ ဟိုကောင်မ နန်းစံထိပ်ထားဝင်ရှုပ်လို့ ဒီလိုဖြစ်ရတာ၊ တောက်"

"ရေစင် ... ညည်း စိတ်တွေ အရမ်းကြမ်းတမ်းခက်ထန်နေပြီပဲ၊ အချစ်ဆိုတာ နူးညံ့တဲ့ခံစားမှု၊ အိမ်ထောင်ရေးဆိုတာဟာလည်း ယုံကြည်မှု၊ လေးစားမှု၊ တန်ဖိုးထားမှု၊ သံယောဇဉ်၊ သစ္စာတရားတွေနဲ့ တည်ဆောက်ရတဲ့အရာ"

သူမစကားကို ချစ်ရေစင်က နှုတ်ခမ်းလေးမဲ့ကာ လှောင်သလိုရယ်သည်။

"အဟင်း ဟင်း ... ဝတ္ထုထဲကဟာတွေ လာမပြောပါနဲ့တီလေး၊ ရေစင်ရဲ့ ditionary မှာတော့ လိုချင်တာကို ရအောင်ယူခြင်းဒါ အမှန်တရားပဲ"





"ညည်း ... တော်တော် ခေါင်းမာပါလား မိရေစင်၊ ညည်းလက်ထပ်ယူထားတဲ့ယောကျ်ားက ညည်းကို ခါးခါးသီးသီးမုန်းနေတာကို ညည်းအလိုရှိသလား"

"ဂုဏ်က ရေစင်ကို မုန်းနေသတဲ့လား။ မုန်း မုန်းပါစေ၊ ကြိုက်သလောက်မုန်း။ မကြာခင် သူ့ကို ရေစင်လက်ထပ်ရတော့မှာလေ"

ချစ်ရေစင်၏စကားတွေကြောင့် သူမ တော်တော့်ကို စိတ်ပျက်သွားခဲ့ရသည်။ ဘဝမှာအကြီးမားဆုံးအမှားကြီးကို ကျူးလွန်နေတာတောင် နောင်တအသိလေးတောင် မရပါလား။

အတ္တတွေနဲ့ ထင်ရာစိုင်းနေတဲ့ သူ့ကြောင့် အခုပဲ တခြားသူတွေရဲ့ဘဝတွေ ရှင်လျက်နဲ့ သေဆုံးနေခဲ့ရပြီ။ ဒါကို ဒီမိန်းကလေး နားမလည်တော့ခက်ပြီ။

"တီလေး သွားတော့ကွာ၊ တီလေးက လင်ပါသမီးဘက်က ရှေ့နေလာလိုက်နေတာပဲ"

"ဟဲ့ ... ငါ တယ်လေ"

စေတနာကိုစော်ကားပြီးရင်း စော်ကားနေသော ချစ်ရေစင်ကို လက်ဝါးနှင့်ရွယ်မိပြီးမှ ဒေါသတွေကို ကျိတ်မျိုချရင်း –

"တော်ပြီ ရေစင်၊ ညည်းကို ကျုပ် ဘာမှမပြောတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ညည်းထင်ရာလုပ်ပေတော့၊ မှားရင်ခံရမှာက ညည်းပဲ"

"မမှားဘူး၊ ဘယ်တော့မှမမှားဘူး၊ အဟင်း ဟင်း . . . အရေးကြီးတာက ဂုဏ်ကို ရေစင်ပိုင်ဆိုင်ရဖို့ပဲ၊ ဘယ်သူမှ ဖျက်လို့ရဘူး"

"မေတ္တာတရားဆိုတာ အေးမြတဲ့အရာပါ ရေစင်၊ ညည်းရင်ထဲမှာ ပူလောင်နေတယ်၊ အဲဒါ မေတ္တာတရားမဟုတ်ဘူး၊ အတ္တတွေ၊ မာန်မာနတွေ တောက်လောင်နေတာပဲ"

စကားအဆုံးမှာ သူမ ပြန်ခဲ့သည်။ ရေစင်ကတော့ ရယ်မောနေဆဲ။

❊

"သားအပေါ် အန်တီ့တူမ ကောက်ကျစ်ခဲ့တာကို အန်တီမယ်ဘူးသားရယ်၊ ဒါကြောင့်လည်း အန်တီ မင်္ဂလာပွဲအတွက် လိုက်လုပ်ပေးနေခဲ့တာပေါ့"

စိတ်မကောင်းစွာနှင့် တောင်းပန်နေသော ဒေါ်ချိုလှဲ့ကိုကြည်ကာ သူ စာနာနားလည်စွာ ခေါင်းညိတ်ပြမိသည်။





"ကျွန်တော် အန်တီ့ကို နားလည်ပါတယ်၊ ဒါပေမဲ့ အမှန်တရားကို ဘယ်သူမှမသိခဲ့ကြဘူးဗျာ၊ ကျွန်တော် မျော်တီသွားတဲ့အချိန်မှာပဲ သူက အိမ်ကို ဖုန်းဆက်ပြီး ညာခဲ့တယ်၊ ရုပ်ကွက်ထဲမှာ သတင်းလွှင့်နိုင်းတယ်၊ ကျွန်တော်ကယောကျ်ား ငြင်းရင်ရပေမယ့် ကျွန်တော့်ဦးလေးက ဒီရပ်ကွက်ထဲမှာ နာမည်တစ်လုံးနဲ့ သိက္ခာရှိရှိ နေလာခဲ့တာ။ လေးလေးက သူ့သိက္ခာကို ထောက်နိုင်းတယ်"

"သားကို အန်တီအကြိုတစ်ခုပေးချင်တယ်"

ဒေါ်ချိုလှဲ့က ယတိပြတ်ဆုံးဖြတ်ပြီးသောအမူအရာနှင့် –

"သား . . . ရေစင့်ကိုငြင်းလိုက်၊ လက်ထပ်စရာမလိုဘူး ရှောင်နေလိုက်"

"မဖြစ်ဘူး အန်တီ၊ လေးနိုင်က သဘောတူမှာမဟုတ်ဘူး၊ ကျွန်တော့်အခြေအနေကို နားလည်ပေးပါဗျာ"

"အန်တီ့ကို ကျွန်တော် တစ်ခုလောက်မေးချင်တယ်၊ ဒီအမှန်တရားတွေကို ချစ်ရေစင်ကိုယ်တိုင်က အန်တီ့ဆီမှာ ဝန်ခံလို့သိတာလား"

"ဒီဟာမက ဘယ်ဝန်ခံပါ့မလဲ သားရယ်၊ အန်တီ့ကို နန်းခံလေး ပြောပြခဲ့တာ"

"ဗျာ . . . အန်တီနဲ့ကလေး၊ အဲ . . . နန်းစံက ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ နန်းစံဟာ အန့်တီနဲ့ မကြာခင်လက်ထပ်တော့မယ့် ဦးနေအောင်ရဲ့သမီးလေးလေ"

"ဒါ . . . ဒါဆို ကျွန်တော် ကျွန်တော် သူနဲ့တွေ့ချင်လိုက်တာဗျာ၊ သူ့ သူ့စကားတစ်ခွန်းပဲလိုတာပါ"

"အန့်တီသိပါတယ်ကွယ်၊ တကယ်တော့ သမီးလေးနန်းစံဟာ သားဆီကိုလာဖို့ ကြိုးစားနေတုန်းမှာပဲ သတင်းစာထဲက စေ့စပ်သတင်းကို တွေ့ပြီး ကြေကွဲခံစားနေခဲ့ရတာ"

"ဟာ . . . ဟာကွာ"

မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း အံကြိတ်ထားသော ဂုဏ်ကို သူမကြည့်ရင်း သနားလာခဲ့သည်။

"နန်းစံလေးက သားကို သိပ်ချစ်ပါတယ်ကွယ်၊ အန့်တီ သိနေပါတယ်၊ သူက သားကိုချစ်ခဲ့တာ"

ရင်ထဲမှာ ထိထိရှရှ ခံစားခဲ့ရသော ဝေဒနာတစ်ခုပါလား။ သေတဲ့အထိတော့ ယူမသွားချင်ပါ။

❋ ❋ ❋



## အခန်း (၂၇)

"ဂုဏ် သူရောက်နေတယ်"

ထက်မြက်လာပြောတော့ သူ့ရင်ထဲ ပူလောင်သွားရသည်။

"မင်းအတွက် သတို့သားဝတ်စုံလာပေးတာတဲ့"

သတို့သားဝတ်စုံ ဟုတ်လား။ ငါ့အတွက်တော့ မရဏာဝတ်စုံပါကွာ၊ သူ ဧည့်ခန်းထဲထွက်လာခဲ့လိုက်သည်။ သူမမျက်ဝန်းတွေက သူ့ကိုမြင်တော့ တောက်ပဝင်းလက်သွားကာ –

"ဂုဏ်အတွက် ဝတ်စုံရပြီ"

"မင်းပဲယူထားလိုက်ပါ၊ ငါ အခုမအားဘူး၊ ဆိုင်က ကားရင်းတွေ လုပ်နေတယ်၊ ဒါပဲမလား . . . အလုပ်သွားလုပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး အခန်းထဲကိုပြန်ဝင်သွားသော ဂုဏ်ကြောင့် သူမ ဒေါသတွေ လှိုက်ခနဲတက်လာသည်။ ဝတ်စုံကို အိမ်သို့ ပြန်ယူလာပြီး အိမ်ပြန်ရောက်တော့မှ သူမ ဒေါသတွေ ပေါက်ကွဲခွင့်ရတော့သည်။

အိမ်ထဲရှိသမျှပစ္စည်းတွေ ရိုက်ခွဲမိသည်။

ရှင် ဘယ်ကိုမှ ပြေးထွက်ပိုင်ခွင့်မရှိဘူး ဂုဏ်။ ရှင့်အမုန်းတွေကို ရှုပ်သိမ်းပေးပါ။

ကျွန်မတောင်းပန်ပါတယ် ဂုဏ်ရယ်၊ ကျွန်မ ရှင့်နဲ့အမုန်းတွေကို အရမ်းကြောက်နေပြီ။

❊

ကိုကိုတို့အိမ်နားသို့ အရဲစွန့်ပြီး ရောက်လာခဲ့သည်။ မှန်အနက်ရောင်တွေကာထားသော ကားကြီးထဲက သူမကို ဘယ်သူမှ မမြင်နိုင်တာသေချာသည်။

ကိုကို့ထံမှ ကျွန်မနှင့်ပတ်သက်ပြီး ဘာအဆက်အသွယ်မှ မပေးခဲ့တော့ ကိုကို ဒုက္ခရောက်သွားတာပေါ့။

"အန်တီ သူ့ဆီ ဖုန်းဆက်ပေးရမလား"



အန်တီချိုလဲ့က ပြောသည်။

"သမီးဘာသာပဲ တွေ့အောင်ကြိုးစားပါ့မယ်၊ သူက ပိုင်သူရှိထားပြီပဲ အန်တီရယ်၊ မျက်နှာခြင်းဆိုင်တွေ့ဖို့တော့ မကြိုးစားတော့ပါဘူး။ မင်္ဂလာဆောင်ဖို့က နှစ်ရက်ပဲလိုတော့တာနော်၊ ကိုကိုက ဘာလို့ အပြင်မထွက်တာလဲ"

"စိတ်ညစ်လို့ အိမ်ထဲမှာပဲ နေတာတဲ့လေ၊ သူက သမီးကို တွေ့ချင်နေတာ၊ သမီးက မတွေ့ချင်ဘူးဆိုလို့"

လက်မထပ်ခင် ဂုဏ်မျက်နှာကို ခဏပဲဖြစ်ဖြစ် အဝေးက ကြည့်ချင်လို့ပါဆိုကာ ကားထဲမှာ ခိုးကြောင်ခိုးဝှက်လေး ထိုင်ရင်းစောင့်နေရသော နန်းစံလေး၏အဖြစ်ကိုကြည့်ကာ သူမရင်မှာခံစားရသည်။

"ဟယ်"

နန်းစံလေး၏ပါးစပ်မှ အံ့ဩသံလေးထွက်လာသလို မျက်ဝန်းလေးတွေလည်း လက်ခနဲ တောက်ပသွားတာမို့ သူမအကြည့်တွေပါ ဂုဏ်တို့ခြံဆီသို့ ရောက်သွားခဲ့သည်။

ခြံထဲဆင်းပြီး လမ်းလျှောက်နေသော သားဂုဏ်။

နန်းစံလေး၏သဏ္ဌာန်တော့ တကယ်ပြည့်ဝခဲ့ပြီဟု သူမရင်ထဲတွင် ဝီတိဖြစ်ရသည်။ နန်းစံလေးကတော့ ဂုဏ်ကို မျက်တောင်မခတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေရှာသည်။ ဂုဏ် အိမ်ထဲပြန်ဝင်မသွားပါစေနဲ့ နန်းစံကို တစ်ဝကြီး ပေးခွင့်ရစေချင်သည်။

“ကျွို”

သူမတို့ဘေးကို ထိုးဆိုက်လာသောကားကြီးကိုပင် သတိမထားမိခဲ့။

“နန်းစံထိပ်ထား”

“ရှင်”

“ချစ်ရေစင်”

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းတွေနှင့် စိုက်ကြည့်နေရာမှ ချစ်ရေစင်က ကားတံခါးဖွင့်ကာ ဆင်းလာသည်။ ဖြစ်လာမည့် အခြေအနေကို ကြိုတင်တွက်ဆက သူမ ကားပေါ်က သုတ်ခနဲ ဆင်းလိုက်သည်။

“ရေစင် မလုပ်နဲ့နော်”

“သွားစမ်းပါ၊ ရှင်လည်း အတူတူပဲ”

“အင့်”

ဒေါသဘီလူးစီးနေသော ချစ်ရေစင်က အဒေါ်ဆိုတာကိုလည်း အာရုံထဲမှာ မရှိတော့ဘဲ ရင်ဘတ်ကိုဆောင့်တွန်းပစ်သည်။ ပြီးတော့ ကားတံခါးကို ဆွဲဖွင့်ကာ –





“ငါ့ရဲ့ယောကျ်ားကို နင်က လာမြူဆွယ်ဖို့ ကြံစည်နေတာလားဟင်”

“မဟုတ်ဘူး ရေစင်၊ တီလေး ရှင်းပြမယ်”

လဲကျနေရာမှ သူမကုန်းထရင်း လှမ်းတားပေမယ့် ချစ်ရေစင် ၏လက်တွေက မြန်သည်။ ကားထဲက နန်းစံလေးကို အပြင်ဆွဲထုတ်ပြီး

“လင်နိုးမ”

‘ဖြန်း’

‘ဖြန်း’

‘ဖြန်း’

‘ဖြန်း’

“ရေစင် မလုပ်နဲ့”

“တီလေး . . . ရှင်နဲ့မဆိုင်ဘူးနော်၊ မဆွဲနဲ့”

အချစ်စိတ်အတ္တတွေ မှုန်နေသော ချစ်ရေစင်တစ်ယောက် ဆင်ခြင်တုံတရားတွေ ကင်းမဲ့သွားပြီလားမသိချေ။ ပျော့ခွေမလိုဖြစ်နေသော နန်းစံကို ကုတ်ဖဲ့ဖို့ ကြိုးစားနေသည်။

“ဟာ . . . ဖယ်စမ်းပါ ဒီကောင်မ”

အနောက်သိုင်းဖက်ဖို့ ကြိုးစားနေသောသူမကိုလည်း တွန်းထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နန်းစံဆံပင်ကို ဆောင့်ဆွဲကာ ကားဘောင်နှင့် ရိုက်ရန် ပြင်စဉ်မှာပဲ –

"မလုပ်နဲ့"

"ဟင်"

"ကိုကို"

"ချစ်ရေစင် ... မင်း နန်းစံကို မထိနဲ့ ထိတာနဲ့ ငါဆွဲထိုးမှာနော်"

"တောက် ... ရှင်က ဘာလဲ ဒီကောင်မရဲ့လင်လား၊ ကျွန်မရဲ့လင်လား၊ ဒီကောင်မရှေ့က ဘာလို့ကာကွယ်နေရတာလဲ"

"မင်းစွပ်စွဲတာတွေ အရမ်းပြင်းထန်အောက်တန်းကျနေပြီ ချစ်ရေစင်၊ အန့်တီ ... နန်းစံကို ပြန်ခေါ်သွားလိုက်တော့၊ ဒီမိန်းမ အသိစိတ်တွေ လွတ်နေပြီ"

"ကိုကို"

"လာသမီး ကားပေါ်တက်၊ အန့်တီတို့ ရှောင်သွားတာ အကောင်းဆုံးပဲ"

ကိုကိုက ချစ်ရေစင်ကို အိမ်ထဲဆွဲခေါ်သွားသည်။ ဒေါသလှိုင်းတွေနှင့် တဝုန်းဝုန်း တဝါးဝါးအော်ကာ ချစ်ရေစင် လိုက်ပါသွားသည်။

ရောင်ကိုင်းနေသောပါးနှစ်ဖက်။ လက်သည်းရာများကြောင့်





ထွက်လာသော သွေးများကို လက်ခုံနှင့်သုတ်ကာ –

"အရမ်းနာနေမှာပဲ သမီးရယ်"

"ရပါတယ် အန့်တီ၊ သမီးကြောင့် ကိုကို့တို့ ပြဿနာတွေ ဖြစ်တော့မယ်ထင်တယ်"

"ထားလိုက်ပါ သမီးရယ်၊ အဲဒီကိစ္စတွေကို မေ့လိုက်တော့၊ အားလုံးကိုမေ့လိုက်ပါတော့"

အားလုံးကိုမေ့ပစ်လိုက်ရမှာလား အန့်တီရယ်၊

မေ့မှ မမေ့နိုင်တာ။ တွေဝေခဲ့မိတဲ့ သမီးရဲ့အမှားတွေကြောင့် ပါ အန့်တီရယ်၊

❋ ❋ ❋

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မနက်ဖြန်ဆိုရင် သူမနှင့် ဂုဏ်ရှိန်ရဲ့မင်္ဂလာပွဲကြီး ကျင်းပ တော့မည်။ ဒီမင်္ဂလာပွဲမပြီးမချင်း သူမစိတ်တွေ သောကပူတွေနှင့် ချောက်ချားနေခဲ့ရသည်။

ဂုဏ်တို့အိမ်နားအထိတောင် ရဲရဲတင်းတင်းရောက်လာသော နန်းစံထိပ်ထားကို သူမ မယုံပါ။ တီလေးကလည်း သူ့ဘက်က ဖြစ် နေသည်။

အားလုံးက သူမနှင့်ဂုဏ်ကို ဝေးအောင်ကြိုးစားနေကြတာ သေချာနေပြီ။ သူမ ဒီစိတ်တွေနှင့် အအိပ်အစားတွေ ပျက်ခဲ့ရသည်။ ကိုယ့်ကိုယ်ကိုတောင် ဆင်ဆင်ပြင်ပြင် မနေနိုင်ခဲ့တဲ့အထိ။





"မင်းကို ငါမချစ်ဘူး ချစ်ရေစင်၊ ဒီနေ့ပဲ ငါ နန်းစံနဲ့ လက်မှတ်ထိုးလိုက်ပြီ"

"မဟုတ်ဘူး ဂုဏ်"

အိပ်မက်ဆိုးက လန့်နိုးလာတော့ သူမတစ်ကိုယ်လုံး ချွေး တွေ ရွှဲနစ်နေသည်။

သူမ အိပ်ပျော်သွားခဲ့တာပါလား။ ချောက်ချားတုန်ယင်နေ သောစိတ်ကို ပြေစေရန် ရေသောက်ပေမယ့် မပြေခဲ့ပါ။

မနက်ဖြန် မင်္ဂလာပွဲ။

အိပ်မက်တွေက မကောင်းပါလား။

ဒီည နောက်ဆုံးည။

အိပ်မက်ထဲကလို ဂုဏ် သူမနှင့်အဝေးဆုံးကို ထွက်သွား တော့မှာလား။

စိုးရိမ်သောစိတ်နှင့်အတူ သူမ ဝုန်းခနဲထရပ်ကာ အခန်းထဲမှ ပြေးထွက်ခဲ့သည်။

ရပ်ထားသောကားပေါ်သို့ တက်ကာ သူမ ဂုဏ်တို့ အိမ်သို့ မောင်းထွက်ခဲ့သည်။ ညနှစ်နာရီကျော်ပြီမို့ လမ်းမပေါ်မှာ တိတ်ဆိတ် ရှင်းလင်းနေသည်။

ကားအရှိန် သူမ မြှင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာ နန်းစံဇာ်မျက်နှာက ထင်ဟပ်လာခဲ့သည်။

'ပွမ် ပွမ်'

စူးရှသောကားမီးရောင်ကြောင့် သူ့မျက်လုံးတွေ ပြာဝေသွားရကာ အထိတ်တလန့်နှင့် စတီယာရင်ဘီးကို လှည့်ချလိုက်သည်။

'ဝုန်း'

အရှိန်မြင့်သွားနေသော သူ့မကားက လေထဲသို့ မြောက်တက်သွားသည်ထင်သည်။

'ဒုန်း'

'အုန်း'

ကားလေးက ကတ္တရာလမ်းမပေါ် ကျွမ်ထိုးမှောက်ခုံ လိမ့်သွားသည်။

နာကျင်မှုဝေဒနာတွေက သူ့မခန္ဓာကိုယ်အနှံ့။

'ဂျိမ်း'

'ခွမ်း'

မှောက်လျက်ပြုတ်ကျ ငြိမ်သက်သွားသော ကားလေးထဲက သူ့မခန္ဓာကိုယ်မှာ သွေးတိုးဖြစ်ကာ ပါးစပ်ထဲသို့ စီးဝင်လာသော ငန်ကျိကျိစို့နေသော အရည်တွေရဲ့အရသာကြောင့် အသက်ရှူမှား မတတ် ခံစားလိုက်ရသည်။





သူ့မမျက်ဝန်းထဲမှာတော့ အမှောင်ထုတိုင်းကြီးတစ်ခု။ သူ့မ သွေးရူးသွေးတန်း ရှာဖွေနေမိတာက သူ့မချစ်သော ဂုဏ်ကိုပါ။

❊ ❊ ❊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

တိတ်ဆိတ်နေသော သုသာန်ထဲမှာ အဖြူရောင် အုတ်ဂူ အသစ်လေးတစ်ခု။

မချစ်ရေစင်
အသက် (၂၃) နှစ်

အုတ်ဂူလေးရှေ့မှာတော့ တိတ်ဆိတ်စွာရပ်နေသော လူနှစ်ယောက်။

တစ်ယောက်ကိုတစ်ယောက် လက်ချင်းတွဲထားသည်။





"ပြန်ရအောင်ကလေး"

"စင်စင်က ပြောဖူးတယ်၊ သူက အချစ်နဂါးတ်နဲ့ မွေးလာလို့ သူ့မှာ အချစ်တွေ အလျှံပယ်ရှိနေတာတဲ့၊ ဒါပေမဲ့ . . . သူစားသုံးခဲ့တာတွေဟာ အချစ်တွေမဟုတ်တဲ ယောက်ျားတွေရဲ့အသည်းတွေ ဖြစ်နေတယ်"

"ကလေးပြောတဲ့ စကားအရဆိုရင် သူက အချစ်နဂါးတ်နဲ့ မွေးလာတဲ့သူမှ မဟုတ်တာ၊ အသည်းစားနဂါးတ်တဲ့ မွေးလာခဲ့တာပဲ"

"အသည်းစားနဂါးတ် . . . ဟုတ်လားကိုကို"

"အင်း"

ကျွန်မ ကိုကို့စကားကြောင့် စင်စင်အတွက် ခပ်တိုးတိုးလေး ဆုတောင်းပေးလိုက်သည်။

"ဘဝဆက်တိုင်း အသည်းစားနဂါးတ်နဲ့မွေးတဲ့သူ မဖြစ်ပါစေနဲ့ စင်စင်ရယ်"

တွဲထားသောချစ်သူ၏လက်က ပိုပြီး နွေးထွေးခိုင်မြဲသလို ခံစားရသည်။

**ခေတ်ပျိုဖြူ**

***ပရိသတ်များအား အမြဲတမ်းရ***

***လေးစားတန်ဖိုးထားလျက်***

Facebook.Khit Pyo Phyu

Likepage. ခေတ်ပျိုဖြူ

www.burmeseclassic.com

www.burmeseclassic.com

စေတနာမိုးလ ၂၀၀၅ ထုတ်

ဝတ္ထုတိုများ

မမသဒ္ဒါမောင်

အသက်လို

ကြယ်စင်မှူးဝေ

မျှော်ဝင်ကာကြိုး

မယ်ခိုင်

မျှော်ဝင်ပန်း

မိုးစက်ပွင့်

လှေကလေး

အလင်းသစ်

လိုနေတာတစ်ခုတည်း

ခေတ်ပျိုဖြူ

အသည်းစားနက္ခတ်

လှိုင်းကြာဖြူ

သုံးရှုံးခြင်း၏ နောက်ကွယ်မှာ

BURMESE CLASSIC

www.burmeseclassic.com